http://www.dhammadownload.com



## ဂိဟိနိဝတ္ထ လူတို့ဝတ်နည်း

ဆောင် ဆင်-ငါး-လေးခု၊ ထန်းရွက်ရှု၍၊ အတွန့်များစွာ၊ ဤငါးဖြာ၊ ရှောင်ကာ ဝတ်ရမည်၊ ဟတ္ထိသောဏ္ဍက- ဆင်နှာမောင်းနှင့်တူသောဝတ်ခြင်း၊ မစ္ဆဝါဠက-ငါးကြင်းမြီး နှင့်တူသော ဝတ်ခြင်း၊ စတုကဏ္ဏက-လေးခုသောအနားရှိသောဝတ်ခြင်း၊ သတဝလိက-များသော အတွန့်ရှိသောဝတ်ခြင်း။

မအပ်သောဝန် နှစ်ဘက်၌ ဝန်ရှိသော ထမ်းပိုး၊

### အပ်သောဝန် (၆) မျိုး

၁။ တစ်ဘက်၌ ဝန်ရှိသော ထမ်းပိုး၊ ဧကတောဘာရ၊

၂။ အကြား၌ ဝန်ရှိသော ထမ်းပိုး၊ အန္တရာကာဇ၊

၃။ ဦးခေါင်းဖြင့် ရွက်ဆောင်အပ်သောဝန်၊ သီသဘာရ၊

၄။ ပခုံးဖြင့် ရွက်ဆောင်အပ်သောဝန်၊ ခန္ဓဘာရ၊

၅။ ခါးဖြင့် ရွက်ဆောင်အပ်သောဝန်၊ ကဋိဘာရ၊

၆။ လက်ဖြင့် တွဲလဲဆွဲအပ်သောဝန်၊ ဩလမ္ဗက၊

### ဒန်ပူမစားခြင်း အပြစ်(၅)မျိုး

အစက္ခုသံ-မျက်စိ၏အစီးအပွားမဖြစ် (မျက်စိမှုန်လွယ်ခြင်း)၊ မုခံ ဒုဂ္ဂန္ဓံ-ခံတွင်းနံ့မကောင်းခြင်း၊ ရသဟရဏိယော န ဝိသုဇ္ဈန္တိ-အရသာကို ဆောင်သော အကြောမတို့ မစင်ကြယ်၊ ပိတ္တံ သေမှံ ဘတ္တံ ပရိယောနန္ဓတိ-သလိပ်သည်းခြေတို့ ထမင်း (အစာ) ကို ဖြေးယှက်ခြင်း၊ ဘတ္တမဿ နစ္ဆာဒေတိ-ဒန်ပူမစားသူအား ထမင်းမဆာ၊

http://www.dhammadownload.com



ဆောင် ဒန်ပူကို မခဲစားလို့ ရကြမည့် ပြစ်ငါးလီ၊
မျက်စိမှုန် အာပုပ်လှောင်း ထောင်းထလို့ညှို၊
ဟာရဏီ ဆောင်ယူသည့် ရသာကြော မရှင်းမစင်ကြွယ်လို့
ခဲဘွယ်မှာ သလိပ်နှောတယ် စားစိတ်မစော၊

ဒန်ပူပမာဏ

အလွန်ဆုံး လက်ရှစ်သစ်၊ အငယ်ဆုံး လက်လေးသစ်၊
မီးကြိုပြုချိန် တောမီးလောင်မှသာ ပြုရမည်၊

သစ်ပင်တက်နိုင် မတက်နိုင်

ထင်းခြောက်ချိုးခြင်း စသောပြုဘွယ်ရှိလျှင် တစ်ရပ်တစ်သူ အတိုင်းအရှည်တိုင်အောင် တက်နိုင်သည်၊ ဘေးရန်ရှိလျှင်ကား အလိုရှိသလောက် တက်နိုင်ပါသည်၊

မာဂဓဘာသာကို သက္ကတဘာသာပြန်လိုသူ

ယမေဠ ကေကုဋ္ဌာ နာမ ဘိက္ခူ ဒွေဘာတိကာ ဗြာဟ္မဏဇာတိကာ ကလျာဏဝါစာ ကလျာဏဝါက္ကရဏာ၊ ၂၈၀

သကာယ နိရုတ္တိယာ-ကို ထောက်၍ ဗုဒ္ဓဝစနကို မြန်မာဘာသာဖြင့် တင်နိုင်သည် သက္ကတဘာသာဖြင့် မတင်ရ၊

ဗုဒ္ဓဝစနံ ဒူသေန္တိ နာနာနာမာ နာနာဂေါတ္တာ နာနာဇစ္စာ နာနာကုလာ ပဗ္ဗဇိတာ၊ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ၊

လောကာယတကျမ်း မသင်ယူသင့်

အပိနု ခေါ် ဘိက္ခဝေ လောကာယတေ သာရဒဿာဝီ

http://www.dhammadownload.com



ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇေယျာတိ၊

"သက်တော်ရာကျော် ရှည်စေသော်"ဟု ပြောဆိုခြင်းဟူသော အကြောင်းကြောင့် အသက်ပို၍ မရှည်နိုင်သောကြောင့် မပြောသင့်၊ ၂၈၁

ဇီဝတု ဘန္တေဟု ဆိုနိုင်ရာအခါ

လူတို့က "ဇီဝထ ဘန္တေ" ဟု ဆိုလျှင်ကား " စိရံ ဇီဝ "ဟု ဆိုနိုင်သည်၊

ကြက်သွန်ဖြူ မစားသင့်သောအကြောင်း

မြတ်စွာဘုရား၏ တရားစကားမှ အပပြုအပ်သောကြောင့်၊

အရှင်သာရိပုတြာ လေနာရောဂါ ကြက်သွန်ဖြူဆေး၊

ဥလ္လိတ္တာဝလိတ္တကုဋိပညတ်ခြင်းအကြောင်း

မြက်မှုန်ကျသောကြောင့်၊ ၂၈၃

ခွင့်ပြုအပ်သောဘဏ္ဍာ

ဟာရဏီ သန္ထိ ပလ္လင်္ကံ၊ ဒါရုပတ္တဠ္ဌ ပါဒုကံ၊

ကတကံ ကုဋ္ဌကာရဋ္ဌ၊ အနုညာသိ မဟာမုနိ၊

၁။ ပုတ်ခတ်ကြောင်းလက်နက်မှတစ်ပါး အလုံးစုံသော သံဘဏ္ဍာ၊

၂။ လက်လေးသစ်ထက်မြင့်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်၊ ခြသေ့် သစ်ကျားစသော သားရဲရုပ် ရှိသော ပလ္လင်၊ သစ်သားသပိတ်၊ သစ်သားခြေနင်းမှ တစ်ပါး အလုံးစုံသော သစ်သားဘဏ္ဍာ၊ ၂၈၅

http://www.dhammadownload.com



၃။ ပဒုမ္မာကြာချပ်သဏ္ဍာန်ရှိသော ခြေပွတ်၊ အိုးထိန်း သည်တို့၏ ဘဏ္ဍာမှတစ်ပါး အလုံးစုံသော မြေညက်ဘဏ္ဍာကို ခွင့်ပြုတော်မူပါသည်၊ ၂၈၅

ဘဏ္ဍာပေါမျှားချိန် ဥရုဝေလကဿပ ရဟန်းပြုချိန်၊

၁၃၄၈-ခု အနက်ပေး

သုသိက္ခိတော ဝိနယဓရော၊ ဟိတစိတ္တော သုပေသလော၊ ပဒီပကရဏော ဓီရော၊ ပူဇာရဟော ဗဟုဿုတော၊ ၂၈၉

## ၆။ သေနာသနက္ခန္ဓက

ပဥ္စမဆုံးကျောင်းဒကာ ရာဇဂြိုဟ်သူဌေး၊

ကျောင်းအရေအတွက် ၆၀၊ ၂၉၀

ကျောင်းလှူရခြင်းအကြောင်း

ရာဇဂဟကော သေဋ္ဌိ တေ ဘိက္ခူ ကာလဿေဝ တတော တတော ဥပနိက္ခမန္တေ အရညာ ရုက္ခမူလာ ပဗ္ဗတာ ကန္ဒရာ ဂိရိဂုဟာ သုသာနာ ဝနပတ္ထာ အဗ္ဘောကာသာ ပလာလပုဉ္ဇာ ပါသာဒိကေန အဘိက္ကန္တေန ပဋိက္ကန္တေန အာလောကိတေန ဝိလောကိတေန သမိဉ္ဇိတေန ပသာရိတေန ဩက္ခိတ္တစက္ခူ ဣရိယာပထသမ္ပန္နေ၊ ဒိသွာန စိတ္တံ ပသီဒိ (တေန)

လေဏ-ကိန်းအောင်းရာ အဆောက်အဦး (၅)မျိုး

ရောက်လာပြီး မရောက်လာသေးသော အရပ်လေးမျက်နှာ၌ နေသော သံဃာကို လှူပါ၊ ၂၉၁

http://www.dhammadownload.com



## ကျောင်းဒကာ ရည်ရွယ်ချက်

ကောင်းမှုကို လိုလားသည် နတ်ပြည်ကို လိုလားသည် ဖြစ်၍ လှူသည်၊ ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာကို မြင်၍လှူပါသည်၊ ကျောင်းထိုင်သင့်သူ များသောသုတရှိသူ၊

## ကျောင်းအကျိုး

အအေး အပူ ခြင်္သေ့သစ်ကျားစသော သားကောင် မှက်ခြင် သိသိရဥတု၌ ရွာသောမိုး ဆောင်းတွင်းလေ မကြာမကြာ ရွာသောမိုး နွေအခါ၌ ကောင်းစွာဖြစ်သော ကြမ်းတမ်းသော လေနေပူတို့ကို ပယ်ရှားတားမြစ်နိုင်သည်၊ ၂၉၁

## ဆရာဒကာ အညမည ကျင့်သုံးရမည့်တာဝန်

ဖြောင့်မတ်သော ကျောင်းထိုင်ဘုန်းကြီးအား အထူး ကြည်လင်သောစိတ်ဖြင့် စားဘွယ် သောက်ဘွယ် အဝတ်အိပ်ရာ နေရာတို့ကို ပေးလှူရမည်၊ကျောင်းထိုင်ဘုန်းကြီး ကလည်း ကျောင်းဒကာအား အလုံးစုံသော ဝဋ္ဋဒုက္ခကို ပယ်နိုင်သောတရား ဟောကြားရမည်၊ ၂၉၂

## ကျောင်းဒကာ တမလွန်အကျိုး

အာသဝေါကင်းကွာ ရဟန္တာ ဖြစ်နိုင်ပါသည်၊

## သံကောက်(၃)မျိုး

သံဖြင့် ပြုအပ်သော သံကောက်၊ သစ်သားဖြင့် ပြုအပ်သော သံကောက်၊ သားချိုဖြင့် ပြုအပ်သော သံကောက်၊

http://www.dhammadownload.com



## အတွင်းလိမ်းခြင်း အပလိမ်းခြင်းအကျိုး

မြက်မှုန် မကျခြင်း၊ အေးရာအခါ၌ နွေး၍ ပူရာအခါ၌ အေးခြင်း အကျိုးရှိပါသည်၊ ၂၉၃

## ဝါတပါန လေသောက်ပြွတင်း(၃)မျိုး

၁။ ပွတ်တိုင်ဖြင့် ပြုအပ်သော လေသောက်ပြွတင်း၊
ဝေဒိကာဝါတပါန်၊

၂။ ဇာ(ကွန်ယက်)ဖြင့် ပြုအပ်သော လေသောက်ပြွတင်း၊
ဇာလဝါတပါန်၊

၃။ ဝါးခြမ်းစိတ်ဖြင့် ပြုအပ်သော လေသောက်ပြွတင်း၊
သလာကဝါတပါန်၊

## မဉ္စ ပီဌ(၄)မျိုး

မသာရက-ထွင်းအပ်သော အခြေရှိသော မဉ္စပီဌ၊

ဗုန္ဒိကာဗန္ဓ-အခြေ၌ ဖွဲ့စပ်ညှပ်ထားအပ်သော အပေါင်ရှိသော မဉ္စပီဌ၊

ကုဠီရပါဒက-ပုဇွန်မြင်းခြေ ယွင်းမသွေသည့် အခြေရှိသော မဉ္စပီဌ၊

အာဟစ္စပါဒက-အပေါင်ထွင်း၍ သွင်းအပ်သော အခြေရှိသော မဉ္စပီဌ၊

## ပီဌ-ထိုင်ခုံ (၄)မျိုး

အာသန္ဒိကော-လေးထောင့်ရှိသောအင်းပျဉ်၊

မြင့်သောအခြေရှိသော လေးထောင့်အင်းပျဉ်၊

http://www.dhammadownload.com



သတ္တင်္ဂ-အခြေ ၄-ဘက်၊ လက်တင် ၂-လီ၊ နောက်မှီတစ်ပါး၊ ၇-ပါးသော အင်္ဂါရှိသောအင်းပျဉ်၊ ဥစ္စကော သတ္တင်္ဂေါ၊ ဘဒ္ဒပီဌ-ကြိမ်ဖြင့် ပြုအပ်သောအင်းပျဉ်၊ ပီဌိကံ-အဝတ်တို့ဖြင့် ဖွဲ့ကြက်အပ်သော အင်းပျဉ်၊ ဧဠကပါဒကံ-သိုး၏ခြေကဲ့သို့သော အခြေရှိသော အင်းပျဉ်၊ အာမလကဝဋ္ဋကံ - ရှစ်ရှားသီးသဏ္ဌာန် ခြေထောက်များစွာပါသော ဝိုင်းသော အင်းပျဉ်၊ ပလာလပီဌံ ကောက်ရိုးအင်းပျဉ်၊ ၂၉၄

ညောင်စောင်းအခြေပမာဏ လက်(၈)သစ်၊

လဲ (၃)မျိုး

ဆောင် ရုက္ခ-လတာ၊ ပေါဋကာ၊ မှတ်ပါ လဲသုံးမျိုး၊

၁။ ရုက္ခတူလ်-လက်ပံပင်စသော သစ်ပင်မှဖြစ်သောလဲ၊

၂။ လတာတူလ်-နွယ်မှဖြစ်သောလဲ၊

၃။ ပေါဋကိတူလ်-ဖေါင်းခါးစသော မြက်မျိုးမှဖြစ်သောလဲ၊

ခေါင်းအုံးပမာဏ

ထက်ဝက်သော ကိုယ်ပမာဏရှိသော ခေါင်းအုံးမအပ်၊ ဦးခေါင်းပမာဏရှိသော ခေါင်းအုံး အပ်ပါသည်၊

ဘိသိ ဘုံလျှို (၅)မျိုး

၁။ ဥဏ္ဏာဘိသိ- သားမွေးအဆာရှိသော ဘုံလျှို၊

၂။ စောဠဘိသိ- အဝတ်အဆာရှိသော ဘုံလျှို၊

၃။ ဝါကဘိသိ- လျှော်တေအဆာရှိသော ဘုံလျှို၊

၄။ တိဏဘိသိ- မြက်အဆာရှိသော ဘုံလျှို၊ ၂၉၅

http://www.dhammadownload.com



၅။ ပဏ္ဏာဘိသိ- သစ်ရွက်အဆာရှိသော ဘုံလျို၊

အခန်း(၃)မျိုး

၁။ သိဝိကာဂဗ္ဘ-လေးထောင့်စပ်စပ်အခန်း၊

၂။ နာဠိကာဂဗ္ဘ-ရှည်သောအခန်း၊ ၂၉၈

၃။ ဟမ္မိယဂဗ္ဘ-အထွင့်မပါသော ဦးပြည်းအခန်း၊

အခန်းဖွဲ့ရမည့် နေရာ

ခုဒ္ဒကေ ဝိဟာရေ ကေမဇ္ဈေ ဂဗ္ဘံ ကာတုံ၊ မဟလ္လကေ မဇ္ဈေ၊

မျက်နှာကြက် ခွင့်ပြုခြင်းအကြောင်း

မြက်အမိုးမှ ရဟန်း၏ပခုံးထက်သို့ မြွေကျလာ၍ ရဟန်းသည် လန့်အော်လိုက်ရာ အခြားရဟန်းများ ပြေးလာကြသောကြောင့်၊

ပရိတ္တာဏကိဋိကံ- မိုးရေကို စောင့်ရှောက်တတ်သော ထန်းရွက် စသည်ဖြင့် ပြုအပ်သော အပြား၊ ၂၉၈

ဥဒ္ဒသုစံ-နယ်အပ်သော အင်္ကတေမြေညက်ရှိသော အကာ၊

အာဠိန္ဒံ-ဆင်ဝင်၊ ပဃနံ-ခွေးအိပ်ခြေနင်းခုံ၊

ပကုဋ္ဋ-ကြောင်လည်ခန်း၊ ဩသာရက-စမြင်၊

မီးဖိုဆောင် ခွင့်ပြုခြင်းအကြောင်း

ပရိဝုဏ်အတွင်း ထိုထိုအရပ်ဝယ် မီးဖိုလုပ်ကြ၍ အမှိုက်ပေါ သောကြောင့်၊

ဝါဋ္ဌ တားမြစ်အပ်သော အကာအရံ (၃)မျိုး

ဝါးဖြင့်ပြုအပ်သော အကာအရံ၊ ဆူးဖြင့်ပြုအပ်သော အကာအရံ၊

http://www.dhammadownload.com



ကျုံးဖြင့်ပြုအပ်သောအကာအရံ

အမိုး(၅)မျိုး

ဆောင် အုတ် ကျောက် သစ်ရွက်၊ အက်တေ မြက်၊ မှတ်ချက် အမိုးပြား၊ ဗိမ္ဗိသာဟု၊ တောင်းပန်မှု ခွင့်ပြု အမိုးငါး၊ အနာထပိဏ်နှင့် ရာဇဂြိုဟ်သူဌေး နှမ၏လင် (ယောက်ဖ)၊

အာဝါဟ ဝိဝါဟအထူး

အာဝါဟ-သတို့သမီးကို မိမိအိမ်သို့ ဆောင်ယူခြင်း၊ (သမီးယူ)
ဝိဝါဟ-မင်္ဂလာအစီအရင်ဖြင့် သမီးကို သူတပါးအိမ်ပို့ခြင်း (သမီးပေး)၊
ကြားရန်ပင်ခဲယဉ်းသောအသံ ဘုရား ဘုရား ဟူသော အသံ၊

အနာထပိဏ်သူဌေးသည် ဘုရား၌ဖြစ်သော သတိဖြင့် အိပ်ပြီး လင်းပြီအထင်ဖြင့် ၃-ကြိမ်နိုး၍ သုသာန်တံခါးဖြင့် ဘုရားဖူး သွားပါသည်၊

အမနုဿာအရ တရားထူးရပြီးသော အရိယာနတ်၊ သာရဏ္ဍဒ္ဒိ အရောင်အလင်းကွယ်ချိန် မြို့မှထွက်ချိန်၊

ခြေတစ်လှမ်း ကုဋေတစ်သန်း

ဆင်ရတနာ တစ်သိန်း၊ မြင်းရတနာ တစ်သိန်း၊ အဿတိုရ် မြင်းကသော ရထား တစ်သိန်း၊ ပဒမြားနားချောင်း ဝတ်ဆင်ထား သော အမျိုးသမီးရတနာ ကညာတစ်သိန်းတို့သည် ဘုရားဖူး သွားသူ ခြေတစ်လှမ်း၏ ၁၆-စိတ် ၁၆-ပြန်စိတ်၍ တစ်စိတ်သော အဘို့ကိုမျှ (၂၅၆ စိတ် တစိတ်မျှ) မထိုက်တန်ပါ။

အနာထပိဏ်သူဌေး တရားရရာအရပ် ယင်းတိုက်တော၊

http://www.dhammadownload.com



အနာထပိဏ်သူဌေး၏ ငယ်နာမည် သုဒတ္တ၊
ကစ္စိ ဘဂဝါ သုခံ သယိတ္ထ
သဗ္ဗဒါ ဝေ သုခံ သေတိ၊ ဗြာဟ္မဏော ပရိနိဗ္ဗုတော၊
ယော နလိမ္ပတိ ကာမေသု၊ သီတိဘူတော နိရူပဓိ၊
သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟဒယေ ဒရံ၊
ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသော။

အနာထပိဏ်သူဌေးအား ဆွမ်းစရိတ်ထုတ်ပေးလိုသူ
ရာဇဂြိုဟ်သူဌေး ရာဇဂြိုဟ်မြို့ရှိ နိဂုံးသူဌေး ဗိမ္ဗိသာရမင်း၊
ဗုဒ္ဓသီတင်းသုံးလိုသောအရပ် ဆိတ်ငြိမ်ရာအရပ်၊

အနာထပိဏ်သူဌေးဂုဏ်
များသောမိတ်ဆွေရှိခြင်း များသော သဟာယ်ချင်းရှိခြင်း၊
နာယူထိုက်သော စကားရှိခြင်း၊

အနာထပိဏ်သူဌေး တိုက်တွန်းမှု
အာရာမေ အယျာ ကရောထ၊ ဝိဟာရေ ပတိဋ္ဌာပေထ၊
ဒါနာနိ ပဋ္ဌပေထ၊ ဗုဒ္ဓေါ လောကေ ဥပ္ပန္နော၊ သောစ မယာ ဘဂဝါ
နိမန္တိတော၊ ဣမိနာ မဂ္ဂေန အာဂစ္ဆိဿတိတိ၊

သာဝတ္ထိမှ အပြန်ခရီး၌ လှူဖွယ်ပစ္စည်း
အသပြာတစ်သိန်း၊ တစ်သိန်းထိုက်သောဘဏ္ဍာ၊ (အဌကထာ)
ကျောင်းတော်ရာရွေးပုံ မဟာဝါနှင့်တူ၊
ကျောင်းဆောက်ရာအရပ် ဇေတမင်းသားဥယျာဉ်၊

http://www.dhammadownload.com



## ကျောင်းမြေအတွက် ကုန်ကျစရိတ်

အသပြာစွန်းချင်း ထိအောင်ခင်း၍ဝယ်ပါသည်၊ (၁၈-ကုဋေ)

မုခ်ဦးအလှူရှင် ဇေတမင်းသား၊

### မုခ်ဦးလှူခြင်းအကြောင်း

ထိုမျှလောက် များစွာသောငွေကို စွန့်ကြဲသော အလှူသည် (စွန့်ကြဲရာ သာသနာ တော်သည်) အောက်တန်းစား မဖြစ်နိုင်-ဟု ကြံ၍လှူပါသည်၊

### မုခ်ဦးလှူခွင့် ပေးခြင်းအကြောင်း

ဤသို့သဘောရှိသော ထင်ရှားသောလူတို့၏ ဤသာသနာ တော်၌ ကြည်ညိုခြင်းသည် များသောအကျိုးရှိ၏-ဟုကြံ၍ လှူခွင့်ပေးပါသည်၊

### ဇေတဝန်ကျောင်းတိုက် အဆောက်အဦး(၁၅)မျိုး

ဝိဟာရ၊ ပရိဝေဏ ကောဋ္ဌက ဥပဋ္ဌာနသာလာ အဂ္ဂိသာလာ ကပ္ပိယကုဋိ ဝစ္စကုဋိ စင်္ကမ စင်္ကမနသာလာ ဥဒပါန ဥဒပါနသာလာ ဇန္တာဃရ ဇန္တာဃရသာလာ ပေါက္ခရဏီ မဏ္ဍပ၊

နဝကမ္မလုပ်မပေး၍ကဲ့ရဲ့သူ ဆင်းရဲသော အပ်ချုပ်သမား၊

### အဂ္ဂါသနထိုက်သူ

မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ဂဟပတိမျိုးမှ ရဟန်းပြုသူ၊ သုတ္တန်ဆောင်၊ ဝိနည်းဓိုရ်၊ ဓမ္မကထိကရဟန်း ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ရသူ၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ၊

http://www.dhammadownload.com



ဝိဇ္ဇာ ၃-ပါး ရသူ၊ အဘိညာဉ် ၆-ပါးရသူ၊
သဟာယ်ချင်းသုံးယောက် ဆင် မျောက် ခါ၊

## ဆင်တင်ပြချက်

မိတ်ဆွေတို့ ငါဆင်ပေါက်စ ဖြစ်စဉ်က ဤပညောင်ပင်ကို ပေါင်နှစ်လုံးကြားမှာ ထားပြီး ကျော်လွှားသည့်အခါ အညွန့်ဖျားသည် ငါ၏ဝမ်းဗိုက်ကို ထိ၏၊

## မျောက်တင်ပြချက်

မိတ်ဆွေတို့ ငါ မျောက်ကလေးဘဝက မြေကြီးပေါ်ထိုင်ပြီး ဤပညောင်ပင်၏ အညွန့်ဖျားကို ခဲစားခဲ့သည်၊

## ခါတင်ပြချက်

မိတ်ဆွေတို့ ထိုမည်သောအရပ်ရှိ ပညောင်ပင်၏ အသီးကိုစားပြီး ဤအရပ်မှာ ကျင်ကြီးစွန့်ရာမှ ဤပညောင်ပင်ကြီး ပေါက်လာခြင်းဖြစ်သည်၊

## တိတ္တိရိယ ဖြဟ္မစရိယ

တိတ္တိရော မဂ္ဂုန္တ ဟတ္ထိနာဂဉ္စ ပဥ္စသု သီလေသု သမာဒပေသိ၊ အတ္တနာစ ပဥ္စသု သီလေသု သမာဒါယ ဝတ္တတိ၊ တေ အညမည့် သဂါရဝါ သပ္ပတိဿာ သဘာဂဝုတ္တိကာ ဝိဟရိတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိံသု၊

http://www.dhammadownload.com



## ခါကြီးကြောင်းသိ၍ ဆင်မျောက်တို့ကပြောကြ

တွံ့ သမ္မ အမှာကံ ဇာတိယာ မဟန္တတရော၊ တံ မယံ သက္ကရိဿာမ ဂရုံ ကရိဿာမ မာနေဿာမ ပူဇေဿာမ၊ တုယှဉ္စ ဩဝါဒေ ပတိဋ္ဌဟိဿာမ၊

## အဂ္ဂါသနထိုက်သူ

ယထာဝုမ္ဍံ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ အဂ္ဂါသနံ အဂ္ဂေါဒကံ အဂ္ဂပိဏ္ဍံ၊

## မထိုင်ကောင်း မအိပ်ကောင်းသောအခင်း (၃)မျိုး

အာသန္ဒိ ပလ္လင်္ကော တူလိကာ၊

## ထိုင်ကောင်း မအိပ်ကောင်းသော အခင်း(၁၇)မျိုး

အာသန္ဒိ ပလ္လင်္က တူလိက-မှ တစ်ပါးသော ဂေါနကစသော ဥစ္စာသယန မဟာသယန(၁၇)မျိုး၊ တူလောနဒ္ဓဂိဟိဝိကတ မဉ္စပီဌ မထစေထိုက်သူ စား၍ မပြီးသေးသူ၊ ဂိလာနရဟန်း၊

## စား၍မပြီးသေးသူကို အထခိုင်းလျှင်

ဒုက္ကဋ်အာပတ်၊ ပဝါရိတ်သင့်ပြီးသည်ဖြစ်၍ ရေခတ်ခိုင်း ရမည်၊ ရေခတ်ခိုင်း၍မရလျှင် ကောင်းစွာ ဆွမ်းလုံးတို့ကို မျိုချ၍ သီတင်းကြီးရဟန်းအား နေရာပေးရမည်၊

## သီတင်းကြီးကို ခိုင်းနိုင်ရာအခါ

စား၍မပြီးသေးသော ရဟန်းကို အထခိုင်းရာအခါ၌

http://www.dhammadownload.com



## သေနာသနဝ္ဂါဟာပကာသမ္မုတိအင်္ဂါ(၅)ပါး

အဂတိလေးပါး မလိုက်စားခြင်း၊ ယူအပ်ပြီးသောကျောင်း၊ မယူအပ်သေးသော ကျောင်းကိုသိခြင်း၊ ၃၁၅

## ကျောင်းကိုယူစေပုံ

ပဌမံ ဘိက္ခူ ဂဏေတုံ၊ ဘိက္ခူ ဂဏေတွာ သေယျာ ဂဏေတုံ၊ သေယျာ ဂဏေတွာ သေယျဂ္ဂေန ဂါဟေတုံ၊ ဝိဟာရဂ္ဂေန ပရိဝေဏဂ္ဂေန ဂါဟေတုံ၊ အနုဘာဂမ္ပိ ဒါတုံ၊ ၃၁၇

ကျောင်းကိုမယူစေသင့်သူ ဥပစာရ သိမ်ပြင်ပ၌ တည်သူ၊

## ကျောင်းကိုတားမြစ်နိုင်ရာအခါ

မိုးတွင်းသုံးလပတ်လုံး တားမြစ်နိုင်သည်၊

ဆောင်း နွေ ဥတုကာလပတ်လုံး မတားမြစ်နိုင်၊

## ကျောင်းအိပ်ရာနေရာယူစေခြင်း (၃)မျိုး

ပုရိမက-ပုရိမဝါ၌ ကျောင်းကိုယူစေခြင်း (ဝါဆိုလဆုတ် ၁ ရက်)

ပစ္ဆိမက-ပစ္ဆိမဝါ၌ ကျောင်းကိုယူစေခြင်း (ဝါခေါင်လဆုတ် ၁ ရက်)

အန္တရာမုတ္တက-ပုရိမဝါ ပစ္ဆိမဝါတို့၏အကြား၌ အလွတ်ဖြစ်သော ကျောင်းကိုယူစေခြင်း၊ (သီတင်းကျွတ်လဆုတ် ၁-ရက်)

အလိုကြီး၍အရနည်းသူ ဥပနန္ဒ သကျပုတ္တ၊

ထိုရွာငယ်၌ ကျောင်းကိုယူလျင် ဤသာဝတ္ထိမြို့၌ လွတ်ပြီ၊

ဤသာဝတ္ထိမြို့၌ ကျောင်းကိုယူလျင် ထိုရွာငယ်၌ လွတ်ပြီ၊

http://www.dhammadownload.com



## ဥပါလိထံ ဝိနည်းသင်ကြခြင်းအကြောင်း

မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် ဝိနည်းနှင့် စပ်သောစကားကို ပြောခြင်း၊ ဝိနည်း၏ဂုဏ်ကို ပြောခြင်း၊ ဝိနည်း သင်ခြင်း၏ ဂုဏ်ကိုပြောခြင်း၊ အရှင်ဥပါလိကို ညွှန်ပြ၍ ဂုဏ်ကို ပြောဆိုခြင်းကြောင့်၊

ဝိနည်းသင်ယူသူများ ထေရ နဝ မဇ္ဈိမ၊

## ဝိနည်းကို သင်ယူပို့ချကြ

သီတင်းငယ်က စာချလျှင် ညီမျှသောနေရာ၌ထိုင်ပါ၊ တရားတော်ကို ရိုသေလေးစားခြင်းကြောင့် မြင့်သောနေရာ၌လည်း ထိုင်နိုင်သည်၊ ထေရ်က စာလိုက်လျှင် ညီမျှသောနေရာ၌ ထိုင်ပါ၊ တရားတော်ကို ရိုသေလေးစားခြင်းကြောင့် နိမ့်သောနေရာ ၌လည်း ထိုင်နိုင်သည်၊

## သမာနာသနိက

၃-ဝါတို့၏အကြား၌ရှိသော ရဟန်း(၂-ဝါကြီး ၂-ဝါငယ် ရဟန်း)တို့နှင့်အတူ ထိုင်နိုင်သည်၊ ၈-ဝါရသော ရဟန်းသည် ၆-ဝါ၊ ၇-ဝါ၊ ၉-ဝါ၊ ၁၀-ဝါရ ရဟန်းတို့နှင့်အတူ ထိုင်နိုင်သည်၊

## အတူထိုင်နိုင်သူ

ပဏ္ဍုက် မာတုဂါမ ဥဘတော ဗျည်းမှတစ်ပါး တူသောနေရာ မရှိသူတို့နှင့်အတူ ထိုင်နိုင်သည်၊ ၃၂၀

ဒီဃာသန ၃-ပါးထိုင်လောက်သောနေရာ၊

http://www.dhammadownload.com



## အကပ္ပိယဘဏ္ဍာ ပေါ်များချိန်

ပသေနဒီကောသလမင်း၏ အဖွားသေရာအခါ၊

## အကပ္ပိယဘဏ္ဍာ အသုံးပြုနည်း

အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ၊ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ၊ တူလိကံ ဝိဇဋေတွာ ဗိမ္ဗောဟနံ ကာတုံ၊ အဝသေသံ ဘူမတ္ထရဏံ ကာတုံ၊

## သံဃိက သေနာသနကို ရဟန်းတစ်ပါးကိုပေးခြင်း

အာဂန္တုက ဂမိကရဟန်းတို့အား အိပ်ရာနေရာ ခင်းပေးရသည့်အတွက် အာဝါသိက ရဟန်းတို့ နှိပ်စက်အပ်သောကြောင့်၊

## အဝိဿဇ္ဇိယ အဝေဘင်္ဂိယဝတ္ထု(၂၅)

၁။ သစ်သီးအာရာမ် ပန်းအာရာမ်၊ အာရာမ်၏ တည်ရာမြေ၊

၂။ ဝိဟာရော၊ ဝိဟာရဝတ္ထု၊

၃။ မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနံ၊

၄။ လောဟကုမ္ဘီ-သံအိုး ကြေးအိုး၊ လောဟဘာဏကံ-သံအိုးစရည်း ကြေးအိုးစရည်း၊ လောဟဝါရကော - သံရေအိုး ကြေးရေအိုး လောဟကဋာဟံ - သံဖျဉ်းအိုး ကြေးဖျဉ်းအိုး၊ ဝါသိ-ပဲခွပ်(ဒါး)၊ ပရသု-ပုဆိန်၊ ကုဌာရီ-ဒါးမ၊ ကုဒါလော-ပေါက်တူး၊ နိခါဒနံ-ဆောက် (စူး)၊

၅။ ဝလ္လိ-ကြိမ်စသောနွယ်၊ ဝေဠု-ဝါး၊ မုဉ္ဇ-ဖြူဆံမြက်၊ ပဗ္ဗဇံ-ပြိန်းမြက်၊ တိဏံ-ကွင်းသောမြက်မျိုး၊ ဒါရုဘဏ္ဍံ-သစ်သား

http://www.dhammadownload.com



ဘဏ္ဍာ၊ မတ္တိကာဘဏ္ဍံ-မြေညက် ဘဏ္ဍာ၊
လဲလှယ်ခြင်း၏ အစွမ်းဖြင့်စွမ်းဖြင့်
စွန့်လျှင် ဝေဘန်လျှင် အပ်ပါသည်၊

သံဃိကပစ္စည်း စွန့်သူ ဝေဘန်သူ
သာဝတ္ထိမြို့နေ အာဠဝိသိရဟန်းတို့ စွန့်ကြ၍၊
ကီဋာဂိရိဇနပုဒ်နေ အဿဇိပုနဗ္ဗသုကတို့ ဝေဘန်ကြသည်၊

နိသျ ပိဏ္ဍာနိကွေပနမတ္တ-အက်တေ မြေညက်ဆိုင် ကို ထားခြင်းကိစ္စမျှကြောင့်၊ ကုဋ္ဋလေပနမတ္တ-နံရံကိုလိမ်းကျံခြင်း ကိစ္စမျှကြောင့်၊ ဒွါရဋ္ဌပနမတ္တ-တံခါးကို တပ်ထားခြင်း ကိစ္စမျှကြောင့်၊ အဂ္ဂဠဝဋ္ဋိကရဏမတ္တ-တံခါးတိုင်ကို ပြုခြင်းကိစ္စမျှကြောင့်၊ သေတဝဏ္ဏကရဏမတ္တ-ဖြူသောအဆင်းရှိအောင် ပြုခြင်းကိစ္စ၊ အာလောက သန္ဓိကရဏမတ္တ- လေသာပြူတင်းကို ပြုခြင်းကိစ္စ၊ ဆာဒနမတ္တ-အမိုးကို မိုးခြင်းကိစ္စ၊ ဗန္ဓနမတ္တ- ဒုတ်နွယ်စသည်တို့ဖြင့် အမိုးကို ဖွဲ့ချည်ခြင်း၊ ဘဏ္ဍိကာဋ္ဌပနမတ္တ-ခိုနားဘို့ရာ ဘဏ္ဍာငယ် ကို ထားခြင်း၊ ပရိဘဏ္ဍကရဏမတ္တ-နွားချေးစသည်ဖြင့် လိမ်းကျံမှုကို ပြုခြင်း၊ ၃၂၄

နဝကမ္မ မပေးသင့်သူ သိမ်ပြင်ပဌိတည်သူ၊
ပေးရမည့် အမှုသစ်
မပြုရသေးသော အမှုသစ်၊ ပြု၍ မပြီးဆုံးသေးသော အမှုသစ်ကို ပေးပါ၊

http://www.dhammadownload.com



## အမှုသစ်ပေးရမည့်ကာလ

ခုဒ္ဒကေ ဝိဟာရေ ကမ္မံ ဩလောကေတွာ ဆပဉ္စဝဿိကံ နဝကမ္မံ ဒါတုံ၊ အဍ္ဎယောဂေ ကမ္မံ ဩလောကေတွာ သတ္တဋ္ဌဝဿိကံ နဝကမ္မံ ဒါတုံ၊ မဟလ္လကေ ဝိဟာရေ ပါသာဒေဝါ ကမ္မံ ဩလော ကေတွာ ဒသဒွါဒသဝဿိကံ နဝကမ္မံ ဒါတုံ၊

## နဝကမ္မယူပြီး တားမြစ်နိုင်ရာကာလ

ဝါတွင်းသုံးလပတ်လုံး တားမြစ်နိုင်သည်၊ ဆောင်း နွေ ဥတု ကာလပတ်လုံး မတားမြစ်နိုင်၊

## သံဃိက ပုဂ္ဂလိကအခွဲ

နဝကမ္မကိုယူပြီး ကျောင်းမဆောက်ရသေးမီ၊ ကျောင်းဆောက်၍ မပြီးသေးမီ ဖဲသွားခြင်း စသည်တို့၌ သံဃာအတွက် မဆုတ်ယုတ် စေခြင်းငှာ အခြားရဟန်းကို ပေးပါ၊ ကျောင်းဆောက်၍ပြီးမှ အရပ်တစ်ပါး ဖဲသွားလျှင် ဥမ္မတ္တက၊ ခိတ္တစိတ္တ၊ ဝေဒနာဋ္ဋ၊ ဥက္ခိတ္တက သုံးယောက်ဟု ဝန်ခံလျှင် ထိုရဟန်း၏ ဥစ္စာပင်ဖြစ်သည်၊(၇-ဦး) လူထွက်လျှင် ပြန်တော်မူလျှင် သာမဏေ သိက္ခာချသူ ပဏ္ဍုက် ထေယျသံဝါသက တိတ္ထိယပက္ကန္တ တိရစ္ဆာန် ပဉ္စာနန္တရိယ ဘိက္ခုနီဒူသက ဥဘတောဗျည်း၊ ပါရာဇိကကျသူ-ဟု ဝန်ခံလျှင် သံဃိကဖြစ်သည်၊ (၁၆ ယောက်)၊

အခြားကျောင်းရှိပစ္စည်းကို အခိုက်အတန့်မျှသာ သုံးနိုင်သည်၊ ကျောင်းပြိုကျလျှင် လုံခြုံစေခြင်းငှာ ဆောင်ကောင်းသည်၊

http://www.dhammadownload.com



သေနာသန ပရိက္ခာရိက မဟာဝဂ္ဂကမ္မလာ၊ မဟာဝဂ္ဂ ဒုဿကို

တိုးပွားအောင် ပြုအပ်သော ညောင်စောင်းအင်းပျဉ်အကျိုးငှာ လဲလှယ်နိုင်သည်၊

## သတ္တုဒ္ဒေသကရဟန်း ခွင့်ပြုခြင်း

ဆဗ္ဗဂ္ဂီတို့သည် မိမိအတွက် ဆွမ်းကောင်းတို့ကိုယူ၍ ညံ့သောဆွမ်းတို့ကို ရဟန်းတို့အား ပေးကြသောကြောင့်၊

## ဘတ္တုဒ္ဒေသကအင်္ဂါ

အဂတိလေးပါး မလိုက်စားခြင်း၊ ညွှန်ချအပ်ပြီးသောရဟန်း၊ မညွှန်ချအပ်သေးသော ရဟန်းကိုသိခြင်း၊

## ဆွမ်းညွှန်ချပုံ

သစ်သားခြမ်း၊ ဝါးပြားစသည်တို့၌ အက္ခရာတို့ကို ရေးသား၍ စုပေါင်းပြီး (တောင်းစသည်အတွင်း၌ စုပေါင်းမွှေနှောက်ပြီး) ဆွမ်းတို့ကို ညွှန်ချရမည်၊

## သမ္မုတိ(၁၃)ပါး

ဘတ္တုဒ္ဒေသက သေနာသနပညာပက ဘဏ္ဍာဂါရိက စီဝရဘာဇက ယာဂုဘာဇက ဖလဘာဇက ခဇ္ဇကဘာဇက အပ္ပမတ္တကဝိဿဇ္ဇက သာဋိယဂ္ဂါဟာပက ပတ္တဂ္ဂါဟာပက အာရာမိကပေသက သာမဏေရပေသကသမ္မုတိ၊ စီဝရပဋိဂ္ဂါဟက သမ္မုတိ၊

## စီဝရဘာဇကစသည်၌

"ဘာဇိတာဘာဇိတဉ္စ ဇာနေယျ"သာ ထူးပါသည်၊

http://www.dhammadownload.com



အပ္ပမတ္တကဝိဿဇ္ဇက-၌

"ဝိဿဇ္ဇိတာဝိသဇ္ဇိတဥ္စ ဇာနေယျ"သာ ထူးပါသည်၊

အပ္ပမတ္တကဝိဿဇ္ဇကရဟန်း ပေးရမည့်ပစ္စည်း(၁၇)မျိုး

အပ်တစ်ချောင်း၊ ဒါးငယ်၊ ဘိနပ်၊ ခါးပန်းကြိုး၊ ပုခုံးလွယ်၊ ရေစစ်၊ ဓမ္မကရိုဏ်း၊ ရှည်သောအနားပတ်၊ တဝက်တိုသောအနားပတ်၊ အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ်၊ အလျား အနားပတ်၊ အနံအနားပတ်၊ ထောပတ် ဆီ ပျားရည် တင်လဲကို တစ်ကြိမ်လျှက်ခြင်းငှာ ပေးပါ၊

၇။ သံယာဓောဒကကစ္စန္ဒက

လယ်ယာလုပ်ငန်း

၁။ ရှေးဦးစွာ လယ်ကို ထွန်စေခြင်း၊ (၂) စိုက်ပျိုးစေခြင်း၊

၃။ ရေသွင်းခြင်း၊ (၄) ရေထုတ်ခြင်း၊ (၅) ပေါင်းသင်ခြင်း၊

၆။ ရိတ်စေခြင်း၊ (၇) ကောက်နယ်တလင်းသို့ ထုတ်ဆောင်ခြင်း၊

၈။ စုပုံခြင်း၊ ၉။ နယ်ခြင်း၊ ၃၃၆

၁၀။ ကောက်ရိုးများကို ထုတ်ဆောင်စေခြင်း၊

၁၁။ ရိုးတံငယ်တို့ကို ထုတ်ဆောင်စေခြင်း၊

၁၂။ လေ၌ လှေ့ခြင်း၊

၁၃။ စပါးကျီသို့ ရှေးရှုဆောင်ခြင်း၊

"အဟံ တယာ သဒ္ဓိံ ပဗ္ဗဇိဿာမိ" ဟု ဆိုလိုသော်လည်း "အဟံ တယာ" ဟု ပြောပြီးသည်နှင့် တပြိုင်နက် တိုင်းပြည်စည်းစိမ်ကို ကွက်ကနဲမြင်လာရကား ထိုစည်းစိမ်၌ တွယ်တာသော လောဘသည် ဆွဲငင်အပ်သည်ဖြစ်၍ "သဒ္ဓိံ ပဗ္ဗဇိဿာမိ" ဟု မဆိုနိုင်တော့

http://www.dhammadownload.com



ဘဲ "ယထာသုခံ ပဗ္ဗဇ္ဇာဟိ" ဟု ဆိုရလေသည်၊ ဘာသာဋီကာ

ဒေဝဒတ်နှင့်အတူ ရဟန်းပြုသူ

ဘဒ္ဒိယ အနုရုဒ္ဓါ အာနန္ဒာ ဘဂု ကိမိလ ဥပါလိ၊ ၃၃၈

ဥပါလိရဟန်းပြုခြင်းအကြောင်း ဓမ္မပဒနှင့်တူပြီ၊

ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေရခြင်းအကြောင်း

မယံ ဘန္တေ သာကိယာနာမ မာနသိနော၊ အယံ ဘန္တေ ဥပါလိ ကပ္ပကော အမှာကံ ဒီဃရတ္တံ ပရိစာရကော၊ ဣမံ ဘဂဝါ ပဌမံ ပဗ္ဗာဇေတု၊ ဣမဿ မယံ အဘိဝါဒန ပစ္စုဋ္ဌာနအဉ္ဇလိကမ္မ သာမိစိကမ္မံ ကရိဿာမ၊ ဧဝံ အမှာကံ သာကိယာနံ သာကိယ မာနော နိမ္မာနာယိဿတိ၊ ၃၃၉

သာကီဝင်မင်းသားတို့ရသောတရား ဓမ္မပဒနှင့်တူပြီ၊

ရဟန်းများအထင်

နိဿံသယံ ခေါ ဘန္တေ အာယသ္မာ ဘဒ္ဒိယော အနဘိရတော ဗြဟ္မစရိယံ စရတိ၊ တံ ယေဝ ဝါ ပုရိမံ ရဇ္ဇသုခံ သမနုဿရန္တော အရညဂတောပိ ရုက္ခမူလဂတောပိ သုညာဂါရဂတောပိ အဘိက္ခဏံ ဥဒါနံ ဥဒါနေသိ 'အဟောသုခံ အဟောသုခ'န္တိ၊

ဥဒါန်းကျူးခြင်းအကြောင်း

အရှင်ဘုရား တပည့်တော်သည် မင်းဖြစ်စဉ်က နန်းတွင်း နန်းပြင် မြို့တွင်းမြို့ပြင် ဇနပုဒ် အတွင်းအပြင်တို့၌ အစောင့် အရှောက် ကောင်းစွာချထားအပ်သော်လည်း ကြောက်ရွံ့ ထိတ်လန့်

http://www.dhammadownload.com



ရွံ့ရှားခြင်းရှိသည် တဖျပ်ဖျပ်လန့်သည်ဖြစ်၍ နေရပါ၏၊ ယခုအခါ၌ကား ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ရွံ့ရှားခြင်း တဖျပ်ဖျပ်လန့်ခြင်းမရှိ ကြောင့်ကြမရှိ ကြက်သီး မွေးညှင်းထခြင်း မရှိသည်ဖြစ်၍ သူတစ်ပါးပေးအပ်သော ပစ္စည်းလေးပါးဖြင့် အသက်မွေးကာ သားကောင်သဘွယ်ဖြစ်သောစိတ်ဖြင့် နေရသောကြောင့်၊

ပါဠိစီ သော ခေါ အဟံ ဧဝံ ရက္ခိတောပိ ဂေါပိတောပိ

သန္တော ဘီတော ဥဗ္ဗိဂ္ဂေါ ဥဿင်္ကီ ဥတြဿော ဝိဟရာမိ၊

ဒေဝါ နာနုဘဝန္တိ ဒဿနာယ

အရိယာပုဂ္ဂိုလ်တို့စိတ်ကို ပုထုဇဉ်နတ်တို့သော်မှ မသိကြ၊ ရဟန္တာပုဂ္ဂိုလ်၏စိတ်ကို သေက္ခနတ်တို့သော်မှ မသိနိုင်ကြ၊ ထို့ကြောင့် အရှင်ဘဒ္ဒိယ၏စိတ်ကို မသိကြ၍ ရဟန်းများ အထင်လွဲကြသည်၊ ၃၄၁

ဘဝအရ သမ္ပတ္တိ ဝုဓိ သဿတ ပုည၊

အဘဝအရ ဝိပတ္တိ ဟာနိ ဥစ္ဆေဒ ပါပ၊

အဇာတသတ်မင်း အကြည်ညိုခံလိုခြင်းအကြောင်း

ငယ်လည်းငယ် နောင်အခါ၌လည်း ကောင်းသောကြောင့်၊

ဗိမ္ဗိသာရမင်းကို အသတ်ခိုင်းခြင်းအကြောင်း

ညနံနက်တိုင်း ရထားငါးရာဖြင့် ဆည်းကပ်ရန်သွား၍ ဆွမ်းချက်အိုးငါးရာတို့ကို ပို့ဆောင်သည်၊

http://www.dhammadownload.com



## ဒေဝဒတ်တံခိုးကွယ်ချိန်

ရဟန်းသံဃာကို ကိုယ့်တပည့်အဖြစ်ဖြင့် သိမ်းပိုက်မည်ဟု စိတ်ဖြစ်သည်နှင့် တပြိုင်နက် တန်ခိုး ကွယ်ပါသည်၊ ၃၄၂

အရှင်မောဂ္ဂလ္လာန်၏ဥပဋ္ဌာက ကောလိယမင်း၏သား ကကုဓ၊

ကကုဓပြေဟ္မာ အတ္ထဘော

၂-ခု ၃-ခုသော ဂါမခေတ် (၃ ဂါဝုတ်)၊

## ဆရာ(၅)မျိုး

၁။ မစင်ကြယ်သောသီလရှိသူဖြစ်လျက် စင်ကြယ်သော သီလရှိ၏၊ ငါ၏သီလသည် ထက်ဝန်းကျင် စင်ကြယ်ဖြူစင်၏၊ မညစ်နွမ်း-ဟု ဝန်ခံ၏၊ သာဝကတွေကလည်း ဤဆရာသည် မစင်ကြယ်သော သီလရှိသူဖြစ်လျက် စင်ကြယ်သော သီလရှိ၏၊ ငါ၏သီလသည် ထက်ဝန်းကျင် စင်ကြယ်ဖြူစင်၏၊ မညစ်နွမ်း-ဟု ဝန်ခံမှန်းသိ၏၊ ငါတို့သည် လူတို့ကိုပြောလိုက်လျှင် တို့ဆရာကြီးမှာ မြတ်နိုးဘွယ်ရာ မဖြစ်နိုင်တော့၊ မြတ်နိုးဘွယ် မဖြစ်သော အရာကို ငါတို့မပြောကြားလို၊ သင်္ကန်းဆွမ်းကျောင်း ဆေးပစ္စည်းဖြင့် ငါတို့အပေါ် မြတ်နိုးမှုပြု၏၊ ဆရာကြီးသည် သူပြုသောအမှုဖြင့်ပင် ထင်ရှားလိမ့်မည်-ဟု ကြံစည်၏၊ ဤသို့သောဆရာကို တပည့်တို့သည် သီလအားဖြင့် စောင့်ရှောက်ကြ၍ ဆရာသည်လည်း သာဝကတို့ထံမှ သီလအားဖြင့် စောင့်ရှောက်ခြင်းကို လိုလားသည်၊

၂။ မစင်ကြယ်သော အသက်မွေးခြင်းရှိသူ၊ ၃၄၃

http://www.dhammadownload.com



၃။ မစင်ကြယ်သော တရားဒေသနာရှိသူ၊
၄။ မစင်ကြယ်သော ဖြေဆိုခြင်းရှိသူ၊
၅။ မစင်ကြယ်သော ဉာဏ်အမြင်ရှိသူ၊ ၃၄၄

## ဗုဒ္ဓ၏ ပရိသုဒ္ဓသီလ

ငါသည် စင်ကြယ်သောသီလရှိသည်ဖြစ်၍ "စင်ကြယ်သော သီလရှိ၏၊ ငါ၏ သီလသည် ထက်ဝန်းကျင် စင်ကြယ်ဖြူစင်၏၊ မညစ်နွမ်း-ဟု ဝန်ခံ၏၊ သာဝကတို့သည် ငါဘုရားကို သီလအားဖြင့် မစောင့်ရှောက်ကြ၊ ငါဘုရားလည်း သာဝကတို့ထံမှ သီလအားဖြင့် စောင့်ရှောက်ခြင်းကို မတောင့်တ၊ (အာဇီဝစသော ၄ ပါးတူပြီ)

## ဒေဝဒတ်ကုသိုလ်ဆုတ်ယုတ်ပုံ ဥပမာ

ကြမ်းတန်းသောခွေး၏ နှာခေါင်း၌ ဝံသည်းခြေ ငါးသည်းခြေကို ဖေါက်၍ထည့်သကဲ့သို့ ငှက်ပျောပင် ဝါးပင် ကျူပင်သည် မိမိကိုယ်ကို သတ်ခြင်းငှာ အသီးသီးသကဲ့သို့ အဿတိုရ်မြင်းမသည် မိမိကိုယ်ကိုသတ်ခြင်း ပျက်စီးခြင်းငှာ ကိုယ်ဝန်ကို ယူသကဲ့သို့ မိမိ ကိုယ်ကို ပျက်စီးခြင်းငှာ ဒေဝဒတ်၏ လာဘသက္ကာရ ဖြစ်ပေါ်လာသည်၊ ၃၄၆

## ဒေဝဒတ်ရန်ညိုးဖွဲ့ခြင်းအကြောင်း

မင်းနှင်တကွဖြစ်သော ပရိသတ်၌ "အရိယာတို့ ထွေးအပ်သော တံတွေးနှင့်တူသော မအပ်မရာပစ္စည်းတွေ စားသုံးသူ"ဟူသော ဝါဒဖြင့် ကြိမ်းမောင်း၍ သာရိပုတြာ မောဂ္ဂလ္လာန် တို့ကို ချီးမြှောက်၏-ဟု ကြံ၍ စိတ်ဆိုးသောကြောင့်၊ ၃၄၇

http://www.dhammadownload.com



## ဒေဝဒတ်ကို ရာဇဂြိုဟ်မြို့၌ ကံပြုကြ

ဒေဝဒတ်၏ ယခုသဘောမှ တစ်မျိုးတစ်ခြား သဘောတရား ဖြစ်ခဲ့ပြီ၊ ယခုအခါ ရှေးသဘောမှ တစ်မျိုးတစ်ခြား သဘောတရား ဖြစ်သည်၊ ဒေဝဒတ်ပြုသော ကိုယ်မှု နှုတ်မှု များသည် ဘုရား တရား သံဃာနှင့်မဆိုင်၊ ဒေဝဒတ်နှင့်သာ ဆိုင်သည်၊ ၃၄၈ ပကာသနီယကံပြုသူ အရှင်သာရိပုတြာနှင့် ရဟန်းများ။

## ပကာသနီယကံ မပြုလိုခြင်းအကြောင်း

"မဟိဒ္ဓိကော ဂေါဓိပုတ္တော၊ မဟာနုဘာဝေါ ဂေါဓိပုတ္တော" ဟု ရာဇဂြိုဟ်မြို့၌ ဒေဝဒတ်၏ဂုဏ်ကို ပြောဘူးသောကြောင့်၊

## အမြင်နှစ်မျိုး

ယေ တေ မနုဿာ အဿဒ္ဓါ အပ္ပသန္နာ ဒုဗ္ဗုဒ္ဓိနော၊ တေ ဧဝမာဟံသု "ဥဿူယကာ ဣမေ သမဏာ သကျပုတ္တိယာ ဒေဝဒတ္တဿ လာဘသက္ကာရံ ဥဿူယန္တီ" တိ၊ ယေ ပန တေ မနုဿာ သဒ္ဓါ ပသန္နာ ဗျတ္တာ ဗုဒ္ဓိမန္တော၊ တေ ဧဝမာဟံသု" န ခေါ ဣဒံ ဩရကံ ဘဝိဿတိ၊ ယထာ ဘဂဝါ ဒေဝဒတ္တံ ရာဇဂဟေ ပကာသာပေတီ" တိ၊ ၃၄၉

## ဗိမ္ဗိသာရမင်းကို အသတ်ခိုင်းခြင်းအကြောင်း

မင်းသားအဖြစ်ဖြင့် သေနိုင်စရာရှိခြင်းဟူသော အကြောင်းကြောင့်၊

http://www.dhammadownload.com



## အမတ်တို့ဆုံးဖြတ်ချက်

၁။ မင်းသား၊ ဒေဝဒတ်၊ ရဟန်းအားလုံးကို သတ်ရမည်၊ (ရာထူးပြုတ်ကြသည်)

၂။ ရဟန်းတို့သည် တစ်စုံတရာကို မပြစ်မှားကြသောကြောင့် ရဟန်းတို့ကို မသတ်ထိုက်၊ မင်းသားနှင့် ဒေဝဒတ်ကိုသာ သတ်ထိုက်သည်၊ (ထိုအမတ်များ ရာထူးနိမ့်သွားသည်)

၃။ မင်းသား၊ ဒေဝဒတ်၊ ရဟန်းတို့ကို မသတ်ထိုက်၊ မင်းအား သံတော်ဦးတင်၍ မင်းပြောသည့်အတိုင်း လုပ်ကြမည်၊ (ရာထူးတက်ကြသည်)

## ဒေဝဒတ် လုပ်ကြံမှု

"ဤမည်သောအရပ်၌နေသော ရဟန်းဂေါတမကိုသတ်ပြီး ဤမည်သောလမ်းဖြင့် လာခဲ့"ဟု မှာပြီး လွှတ်လိုက်သည်၊ ထိုယောကျ်ား လာမည့်လမ်း၌ ယောကျ်ား ၂ ယောက်၊ ၂ ယောက် လာမည့်လမ်း၌ ၄ ယောက်၊ ၄ ယောက်လာမည့်လမ်း၌ ၈-ယောက် ကသတ်၊ ၈ ယောက်လာမည့်လမ်း၌ ၁၆-ယောက် စေလွှတ်၍ ၂-ယောက်က ၁-ယောက်ကိုသတ်၊ ၄-ယောက်က ၂-ယောက်ကိုသတ်၊ ၈-ယောက်က ၄-ယောက်ကိုသတ်၊ ၁၆ ယောက်က ၈-ယောက်ကို သတ်ရန် စေလွှတ်သည်၊ (၃၁ ယောက်)

## အမြင်ခြင်း မတူကြ

မနုဿာ ပါသာဒေသုပိ ဟမ္မိယေသုပိ ဆဒနေသုပိ အာရုဠှာ အစ္ဆန္တိ၊ တတ္ထ ယေ တေ မနုဿာ အဿဒ္ဓါ အပ္ပသန္နာ ဒုဗ္ဗုဒ္ဓိနော

http://www.dhammadownload.com



တေ ဝေမာဟံသု "အဘိရူပေါ ဝတ ဘော မဟာသမဏော နာဂေန ဝိဟေဌီယိဿတိ" ဟိ၊ ယေပန တေ မနုဿာသဒ္ဓါ ပသန္နာ ပဏ္ဍိတာ ဗျတ္တာ ဗုဒ္ဓိမန္တော၊ တေ ဝေမာဟံသု "န စိရဿံ ဝတ ဘော နာဂေါ နာဂေန သဂီါမေဿတိ" တိ၊

## နာဥ္ဇာဂိရိဆင်ပြေးလာရာအခါ ဗုဒ္ဓနှလုံးသွင်းသောတရားမေတ္တာဖြစ်ပါသည်၊ ၃၅၇

## ကိုယ်အမူအရာ

လက်ျာလက်ဖြင့် နာဥ္ဇာဂိရိဆင်၏ ဦးကင်းကို သုံးသပ်ပါသည်၊

## နှုတ်မြွက်ဟောကြား မြွက်တရား

မာ ကုဥ္ဇရ နာဂမာသဒေါ၊ ဒုက္ခံ ဟိ ကုဥ္ဇရ နာဂမာသဒေါ၊ န ဟိ နာဂဟတဿ ကုဥ္ဇရသုဂတိ ဟောတိ ဣတော ပရံ ယတော၊ မာ စ မဒေါ မာ စ ပမာဒေါ၊ န ဟိ ပမတ္တာ သုဂတိံ ဝဇန္တိ တေ၊ တွညေဝ တထာ ကရိဿသိ၊ ယေန တွံ သုဂတိံ ဂမိဿသိ၊

ဣတော ပရံ ယတော-၌ ယတောပုဒ်ကို အဗျယကြံလျှင် ယတော-အကြောင့်ကြောင့်-ဟု ပေးပါ၊

## ဗျယ (နာမ်ပုဒ်) ကြံလျှင်

ကုဥ္ဇရ နာဂ မာအာသဒေါ၊ ကုဥ္ဇရ နာဂံ အာသဒေါ ဒုက္ခံ၊ ကုဥ္ဇရ ဣတော ပရံ-သို့၊ ယတော (ယန္တဿ)-သွားသော၊ နာဂဟတဿ-၏၊ သုဂတိ န ဟောတိ၊

http://www.dhammadownload.com



### ယဉ်ကျေးလိမ်မာ နာဋ္ဌာဂိရိမဟာ

မြတ်စွာဘုရား၏ ခြေမှုန့်တို့ကို နှာမောင်းဖြင့်ယူ၍ ဦးထိပ်အထက်၌ လောင်းထည့်ပြီး မြတ်စွာဘုရားကို မြင်နိုင်လောက်သော အရပ်တိုင်အောင် ဒူးတုပ်လျက် နောက်ဆုတ်နောက်ဆုတ်သွားကာ မိမိနေရာဖြစ်သော ဆင်တင်းကုတ်၌ တည်ပါသည်၊ ၃၅၇

ဒဏ္ဍေနေကေ ဒမယန္တိ-စသော ဂါထာကို ဆွမ်းခံချိန်၌ လူအများ ရွတ်ဆိုကြပါသည်၊

### ဒေဝဒတ် ဆုံးရှုံးမှု

ဒေဝဒတ်၏ လာဘာသက္ကာရ ဆုတ်ယုတ်၍ မြတ်စွာဘုရား၏ လာဘာသက္ကာရ တိုးပွားလာသည်၊

### တိကဘောဇဉ်-ရဟန်း ၃-ပါးအပေါင်း စားထိုက်သော ဘောဇဉ်ပညတ်ရခြင်းအကြောင်း

၁။ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ၊

၂။ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ "မာ ပါပိစ္ဆာ ပက္ခံ နိဿာယ သံဃံ ဘိန္ဒေယျုံ"၊

၃။ ကုလာနုဒ္ဒယာယ စ၊ ၃၅၈

### ဒေဝဒတ်၏ ဂဏပါမောက္ခ

၁။ ကောကာလိက၊ ၂။ ကဋမောဒကတိဿ၊

၃။ ခဏ္ဍဒေဝီမိဖုရား၏ သား၊ ၄။ သမုဒ္ဒဒတ္တ၊

http://www.dhammadownload.com



## ပဉ္စဝတ္ထု တောင်းခြင်း ရည်ရွယ်ချက်

ဤဝတ္ထု ၅ ပါးတို့ကို ရဟန်းဂေါတမသည် ခွင့်ပြုလိမ့်မည် မဟုတ်၊ ငါတို့သည် ဤဝတ္ထု ၅ ပါးဖြင့် လူအပေါင်းကို နားလည် စေ၍ ရဟန်းဂေါတမ၏ သံဃာသင်းကွဲအောင် အာဏာစက် ပျက်စီးအောင် လုပ်ခြင်းငှာ စွမ်းနိုင်၏၊ မှန်၏-လူတို့သည် ခေါင်းခေါင်းပါးပါး ကျင့်ခြင်း၌ ကြည်ညိုကြ၏၊ ၃၅၉

## ပဉ္စဝတ္ထုအပေါ် ဗုဒ္ဓသုံးသပ်ချက်

၁။ တောမှာနေလိုသူများ တော၌ နေကြ၊ ရွာမှာနေလိုသူများ ရွာမှာနေကြ၊

၂။ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်လိုသူများ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ကြ၊ ပင့်ဖိတ်အပ်သော ဆွမ်းစားလိုသူများ နိမန္တနဆွမ်းစားကြ၊

၃။ ပံသုကူဓုတင် ဆောက်တည်လိုသူများ ပံသုကူဓုတင် ဆောက် တည်ကြ၊ ဂဟပတိသင်္ကန်း သာယာလိုသူများ ဂဟပတိသင်္ကန်း ကို သာယာကြ၊

၄။ ဆောင်းလေးလ နွေလေးလပတ်လုံးသာ ရုက္ခမူလသေနာသန ကို ခွင့်ပြုတော်မူသည်၊

၅။ မြင်ခြင်း ကြားခြင်း ယုံမှားခြင်းဟူသော အစွန်း ၃-ပါး စင်ကြယ်သော အသားကို စားကြ၊

http://www.dhammadownload.com



## ဒေဝဒတ်ကို မပေးသူ

ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို နားမလည်သော ဝေသာလီမြို့ ဝဇ္ဇီတိုင်းသား သီတင်းငယ် ရဟန်းငါးရာ၊ ၃၆၁

## ဘေဒါနုဝတ္တက သောတာပန်ဖြစ်

အရှင်သာရိပုတြာသည် အာဒေသနာ ပါဋိဟာရိယာနုသာသနီဖြင့် အရှင်မောဂ္ဂလ္လာန်သည် ဣဒ္ဓိပါဋိဟာရိယာနုသာသနီဖြင့် ဆုံးမ၍ သောတာပန် ဖြစ်ကြသည်၊

## ထုလ္လစ္စည်းအာပတ်သင့်လျက် သောတာပန်ဖြစ်သူ

ဘေဒါနုဝတ္တကရဟန်းငါးရာ၊

## တမန်အင်္ဂါ (၈)ပါး

သောတာ သာဝေတာ ဂ္ဂဟေတာ၊ ဓိညာတာ ဓာရေတာပိစ၊
ဝိညာပေတာ စ ကုသလော၊ နော စ ကလဟကာရကော၊

၁။ နားထောင်တတ်ခြင်း၊ ၂။ တဆင့်ကြားသိစေတတ်ခြင်း၊
၃။ သင်ယူတတ်ခြင်း၊ ၄။ ဆောင်ရွက်မှတ်သားနိုင်ခြင်း၊
၅။ အနက်အဓိပ္ပါယ်ကို နားလည်ခြင်း၊
၆။ သူတစ်ပါးကို နားလည်စေတတ်ခြင်း၊
၇။ စီးပွားနှင့်စပ်ယှဉ်သောစကား မစပ်ယှဉ်သော စကား၌ ကျွမ်းကျင်ခြင်း၊
၈။ ခိုက်ရန်ကို မပြုတတ်ခြင်း၊ ၃၆၅

http://www.dhammadownload.com



## အပါယ်ကျကြောင်းတရား (၈)ပါး

၁။ လာဘ် (လာဘ်ဟူသော အရင်းရှိသော မာနစသောတရား)၊
၂။ လာဘ်မရခြင်း၊ ၃။ အခြံအရံ အကျော်အစော၊
၄။ အခြံအရံ အကျော်အစောမဲ့ခြင်း၊
၅။ မိမိအပေါ်၌ ကောင်းစွာပြုအပ်သော ရိုသေမှု၊
၆။ မိမိအပေါ်၌ ကောင်းစွာမပြုအပ်သော မရိုသေမှု၊
၇။ ယုတ်မာသော အလိုရှိသူ၏အဖြစ်၊
၈။ ယုတ်မာသော မိတ်ဆွေရှိသူ၏အဖြစ်၊

## လောကဓမ်တရား လွှမ်းမိုးနိုင်ခြင်းအကျိုး

လောကဓမ် ၈-ပါးကို မလွှမ်းနိုင်လျှင် ဖြစ်ပေါ်လာမည့် ပင်ပန်းခြင်း ပူလောင်ခြင်းဟူသော အာသဝေါတရား မဖြစ်ပွါးနိုင်၊

## ဒေဝဒတ်ကို အပါယ်ငရဲဆွဲချသော တရား (၃)ပါး

၁။ ပါပိစ္ဆတာ ၂။ ပါပမိတ္တတာ၊
၃။ နည်းသောအတိုင်းအရှည်ရှိသော (ဈာန်အဘိညာဉ်မျှလောက်သော) တရားထူးကို ရခြင်းဖြင့် မဂ်ဖိုလ်မရမီ အကြား၌ ပြီးဆုံးခြင်းသို့ ရောက်ခြင်း၊

## သံဃရာဇိ သံဃဘေဒအထူး

| ကေတော | ကော | အနုဿာဝေတိ | သလာကံ | ဂါဟေတိ၊ |
|---|---|---|---|---|
| ၁ | ၂ | စတုတ္ထော | | သံဃရာဇိ |
| ၂ | ၂ | ပဉ္စမော | | သံဃရာဇိ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၂ | ၃ | ဆဗ္ဗော | သံယရာဇိ |
| ၃ | ၃ | သတ္တမော | သံယရာဇိ |
| ၃ | ၄ | အဋ္ဌမော | သံယရာဇိ |
| ၄ | ၄ | နဝမော | သံယဘေဒ |

"အယံ ဓမ္မော၊ အယံ ဝိနယော၊ ဣဒံ သတ္ထုသာသနံ၊ ဣမံ ဂဏှထ၊ ဣမံ ရောစေထာ" တိ။

### သံဃာသင်းမခွဲနိုင်သူ (၆) ယောက်

ဘိက္ခုနီ သိက္ခမာန် သာမဏေ သာမဏေမ ဥပါသကာ ဥပါသိကာ၊

### သံဃာသင်းခွဲနိုင်သူ (၁) ယောက်

တူသောသံဝါသရှိ၍ တူသောသိမ်၌ တည်သော ပကတတ်ရဟန်း၊

### ဒေဝဒတ်သည် အဇာတသတ်ကို သတ်ခိုင်းရာ ပါရာဇိကကျ မကျ

"တေနဟိ တွံ ကုမာရ ပိတရံ ဟန္တွာ ရာဇာ ဟောဟိ၊ အဟံ ဘဂဝန္တံ ဟန္တွာ ဗုဒ္ဓေါ ဘဝိဿာမိ" ဟုပြော၍ ဒေဝဒတ်က အဇာတသတ်ကို သတ်ခိုင်းရာ မင်းသားက ရှင်ဘုရင် ဖြစ်ပြီးမှ အဖကိုသတ်ရကား စေခိုင်းမှု ချွတ်ယွင်းသောကြောင့် ပါရာဇိကမကျပါ။

### သံဃာကွဲပြားခြင်းအကြောင်း

ဓမ္မ ဝိနယ ဘာသိတာ-စိဏ္ဏ ပညတ္တိကာ ဒုကာ၊

http://www.dhammadownload.com



အာပတ္တိ လဟု ဒုဋ္ဌုလ္လ၊ သာဝသေသ သပ္ပဋိယာ၊ ၃၇၁

## အဘယ်မျှလောက်ဖြင့် သံဃာကွဲပါသနည်း

အဋ္ဌာရသဘေဒကရဝတ္ထုတို့ဖြင့် ပရိသတ်ကို ဆွဲငင်ကြ အလွန်ဆွဲငင်ကြ၍ အသီးအခြားဖြစ်သော ဥပုသ် ပဝါရဏာ သံဃကံကို ပြုခြင်းဖြင့် သံဃာကွဲပါသည် (သာမဂ္ဂီ နည်းမှီဆိုပါ)။

## သုခဖြစ်နိုင်သည့် သံဃသာမဂ္ဂီ

အဋ္ဌာရသဘေဒကရဝတ္ထုတို့ဖြင့် ပရိသတ်ကို မဆွဲငင်ကြ အလွန်မဆွဲငင်ကြ အသီးအခြားဖြစ်သော ဥပုသ် ပဝါရဏာ သံဃကံကို မပြုကြခြင်း။

## အပါယ်ကျသော သံဃဘေဒက (၈) ပါး

၁။ တသ္မိံ အဓမ္မဒိဋ္ဌိ၊ ဘေဒေ အဓမ္မဒိဋ္ဌိ၊ ၃၇၀

၂။ တသ္မိံ အဓမ္မဒိဋ္ဌိ၊ ဘေဒေ ဓမ္မဒိဋ္ဌိ၊

၃။ တသ္မိံ အဓမ္မဒိဋ္ဌိ၊ ဘေဒေ ဝေမတိကော၊

၄။ တသ္မိံ ဓမ္မဒိဋ္ဌိ၊ ဘေဒေ အဓမ္မဒိဋ္ဌိ၊

၅။ တသ္မိံ ဓမ္မဒိဋ္ဌိ၊ ဘေဒေ ဝေမတိကော၊

၆။ တသ္မိံ ဝေမတိကော၊ ဘေဒေ အဓမ္မဒိဋ္ဌိ၊

၇။ တသ္မိံ ဝေမတိကော၊ ဘေဒေ ဓမ္မဒိဋ္ဌိ၊

၈။ တသ္မိံ ဝေမတိကော၊ ဘေဒေ ဝေမတိကော၊

အယူ နှစ်သက်ခြင်း အကြိုက် အလိုကို ဖုံးထား၍ "ဤကား ဓမ္မ ဝိနယ သတ္ထု သာသန၊ ဤအယူကို ယူကြ နှစ်သက်ကြ" ဟု

http://www.dhammadownload.com



ကမ္ဗဝါစာဖတ်ခြင်း စာရေးတံကို ယူစေခြင်း (မဲဆွယ် စည်းရုံးခြင်း)၊ တသ္မိ-ထိုအဓမ္မကို ဓမ္မဟုပြခြင်း စသည်၌ အနက်ပေးပါ)၊

## အပါယ်မကျ သံဃဘေဒက

အဓမ္မကို ဓမ္မဟုပြခြင်း စသည်၌ ဓမ္မဟုဖြစ်သော အယူရှိသည်၊ သံဃာကွဲခြင်း၌ ဓမ္မဟုဖြစ်သော အယူရှိသည်ဖြစ်၍ အယူ နှစ်သက်ခြင်း အကြိုက် အလိုကို မဖုံးထားဘဲ "ဤကား ဓမ္မ ဝိနယ သတ္ထုသာသန၊ ဤအယူကို ယူကြ နှစ်သက်ကြ" ဟု စည်းရုံး၍ ကမ္ဗဝါစာဖတ်ခြင်း စာရေးတံကို ယူစေခြင်း၊ ၃၇၂

## ၈။ ဝတ္တက္ခန္ဓက

အာဂန္တုရဟန်းများသည် ဘိနပ်စီး ထီးဆောင်း ခေါင်းမြီးခြုံ၊ သင်္ကန်းကို ခေါင်းပေါ်တင်၍ ကျောင်းထဲဝင်လာကြပြီး သောက်ရေဖြင့် ခြေဆေးကြ၊ သီတင်းကြီး အာဝါသိကတို့ကို ရှိမခိုးကြ၊ အာဂန္တုရဟန်း တစ်ပါးသည်လည်း အခြားရဟန်းများ မနေဘူးသော ကျောင်းကို မင်းတုပ်ကိုဖွင့် တံခါးရွက်ကိုတွန်းပြီး လျင်မြန်စွာ ဝင်လာရာ တံခါးပေါင် အထက်မှ မြွေသည် ထိုရဟန်း၏ ပုခုံးပေါ်ကျလာသဖြင့် လန့်အော်လိုက်ရာ ရဟန်းတွေ ပြေးလာကြသောကြောင့် အာဂန္တုကဝတ်ကို ပညတ်တော်မူပါသည်၊ ၃၇၃

http://www.dhammadownload.com



### အာဂန္တုကများ အာဝါသိကကို မေးပါ

တပည့်တော်အတွက် အဘယ်ကျောင်း ရပါသနည်း၊ အခြားရဟန်းများ နေအပ်ဘူးသည်၊ မနေအပ်ဘူးသည်ကိုမေးပါ၊ ဆွမ်းခံရာရွာ၊ ဆွမ်းမခံရာရွာကို မေးပါ။သေက္ခဟု သမုတ်အပ်သော အမျိုး၊ ကျင်ကြီးစွန့်ရာအရပ်၊ ကျင်ငယ်စွန့်ရာအရပ်၊ သောက်ရေ၊ သုံးရေ၊ တောင်ဝှေး၊ အဘယ်အခါဝင်၍ အဘယ်အခါထွက်ရမည် - ဟူသော သံဃာ၏ ကတိကဝတ်ကို ကောင်းစွာထားခြင်း (ကျောင်းတိုက် စည်းကမ်း) ကိုမေးပါ။

### အနုမောဒနာပြုရန် တစ်ပါးတည်းကျန်နေသူ

အရှင်သာရိပုတြာ၊ ၃၇၉

### အနုမောဒနာပြုသူအား ဆိုင်းငံ့ရမည့်ရဟန်း

လေးပါး ငါးပါးသော ထေရ် အနုထေရ်တို့ ဆိုင်းငံ့ရမည်၊

### ဆွမ်းစားပြီး ပြန်ကြွရမည့်အစီအစဉ်

သီတင်းငယ်တို့ ရှေးဦးစွာပြန်၍ နောက်မှ ထေရ်တို့ပြန်ရမည်၊

နောက်မှဆွမ်းစားရမည့်ပုဂ္ဂိုလ် ထေရ်၊ ၃၈၀

### သပိတ်ဆေးနည်း

နီစံ ကတွာ သာဓုကံ အပ္ပဋိဃံသန္တေန ပတ္တော ဓောဝိတဗ္ဗော၊ သစေ ဥဒကပဋိဂ္ဂါဟကော ဟောတိ၊ နီစံ ကတွာ ဥဒကပဋိဂ္ဂဟေ ဥဒကံ အာသိဉ္စိတဗ္ဗံ “မာ ဥဒကပဋိဂ္ဂါဟကော ဥဒကေန ဩသိဉ္စိ၊

http://www.dhammadownload.com



မာ သာမန္တာ ဘိက္ခူ ဥဒကေန ဩသိဉ္စိံသု၊ မာ သံဃာဋိ ဥဒကေန ဩသိဉ္စိ"တိ၊ သစေ ဥဒကပဋိဂ္ဂါဟကော န ဟောတိ၊ နိစံ ကတွာ ဆမာယ ဥဒကံ အာသိဉ္စိတဗ္ဗံ "မာ သာမန္တာ ဘိက္ခူ ဥဒကေန ဩသိဉ္စိံသု၊ မာ သံဃာဋိ ဥဒကေန ဩသိဉ္စိ"တိ၊ ၃၈၁

ပါဠိစီ ဩဒနေ ဒိယျမာနေ ဥဘောဟိ ဟတ္ထေဟိ ပတ္တံ ပဋိဂ္ဂဟေတွာ ဩဒနော ပဋိဂ္ဂဟေတဗ္ဗော၊ သူပဿ ဩကာသော ကာတဗ္ဗော၊

လက်ဆေးရေ သပိတ်ဆေးရေ အကပ်ခံရမည့်အချိန်
ရဟန်းအားလုံး ဆွမ်းစားပြီးမှ အကပ်ခံရမည်၊ ၃၈၂

## ပိဏ္ဍစာရိကဝတ် ပညတ်ရခြင်းအကြောင်း

ပိဏ္ဍစာရိကာ ဒုန္နိဝတ္ထာ ဒုပ္ပါရုတာ အနာကပ္ပသမ္ပန္နာ ပိဏ္ဍာယ စရန္တိ၊ အသလ္လက္ခေတွာပိ နိဝေသနံ ပဝိသန္တိ၊ အသလ္လက္ခေတွာပိ နိက္ခမန္တိ၊ အတိဒူရေပိ တိဋ္ဌန္တိ၊ အစ္စာသန္နေပိ တိဋ္ဌန္တိ၊ အတိစိရမ္ပိ တိဋ္ဌန္တိ၊ အတိလဟုမ္ပိ နိဝတ္တန္တိ၊ အညတရောပိ ပိဏ္ဍစာရိကော ဘိက္ခု အသလ္လက္ခေတွာ နိဝေသနံ ပါဝိသိ၊ တသ္မိံ ဩဝရကေ ဣတ္ထီ နဂ္ဂါ ဥတ္တာနာ နိပန္နာ ဟောတိ၊ အဒ္ဒသာ ခေါ တံ ဣတ္ထိံ နဂ္ဂံ ဥတ္တာနံ နိပန္နံ ဒိသွာန ။ပ။"ဣမိနာ မေ ဘိက္ခုနာ ပဇာပတိ ဒူသိတာ" တိ တံ ဘိက္ခုံ ဂဟေတွာ အာကောဋေသိ၊ တသ္မာ၊ ၃၈၃

http://www.dhammadownload.com



## ဆွမ်းလောင်းမည့်အခြင်းအရာ

အလုပ်ကိုချထားခြင်း၊ နေရာမှထခြင်း၊ ဖွန်း,ခွက်ကို သုံးသပ်ခြင်း၊ ရပ်တော်မူပါ-ဟု လျှောက်ခြင်း၊ ၃၈၄

## ဟင်းလောင်းမည့်အခြင်းအရာ

ဖွန်း,ခွက်ကို သုံးသပ်ခြင်း၊ ရပ်တော်မူပါ-ဟု လျှောက်ခြင်း၊

## ရှေးဦးစွာ ဆွမ်းခံပြန်လာသူကျင့်ဝတ်

အာသနံ ပညပေတဗ္ဗံ၊ ပါဒေါဒကံ ပါဒပီဌံ ပါဒကထလိကံ ဥပနိက္ခိပိတဗ္ဗံ၊ အဝက္ကာရပါတိ ဓောဝိတွာ ဥပဋ္ဌာပေတဗ္ဗာ၊ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတဗ္ဗံ၊

## နောက်မှ ဆွမ်းခံပြန်လာသူကျင့်ဝတ်

သစေ ဟောတိ ဘုတ္တာဝသေသော၊ သစေ အာကင်္ခတိ၊ ဘုဉ္ဇိတဗ္ဗံ၊ နော စေ အာကင်္ခတိ၊ အပ္ပဟရိတေ ဝါ ဆဍ္ဍေတဗ္ဗံ၊ အပ္ပါဏကေ ဝါ ဥဒကေ ဩပိလာပေတဗ္ဗံ၊ အာသနံ ဥဒ္ဓရိတဗ္ဗံ၊ ပါဒေါဒကံ ပါဒပီဌံ ပါဒကထလိကံ ဥပသာမေတဗ္ဗံ၊ အဝက္ကာရပါတိ ဓောဝိတွာ ဥပသာမေတဗ္ဗာ၊ ဘတ္တဂ္ဂံ သမ္မဇ္ဇိတဗ္ဗံ၊ ၃၈၅
ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတဗ္ဗံ၊

## အာရညိကဝတ် ပညတ်ခြင်းအကြောင်း

သူခိုးများ တောကျောင်းကို ရောက်လာပြီး သောက်ရေ သုံးရေ၊ ပွတ်ခုံ ပွတ်ကျည် အရပ်မျက်နှာတို့ကို လည်းကောင်း အဘယ်နက္ခတ်နှင့်ယှဉ်သည်ကို လည်းကောင်း မေးကြရာ သောက်ရေ သုံးရေမရှိ၊ မီးပွတ်ခုံ ပွတ်ကျည် မရှိ၊ အရပ်

http://www.dhammadownload.com



မျက်နှာကို မသိ၊ အဘယ်နက္ခတ်နှင့် ယှဉ်သည်ကို မသိကြသဖြင့် ဒီကိုယ်တော်တွေ ဘာမျှမရှိ ဘာမျှမသိ၊ ရဟန်း မဟုတ်၊ သူခိုးတွေ-ဟု ပြောပြီး ရိုက်နှက်သွားကြသောကြောင့်၊ ၃၈၅

### တောနေရဟန်း ကျင့်ဝတ်

သောက်ရေသုံးရေ တည်ထားရမည်၊ မီးပွတ်ခုံပွတ်ကျည် တောင်ဝှေး ထားရမည်၊ နက္ခတ်အဘို့တို့ကို အလုံးစုံဖြစ်စေ တစ်စိတ် တစ်ဒေသဖြစ်စေ သင်ထားရမည်၊ အရပ်မျက်နှာ၌ ကျွမ်းကျင်သူ ဖြစ်ရမည်၊ ၃၈၆

### သေနာသနဝတ် ပြည့်ခြင်းအကြောင်း

ရဟန်းများ လွင်တီးခေါင်၌ သက်နီးချုပ်နေစဉ် ဆဗ္ဗဂ္ဂီတို့သည် လေညာအရပ် လွင်ပြင်၌ အိပ်ရာနေရာ ခါကြသဖြင့် မြူတွေလိမ်းကျံ အပ်သောကြောင့်၊ ၃၈၇

ကျောင်းအိပ်ရာနေရာကို ရဟန်းအနီး ကျောင်းအနီး သောက်ရေသုံးရေအနီး လေညာဖြစ်သောလွင်ပြင်၌ မခါရ၊ လေစုန်၌သာ ခါရမည်၊ ၃၈၈

### သီတင်းကြီးနှင့် အတူနေလျှင်

သီတင်းကြီးကို ခွင့်မပန်ဘဲ ပါဠိမသင်ရ၊ အဋ္ဌကထာကို အဖန်ဖန် မမေးရ၊ စာမအံရ၊ တရားမဟောရ မီးမထွန်းရ မီးမငြိမ်းရ လေသောက်ပြူတင်းမဖွင့် မပိတ်ရ၊ သီတင်းကြီးနှင့် အတူ စင်္ကြံသွား လျှင် သီတင်းကြီးရှိရာဘက်သို့ ပြန်လှည့်ရမည်၊ (စင်္ကြံဆုံးသွား၍ ပြန်လှည့်လျှင် သီတင်းကြီးရှိရာဘက်သို့ မျက်နှာမူ၍ ပြန်လှည့်ပါ)

http://www.dhammadownload.com



သီတင်းကြီးကို သက်န်း အနားဖြင့် မထိခိုက်စေရ၊ ၃၈၉

သန့်သက်ရေဆေးရခြင်းအကြောင်း

အညတရော ဘိက္ခု ဗြာဟ္မဏဇာတိကော ဝစ္စံ ကတွာ န ဣစ္ဆတိ အာစမေတုံ "ကော ဣမံ ဝသလံ ဒုဂ္ဂန္ဓံ အာမသိဿ တီ"တိ၊ တဿ ဝစ္စမဂ္ဂေ ကိမိ သဏ္ဌာတိ၊ တသ္မာ၊ ၃၉၀

## ကြီးစဉ်ငယ်လိုက် ခွင့်မပြုခြင်းအကြောင်း

ရဟန်းတို့သည် ကြီးစဉ်ငယ်လိုက် ကုဋီတက်ကြရာ ရှေးဦးစွာလာသော သီတင်းငယ် တို့သည် ဆိုင်းငံ့ရင်း ကျင်ကြီး နှိပ်စက်အပ်သည်ဖြစ်၍ ကျင်ကြီးကိုဆောင်ထားခြင်းငှာ မစွမ်းနိုင်ဘဲ လဲကျကြသောကြောင့် ကြီးစဉ်ငယ်လိုက် မစွန့်ရ၊ ရောက်လာသော အစဉ်ဖြင့်သာ ကျင်ကြီးစွန့်ရမည်၊ ၃၉၁

မဟာခန္ဓက ဝတ္တက္ခန္ဓကလာ ဥပဇ္ဈာယဝတ် ၂-ခု အထူး ရှေ့နောက်စကားမျှသာ ထူးပါသည်၊

ခန္ဓကဝတ် ကျင့်ရခြင်းအကျိုး

ယံ ဝတ္တံ ပရိပူရေန္တော၊ သီလမ္ပိ ပရိပူရတိ၊
ဝိသုဒ္ဓသီလော သပ္ပညော၊ စိတ္တေကဂ္ဂမ္ပိ ဝိန္ဒတိ၊
အဝိက္ခိတ္တစိတ္တော ကေဂ္ဂေ၊ သမ္မာ ဓမ္မံ ဝိပဿတိ၊
သမ္မဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ သော ပရိမုစ္စတိ၊
တသ္မာဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော၊
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ တတော နိဗ္ဗာန မေဟိတိ။

http://www.dhammadownload.com



—

## ၉။ ပါတိမောက္ခုဒ္ဒေသနက္ခန္ဓက

ပါဠိစီ   အဘိက္ကန္တာယ ရတ္တိယာ နိက္ခန္တေ ပဌမေ ယာမေ ဥဒ္ဓဿေ အရုဏေ နန္ဒိမုခိယာ ရတ္တိယာ၊ ၄၁၈

## သံဃာ့အလယ်၌ထိုင်

ဒုဿီလော ပါပဓမ္မော အသုစိသင်္ကဿရသမာစာရော ပဋိစ္ဆန္နကမ္မန္တော အဿမဏော သမဏပဋိညော အဗြဟ္မစာရီ ဗြဟ္မစာရိပဋိညော အန္တောပူတိ အဝဿုတော ကသမ္ဗုဇာတော၊

## ဒုဿီလအား သတိပေးစကား

ဥဋ္ဌေဟိ အာဝုသော၊ ဒိဋ္ဌောသိ ဘဂဝတာ၊ နတ္ထိ တေ ဘိက္ခူဟိ သဒ္ဓိံ သံဝါသော၊ ၄၁၉

နိသျ   အာဝုသော တွံ-သည်၊ ဝါ-ကို၊ ဘဂဝတာ-သည်၊ ဒိဋ္ဌော-ပကတတ်မဟုတ်ဟု သိမြင်အပ်သည်၊ အသိ၊ ယသ္မာ ဒိဋ္ဌော၊ တသ္မာ တေ-အား၊ ဘိက္ခူဟိ သဒ္ဓိံ သံဝါသော-ကံကြီးကံငယ်စသော ပေါင်းဖော်ရာသည်၊ နတ္ထိ၊ ယသ္မာ သံဝါသော နတ္ထိ၊ တသ္မာ ဥဋ္ဌေဟိ၊ ဒုဿီလကို လက်မောင်းဆွဲထုတ်သူ အရှင်မောဂ္ဂလ္လာန်၊

## အံ့ဘွယ်ရှစ်ဖြာ သမုဒြာ

ဆောင် အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံဘွယ် ဆယ်ပစ်၊
တစ်မည်ဖြစ်ခြင်း၊ ယုတ်ယွင်းမတိုး၊ ဆယ်မျိုးရတနာ၊
ရသာဆားတူ၊ ကြီးသူ နေရာ၊ အံ့ရှစ်ဖြာတည်း၊

http://www.dhammadownload.com



## အံ့ဘွယ်ရှစ်ဖြာ သာသနာ

အနုပုဗ္ဗ၊ သိက္ခ တစ်တန်၊ သိက္ခာများလျက်၊ သက်တွက် မလွန်၊ ဒုဿီညစ်ဆိုး၊ နှင်ရိုး လေပြန်၊ မျိုးလေး၀၊ ပျက်ရ ရှေးနာမံ၊ နိဗ္ဗာန်ဝင်လည်း၊ တိုးနည်းမတင်ပါ၊ ဝိမုတ္တိပြ၊ ဧကရသာ၊ သတိပဋ္ဌာန်စ၊ များလှရတနာ၊ သောတာစ၊ ဘူတ နေရာပါ။

၁။ သမုဒ္ဒရာသည် အစဉ်အတိုင်း ညွတ်၏၊ ကိုင်း၏၊ ရှိုင်း၏၊ စ စခြင်း ချောက်ကြီးများကဲ့သို့ နက်သည်မဟုတ်၊ သာသနာတော်၌လည်း အစဉ်အတိုင်းကျင့်ထိုက်သော သိက္ခာ ကိရိယာ ပဋိပဒါ ရှိ၏၊

၂။ သမုဒ္ဒရာသည် တည်တံ့သောသဘောရှိ၍ ကမ်းကိုမလွန် သကဲ့သို့ ငါဘုရား သာဝကတို့သည်လည်း ငါဘုရား ပညတ် အပ်သော သိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့် လည်း မလွန်ကျူးကြ၊

၃။ သမုဒ္ဒရာသည် သူသေကောင်ပုပ်နှင့် အတူမနေ၊ သမုဒ္ဒရာ၌ အကောင်ပုပ်ပေါ်လာလျင်လည်း လျင်မြန်စွာ ကမ်းသို့ရောက်စေသကဲ့သို့ သံဃာသည် ဒုဿီလရဟန်းနှင့် အတူ မနေ၊ လျင်မြန်စွာစည်းဝေး၍ ထိုရဟန်းကို နှင်ထုတ်၏၊ ထိုရဟန်းသည် သံဃအလယ်မှာ ထိုင်နေပါသော်လည်း သံဃာသည် ဒုဿီလရဟန်းနှင့် ဒုဿီလရဟန်းသည် သံဃာ နှင့် ဝေးသည်သာ၊

၄။ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ-မြစ်ကြီးငါးသွယ်တို့

http://www.dhammadownload.com



သည် မဟာသမုဒ္ဒရာသို့ရောက်လျှင် ရှေးနာမည်အနွယ်ကို စွန့်၍ "မဟာသမုဒ္ဒရာ" ဟူသာ ခေါ်ရသကဲ့သို့ ခတ္တိယ ဗြာဟ္မဏ ဝေဿ သုဒ္ဒ ဟူသော အမျိုး ၄-ပါးတို့သည် ဤသာသနာ၌ ရဟန်းပြုလျှင် ရှေးနာမည်အနွယ်ကိုစွန့်၍ "သမဏ သကျပုတ္တိယ" ဟူသာ ခေါ်ရသည်၊

၅။ မြစ်ရေ ချောင်းရေ စီးဝင်ခြင်း မိုးရေ အယဉ်ကျခြင်းကြောင့် မဟာသမုဒ္ဒရာဝယ် လျော့ခြင်း တိုးခြင်း မထင်ရှားသကဲ့သို့ ရဟန်းများစွာတို့သည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံခြင်းကြောင့် လျော့ခြင်း တိုးခြင်း မထင်ရှား၊

၆။ မဟာသမုဒ္ဒရာသည် တစ်ခုတည်းသောအရသာ ငံသော အရသာရှိသကဲ့သို့ ဤသာသနာတော်သည်လည်း တစ်ခု တည်းသော အရသာ အရဟတ္တဖိုလ်ဟူသော အရသာ ရှိပါသည်၊

၇။ မဟာသမုဒ္ဒရာသည် ပုလဲ ပဒမြား ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ရွှေ ငွေ ပဒမြားကျောက်နီ ပဒမြား ပြောက်ဟူသော ရတနာများစွာ ရှိသကဲ့သို့ ဤသာသနာ၌ လည်း သတိပဋ္ဌာန် ၄ ပါး သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါးဟူသော ရတနာများစွာ ရှိပါသည်၊

၈။ သမဟာသမုဒ္ဒရာသည် တိမိငါး တိမိင်္ဂလငါး တိမိတိမင်္ဂလငါး အသုရာ နဂါး ဂန္ဓဗ္ဗ-ဟူသော ကြီးမားသော သတ္တဝါတို့

http://www.dhammadownload.com



နေရာဖြစ်သကဲ့သို့ ဤသာသနာတော်သည်လည်း သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာကျင့်သော ကြီးစွာသော သတ္တာတို့နေရာဖြစ်ပါသည်၊ ၄၂၀

ဤအံ့ဘွယ် ၈ ပါးကိုမြင်၍ နဂါးတို့သည် သမုဒ္ဒြာ၌ အလွန်ပျော်ကြသကဲ့သို့ ရဟန်းတို့သည်လည်း အံ့ဘွယ် ၈ ပါးကိုမြင်၍ သာသနာတော်၌ အလွန်ပျော်ကြသည်၊

## ရတနာ (၁၀)ပါး

ဂါထာ မုတ္တာ မဏိ ဝေဠုရိယော၊ သင်္ခေါ သိလာစ ပဝါဠံ၊
ရဇတံ ဇာတရူပဉ္စ၊ လောဟိတင်္ကောစ မသာရဂလ္လံ။

## ဘုရားရှင် ဥပုသ်မပြုရာအခါ

ဒုဿီလရဟန်း သံဃာ့အလယ်၌ ထိုင်ရာအခါမှစ၍ ဥပုသ်မပြုတော့ပါ။ ၄၂၄

ပါတိမောက်တန့်တားခြင်းကို ခွင့်ပြုသောဗုဒ္ဓ၏အလို

အာပတ်နှင့်တကွ ပါတိမောက်မနာစေလိုခြင်းဖြစ်ပါသည်၊

## ပါတိမောက်တန့်ထားရမည့်အချိန်

၁၄ ရက်၊ ၁၅ ရက် ဥပုသ်နေ့ဝယ် ထိုပုဂ္ဂိုလ်၏မျက်မှောက် သံဃာ့အလယ်၌ တန့်ထားရပါမည်၊

http://www.dhammadownload.com



## အဓမ္မိကပါတိမောက္ခုဒ္ဒေသ

၁။ အမူလိကာယ သီလဝိပတ္တိယာ ပါတိမောက္ခံ ဥဒ္ဒိသတိ၊

၂။ အမူလိကာယ အာစာရဝိပတ္တိယာ ပါတိမောက္ခံ ဥဒ္ဒိသတိ၊

၃။ အမူလိကာယ ဒိဋ္ဌိဝိပတ္တိယာ ပါတိမောက္ခံ ဥဒ္ဒိသတိ၊

၄။ အမူလိကာယ အာဇီဝဝိပတ္တိယာ ပါတိမောက္ခံ ဥဒ္ဒိသတိ၊

## အဓမ္မိကပါတိမောက္ခုဒ္ဒေသ (၅) မျိုး

အမူလက ပါရာဇိက သံဃာဒိသေသ် ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ်အာပတ်ဖြင့် တန့်တားခြင်း၊

## အဓမ္မိက ပါတိမောက္ခုဒ္ဒေသ (၆) မျိုး

မပြုအပ် (မဆုံးဖြတ်အပ်) သေးသော အမူလက သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိဖြင့် ပါတိမောက်ကို တန့်တားခြင်း၊ ပြုအပ် (ဆုံးဖြတ်အပ်) ပြီးသော အမူလက သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိဖြင့် ပါတိမောက်ကို တန့်တားခြင်း၊

## အဓမ္မိကပါတိမောက္ခုဒ္ဒေသ ၇မျိုး

အမူလက အာပတ် (၇) ပုံ၊ ၄၂၇

## အဓမ္မိကပါတိမောက္ခုဒ္ဒေသ (၈) မျိုး

အကတ ကတ ဖြစ်သော ဝိပတ္တိလေးမျိုးဖြင့် တန့်တားခြင်း၊

## အဓမ္မိက ပါတိမောက္ခုဒ္ဒေသ (၉) မျိုး

အကတ ကတ ကတာကတဖြစ်သော ဝိပတ္တိ ၃ မျိုးဖြင့် တန့်တားခြင်း၊

## အဓမ္မိက ပါတိမောက္ခုဒ္ဒေသ (၁၀) မျိုး

၁။ ပါရာဇိကကျသူသည် ထိုပရိသတ်၌ ထိုင်မနေခြင်း၊

http://www.dhammadownload.com



၂။ ပါရာဇိကနှင့်စပ်သောစကားသည် ဆုံးဖြတ်၍ ပြီးဆုံးခြင်း၊
၃။ သိက္ခာချသူသည် ထိုပရိသတ်၌ ထိုင်မနေခြင်း၊
၄။ သိက္ခာချခြင်းနှင့်စပ်သော စကားသည် ဆုံးဖြတ်၍ ပြီးခြင်း၊
၅။ တရားရှိသော ညီညွတ်သူတို့၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတူပြုအပ်သောကံသို့ ကပ်ရောက်ခြင်း၊
၆။ -------- ကံကို တဖန်ပြုဘို့ရန်မယူ (အားမထုတ်)၊
၇။ -------- ကံကို ယူခြင်းနှင့်စပ်သောစကား ပြီးဆုံးခြင်း၊
၈။ သီလ ဝိပတ္တိအားဖြင့် မမြင် မကြားအပ် မယုံမှားအပ်၊
၉။ အာစာရ ဝိပတ္တိအားဖြင့် မမြင် မကြားအပ် မယုံမှားအပ်၊
၁၀။ ဒိဋ္ဌိဝိပတ္တိအားဖြင့် မမြင် မကြားအပ် မယုံမှားအပ်၊

**အတ္တာဒါန အဓိကရုဏ်းကို ယူလိုသူ၏အင်္ဂါ (၅)ပါး**

၁။ အတ္တာဒါနအဓိကရုဏ်းကိုယူရန် အချိန်တန် မတန် စဉ်းစားပါ၊
၂။ ငါယူမည့် အတ္တာဒါန အဓိကရုဏ်းသည် မှန် မမှန် ဆင်ခြင်ပါ၊
၃။ ငါယူမည့် အတ္တာဒါန အဓိကရုဏ်းသည် အကျိုးရှိ မရှိ ဆင်ခြင်ပါ၊
၄။ အတ္တာဒါန အဓိကရုဏ်းကို ယူလိုက်လျှင် သန္ဒိဋ္ဌ သမ္ဘတ္တ ရဟန်းတို့ကို ဓမ္မဝိနယနှင့် အညီ ရနိုင် မရနိုင် ဆင်ခြင်ပါ၊
၅။ အတ္တာဒါန အဓိကရုဏ်းကိုယူခြင်းဟူသော အကြောင်းကြောင့် သံဃာ၏ ဘဏ္ဍန ကလဟ ဝိဂ္ဂဟ ဝိဝါဒ သံဃဘေဒ သံဃရာဇိ သံဃဝဝတ္ထာန သံဃနာနာကရဏဖြစ် မဖြစ် ဆင်ခြင်ပါ၊

သံဃနာနာကရဏ်-သံဃာ၏ အသီးသီး ပိုင်းခြား၍တည်ခြင်း၊

http://www.dhammadownload.com



သံယရာဇ်- သံယာ၏ အရေးအကြောင်း (အိုးကွဲသော အခါ မကွဲခင် အက်ကြောင်းကလေး ထင်နေသကဲ့သို့ သံဃာ မကွဲခင် ကွဲဘို့ရန် အရေးအကြောင်းထင်နေခြင်း)။ ၄၃၅

## အင်္ဂါ ၅-ပါးစုံ အဓိကရုဏ်း ယူခြင်းအကျိုး

အဓိကရုဏ်းကိုယူပြီးရာ နောက်အခါ၌လည်း နှလုံးမသာမယာ မဖြစ်ခြင်း အကျိုးရှိသည်။

### စောဒကဆင်ခြင်ရမည့် တရား ၅မျိုး

၁။ ထက်ဝန်းကျင်စင်ကြယ်သော ကိုယ်အကျင့်ရှိသလား၊ ထက်ဝန်းကျင်စင်ကြယ်သော အပေါက်အကြားမရှိသော မသုံးသပ်ထိုက်သော ကိုယ်အကျင့်နှင့် ပြည့်စုံ မပြည့်စုံ ဆင်ခြင်ပါ။

၂။ ထက်ဝန်းကျင် စင်ကြယ်သော နှုတ်အကျင့် ရှိသလား၊ ထက်ဝန်းကျင်စင်ကြယ်သော အပေါက်အကြားမရှိသော မသုံးသပ်ထိုက်သော နှုတ်အကျင့်နှင့် ပြည့်စုံ မပြည့်စုံ ဆင်ခြင်ပါ။ ၄၃၆

၃။ လွန်စွာ ထိပါးတတ်သော ဒေါသမရှိသော ငါ၏မေတ္တာ စိတ်သည် သီတင်းသုံးဘော်တို့၌ တည် မတည် ဆင်ခြင်ပါ။

၄။ ငါ့မှာ များသောသုတရှိ မရှိ ဆင်ခြင်ပါ။

၅။ ပါတိမောက် ၂ စောင်လုံး အကျယ်အားဖြင့် နှုတ်တက် ရ မရ ဆင်ခြင်ပါ။

http://www.dhammadownload.com



### စောဒက မိမိသန္တာန်၌ ဖြစ်စေရမည့်တရား ၅ပါး

၁။ ကာလေန ဝက္ခာမိ၊ နော အကာလေန၊

၂။ ဘူတေန ဝက္ခာမိ၊ နော အဘူတေန၊

၃။ သဏှေန ဝက္ခာမိ ၊ နော ဖရုသေန၊ ၄၃၇

၄။ အတ္ထသံဟိတေန ဝက္ခာမိ ၊ နော အနတ္ထသံဟိတေန၊

၅။ မေတ္တစိတ္တော ဝက္ခာမိ ၊ နော ဒေါသန္တရော၊

### အဓမ္မစောဒကကို နှလုံးမသာမယာဖြစ်စေရမည့် တရား ၅-ပါး

အရှင်သည် အကာလ၌ စောဒနာ၏၊ ကာလ၌ စောဒနာသည် မဟုတ်၊ မဟုတ်မှန်သောစကားဖြင့် စောဒနာ၏၊ ဟုတ်မှန်သော စကားဖြင့် စောဒနာသည် မဟုတ်၊ ဖရုသ အနတ္ထ သံဟိတ ဒေါသန္တရ စသည်ဆိုပါ၊ (အဓမ္မစုဒိတက၊ ဓမ္မစောဒက ဓမ္မစုဒိတက နည်းမှီသိပါ)

### အဓမ္မစောဒကကို ဝိပ္ပဋိသာရဖြစ်စေရခြင်းအကျိုး

အခြားရဟန်းကို မဟုတ်မှန်သောစကားဖြင့် စွပ်စွဲထိုက်၏- ဟု မမှတ်ထင်ခြင်းအကျိုးရှိပါသည်၊ ၄၃၈

### ဓမ္မစောဒကကို အဝိပ္ပဋိသာရဖြစ်စေရခြင်းအကျိုး

အခြားရဟန်းကိုလည်း ဟုတ်မှန်သောစကားဖြင့် စောဒနာ ထိုက်၏-ဟုမှတ်ထင်ခြင်း အကျိုးရှိပါသည်၊ ၄၃၉

### စောဒက နှလုံးသွင်းရမည့် တရား(၅)ပါး

၁။ သနားခြင်း၊ ၂။ စီပွားကို ရှာမှီးတတ်သူ၏အဖြစ်၊

http://www.dhammadownload.com



၃။ စီးပွားဖြင့် ချီးမြှောက်တတ်သူ၏အဖြစ်၊
၄။ အာပတ်မှ ထမြောက်စေလိုသူ၏အဖြစ်၊
၅။ ဝိနည်းကို ရှေ့သွားပြုသူ၏အဖြစ်၊

## ဝိနယပုရေတ္တာရတာ အစိပ္ပါယ်

ဝတ္ထုကို စောဒနာ၍ အပြစ်ကိုအမှတ်ရစေ၍ ပဋိညာဉ်သို့တင်၍ ဝန်ခံသည့်အတိုင်းပြုခြင်း၊ (၃၀ ခု)၊ အဌကထာ

## စုဒိတက တည်ရမည့် တရား(၂)ပါး

၁။ မှန်သောစကား ၊ (၂) အမျက်မထွက်ခြင်း

## အစမ္မစုဒိတကအား ဖြစ်စေရမည့်တရား(၅)ပါး

၁။ အကာလ-၌ စောဒနာအပ်ပြီ၊ ကာလ၌ စောဒနာအပ်သည်မဟုတ်၊ နှလုံးမသာမယာ မဖြစ်သင့်၊

၂။ မဟုတ်မှန်သောစကားဖြင့် စောဒနာအပ်ပြီ၊ ဟုတ်မှန်သောစကားဖြင့် စောဒနာ အပ်သည်မဟုတ်၊ နှလုံးမသာမယာ မဖြစ်သင့်၊

၃။ ကြမ်းတမ်းသောစကားဖြင့် စောဒနာအပ်ပြီ၊ သိမ်မွေ့သောစကားဖြင့် စောဒနာ အပ်သည်မဟုတ်၊ နှလုံးမသာမယာ မဖြစ်သင့်၊

၄။ အကျိုးမရှိသောစကားဖြင့် စောဒနာအပ်ပြီ၊ အကျိုးရှိသောစကားဖြင့် စောဒနာ အပ်သည်မဟုတ်၊ နှလုံးမသာမယာ မဖြစ်သင့်၊

၅။ ဒေါသဖြင့် စောဒနာအပ်ပြီ၊ မေတ္တာဖြင့် စောဒနာအပ်သည်

http://www.dhammadownload.com



မဟုတ်၊ နှလုံးမသာမယာ မဖြစ်သင့်၊

## ၁၀။ ဘိက္ခုနိက္ခန္ဓက

### ဘိက္ခုနီသာသနာ ခွင့်မပြုခြင်းအကြောင်း

ပင်ပင်ပန်းပန်း အကြိမ်များစွာ တောင်းပန်မှ ခွင့်ပြုအပ်သော ရှင်ရဟန်းအဖြစ်ကို "ငါတို့သည် ရှင်ရဟန်းအဖြစ်ကို ခဲယဉ်းသဖြင့် ရအပ်ပြီ"ဟု နှလုံးသွင်း၍ ကောင်းစွာစောင့်ရှောက်ကြမည် ဖြစ်သောကြောင့်၊ (၂၇ ခု) အဋ္ဌကထာ

ပါဠိစီ သူနေဟိ ပါဒေဟိ ရဇောကိဏ္ဏေန ဂတ္တေန ဒုက္ခီ ဒုမ္မနာ အဿုမုခီ ရုဒမာနာ ဗဟိဒွါရကောဋ္ဌကေ အဋ္ဌာသိ၊ ၄၄၃

### အလျှောက်ကောင်းလျှင် အောင်မြင်ကြောင်း

အရှင်ဘုရား မာတုဂါမသည် ဘုရားသာသနာတော်၌ ရဟန်းပြုလျှင် သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါသလား၊ (ပြုနိုင်သည်)၊ အရှင်ဘုရား မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရားအား ကျေးဇူးများပါ၏၊ မယ်တော်၏ ညီမလည်း ဖြစ်ပါ၏၊ ကြီးပွားခြင်းသို့ ရောက်စေပါ၏၊ မွေးမြူ တတ်ပါ၏၊ နို့ရည်ကို ပေးတတ်ပါ၏၊ မယ်တော်ရင်း နတ်ရွာစံလသော် နို့ချိုတိုက်ကျွေး မွေးမြူခဲ့ပါပြီ၊ မာတုဂါမအား သာသနာတော်၌ ရဟန်းပြုခွင့် ပေးစေလိုပါသည်၊

http://www.dhammadownload.com



မဟာပဇာပတိဂေါတမီ ရဟန်းဖြစ်ရာနေ့

ဂရုဓမ် (၈) ပါးကို ခံယူရာနေ့၌ ရဟန်းဖြစ်ပါသည်၊ ၄၄၆

ဂရုကအာပတ်ကို ဖုံးလွှမ်းသောဘိက္ခုနီ မဖုံးလွှမ်းသော

ဘိက္ခုနီတို့အား ပက္ခမာနတ်ကို ပေးရမည်၊

ဂါထာ ဝဿသတ မဘိက္ခုကာ၊ ပစ္စာသိသ ပဝါရဏာ၊

မာနတ္တုပ သမ္ဗဒေသာ၊ နက္ကောသာ ဩဝဒ္ဓော ဂရု၊

ဂရုဓမ် (၈) ပါး

၁။ ဝါတရာရပြီး ဘိက္ခုနီသည် ထိုနေ့၌ ရဟန်းပြုသူကို အဘိဝါဒန ပစ္စုဋ္ဌာန အဥ္ဇလိကမ္မ သာမိစိကမ္မ ပြုရမည်၊ ဤတရားကိုလည်း ကောင်းစွာပြု၍ အလေးပြု၍ မြတ်နိုး ပူဇော်၍ ရာသက်ပန် မလွန်ကျူးရ၊

၂။ ရဟန်းမရှိသောကျောင်း၌ ဝါမဆိုရ၊

၃။ ၁၅ ရက်တစ်ကြိမ် ဥပုသ်နေ့မေးရမည်၊ ဩဝါဒခံယူဘို့ရန် ချဉ်းကပ်ခွင့် တောင်းရမည်၊

၄။ ဝါကျွတ်ပြီးသောဘိက္ခုနီသည် ၂-ဘက်သော သံဃာ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်းဟူသော အကြောင်း ၃ပါး တို့ဖြင့် ဖိတ်မန်ရမည်၊

၅။ သံဃာဒိသေသ်အာပတ်သင့်သော ဘိက္ခုနီသည် ၂-ဘက် သောသံဃာ၌ ပက္ခမာနတ် ကျင့်ရမည်၊

၆။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် (၆) ပါးတို့၌ ကျင့်ပြီးသော သိက္ခမာန်၏ ရဟန်းအဖြစ် ကို ၂-ဘက်သောသံဃာ၌

http://www.dhammadownload.com



ရှာမှီးရမည်၊
၇။ ဘိက္ခုနီသည် တစ်စုံတစ်ခုသော အကြောင်းကြောင့်မျှ ရဟန်းကို မဆဲရေးထိုက်၊
၈။ ယနေ့မှစ၍ ဘိက္ခုနီတို့က ရဟန်းတို့၌ ပြောဆိုဆုံးမခြင်း အကြောင်းကို တားမြစ်အပ်ပြီ၊ ရဟန်းတို့က ဘိက္ခုနီတို့၌ ပြောဆိုဆုံးမခြင်း အကြောင်းကို မတားမြစ်အပ်၊

## ဂရုဓမ် (၈)ပါးကို လက်ခံ

အရှင်ဘုရား ငယ်ရွယ်နုပျိုသော တန်ဆာဆင်တတ်သော သဘောရှိသော ဦးခေါင်းနှင့် တကွ ရေချိုးပြီးသော မိန်းမ ယောက်ျားသည် ကြာဖြူ ကြာနီ ကြာညို မိုးစွေပန်း (မြတ်လေး စပယ်)လံပူးပန်း (စစ်ကြီးပန်း) ကိုရ၍ လက်နှစ်ဘက်ဖြင့် ခံယူကာ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌ တည်စေရာသကဲ့သို့ ဂရုဓမ် ၈-ပါး တို့ကို ခံယူပါသည်၊ ၄၄၆

ပါဠိစီ သေယျထာပိ ဣတ္ထီဝါ ပုရိသော ဝါ ဒဟရော ယုဝါ မဏ္ဍနကဇာတိကော သီသံနဟာတော ဥပ္ပလမာလံဝါ ဝဿိကမာလံဝါ အတိမုတ္တကမာလံဝါ လဘိတွာ ဥဘောဟိ ဟတ္ထေဟိ ပဋိဂ္ဂဟေတွာ ဥတ္တမင်္ဂေ သိရသ္မိံ ပတိဋ္ဌာပေယျ၊

## သာသနာငါးထောင်

၁။ ပဋိသမ္ဘိဒါသို့ရောက်သော ရဟန္တာနှင့်စပ်၍ အနှစ်တထောင်၊
၂။ သုက္ခဝိပဿကရဟန္တာနှင့်စပ်၍ အနှစ်တစ်ထောင်၊

http://www.dhammadownload.com



၃။ အနာဂါမ်ပုဂ္ဂိုလ်နှင့်စပ် အနှစ်တစ်ထောင်၊
၄။ သကဒါဂါမ်နှင့်စပ်၍ အနှစ်တစ်ထောင်၊
၅။ သောတာပန်နှင့်စပ်၍ အနှစ်တစ်ထောင်၊ (၅)
မာတုဂါမရဟန်းပြုလျှင် အနှစ် (၅၀၀) သာသနာတည်မည်၊
မာတုဂါမရဟန်းမပြုလျှင် အနှစ်တစ်ထောင် တည်မည်၊

## မိန်းမရဟန်းပြုလျှင် သာသနာမတည်ပုံ ဥပမာ

မိန်းမများ၍ ယောကျ်ားနည်းသောအိမ်၌ အိုး၌တည်သော မီးရောင်ဖြင့် ခိုးသောသူခိုးတို့ လွယ်ကူစွာ ဖျက်ဆီးနိုင်သကဲ့သို့၊ ပြည့်စုံသော သလေးခင်း၌ ဖြူအောင် နှိပ်စက်တတ်သော ဖလံဖြူ ရောဂါပိုးကျရောက်လျှင် ထိုသလေးခင်းသည် ကြာရှည်မတည် သကဲ့သို့၊ ပြည့်စုံသော ကြံခင်း၌ ထန်းကျင့်အသွေးကဲ့သို့ နီတွေး သော အဆင်းရှိအောင် ပြုတတ်သော "ပျပိုး" ရောဂါကျလျှင် ထိုကြံခင်းသည် ကြည်ရှည်မတည်နိုင် သကဲ့သို့ မာတုဂါမရဟန်း ပြုလျှင် ဤသာသနာ ကြာရှည်မတည်နိုင်၊

## ဂရုဓမ် ၈-ပါး ပညတ်ခြင်းဥပမာ

ရေမကျော်လွှန်နိုင်အောင် ယောကျ်ားသည် ကြီးစွာသော ကန်ပေါင် ကန်ရိုးကို ဖွဲ့ရသကဲ့သို့ ရာသက်ပန် မကျူးလွန် ထိုက်သော ဂရုဓမ် (၈) ပါးတို့ကို ပညတ်တော်မူအပ်ပြီ၊

http://www.dhammadownload.com



## မာတုဂါမကို ရှိမခိုးသင့်

မကောင်းသဖြင့် ဟောအပ်သောတရားရှိသော သာသနာပတိတ္ထိတို့သော်မှ မာတုဂါမကို ရှိခိုးမှု ခရီးဦးကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပြုမှု မလုပ်ကြသောကြောင့် မာတုဂါမကို ရှိမခိုးသင့်ပါ။

## ဘိက္ခုနီများ သိက္ခာပုဒ်ကျင့်နည်း

ရဟန်းတို့နှင့် ဆက်ဆံသော ဘိက္ခုနီတို့၏ သိက္ခာပုဒ် တို့ကို ရဟန်းများ ကျင့်သလိုကျင့်ပါ။ ရဟန်းတို့နှင့် မဆက်ဆံသော ဘိက္ခုနီတို့၏ သိက္ခာပုဒ်တို့ကို ပညတ်တော် မူအပ်သည့်အတိုင်း ကျင့်ကြရမည်။

ပါဠိစီ သေယျထာပိ ယာနိ ကာနိစိ ကုလာနိ ဗဟုတ္ထိကာနိ အပ္ပပုရိသကာနိ၊ တာနိ သုပ္ပဓံသိယာနိ ဟောန္တိ စောရေဟိ ကုမ္ဘထေနကေဟိ၊ သမ္ပန္နေ သာလိက္ခေတ္တေ သေတဋ္ဌိကာ နာမ ရောဂဇာတိ နိပတတိ၊ ဧဝံ တံ သာလိက္ခေတ္တံ န စိရဋ္ဌိတိကံ ဟောတိ၊

ပုရိသော မဟတော တဠာကဿ ပဋိကစ္စေဝ အာဠိံ ဗန္ဓေယျ ယာဝဒေဝ ဥဒကဿ အနတိက္ကမနာယ၊ ၄၄၇

နိဿျ ရထိကာ-ရထားသွားလောက် ထုတ်ချင်းပေါက်သော လမ်း၊ ဗျူဟာ-ထုတ်ချင်းမပေါက်သောလမ်း၊ သိင်္ဃာဋက-လမ်းဆုံ၊ ဇာယာယော-အမြဲမယား၊ ဇာရိယော-အပျော်မယား၊ ဝိမာနေတွာ-ပြစ်မှားရှ်၊

http://www.dhammadownload.com



## မဟာပဇာပတိဂေါတမီ ရဟန္တာဖြစ်သောတရား

ရာဂတိုးခြင်းငှာ ဝဋ်ဆင်းရဲယှဉ်ခြင်းငှာ ဝဋ်ဒုက္ခတိုးပွား ခြင်းငှာ အလိုကြီးခြင်းငှာ မရောင့်ရဲခြင်းငှာ ကိလေသာတို့နှင့် ပေါင်းဆုံခြင်းငှာ ပျင်းရိခြင်းငှာ ခဲယင်းသဖြင့် မွေးမြူ အပ်သည်၏ အဖြစ်အကျိုးငှာ ဖြစ်သောတရားတို့သည် အဓမ္မ အဝိနယ အသတ္ထု သာသန၊ ရာဂစသည်ဖြင့် မတပ်မက်ခြင်းငှာ ကာမရာဂစသည်တို့နှင့် မယှဉ်ခြင်းငှာ ဝဋ်ဒုက္ခကို ဖျက်ဆီးခြင်းငှာ အလိုနည်းခြင်း ရောင့်ရဲ ခြင်းငှာ ကိလေသာတို့မှ ကင်းဆိတ်ခြင်းငှာ ဝီရိယကို အားထုတ် ခြင်းငှာ လွယ်ကူစွာမွေးမြူအပ်သည်၏အဖြစ် အကျိုးငှာဖြစ်သော တရားတို့သည် ဓမ္မ ဝိနယ သတ္ထုသာသန၊ ၄၄၉

## ဘိက္ခုနီတို့၏ အာပတ်ကို မခံယူရခြင်းအကြောင်း

ဘိက္ခုနိယော ရထိကာယပိ ဗျူဟေပိ သိင်္ဃာဋကေပိ ဘိက္ခုံ ပဿိတွာ ပတ္တံ ဘူမိယံ နိက္ခိပိတွာ စေကံ ဥတ္တရာသင် ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ အာပတ္တိံ ပဋိကရောန္တိ၊ မနုဿာ ဥဇ္ဈာယန္တိ ခိယျန္တိ ဝိပါစေန္တိ "ဇာယာယော ဣမာ ဣမေသံ၊ ဇာရိယော ဣမာ ဣမေသံ၊ ရတ္တိံ ဝိမာနေတွာဣဒါနိ ခမာပေန္တိ" တိ၊

## ရဟန်းတို့၏တာဝန်

ဘိက္ခုဟိ ဘိက္ခုနီနံ ကမ္မံ အာရောပေတွာ ဘိက္ခုနီနံ နိယျာဒေတုံ၊ ဘိက္ခုနီဟိ ဘိက္ခုနီနံ ကမ္မံ ကာတုံ၊ ဘိက္ခုဟိ ဘိက္ခုနီနံ အာပတ္တိံ အာရောပေတွာ ဘိက္ခုနီနံ နိယျာဒေတုံ၊ ဘိက္ခုနီဟိ ဘိက္ခုနီနံ အာပတ္တိံ ပဋိဂ္ဂဟေတုံ၊ ၄၅၂

http://www.dhammadownload.com



## ဗုဒ္ဓနောက် (၇) နှစ်လိုက်သူ

ဥပ္ပလဝဏ်၏တပည့်မ ဘိက္ခုနီသည် ဝိနည်းသင်ရင်း ၇-နှစ် လိုက်သည်၊

### ဒဏ်ပေးရမည့်ရဟန်း

ဘိက္ခုနီကို ရေလောင်းသောရဟန်း၊ ကိုယ်ကို ဖွင့်ပြသော ရဟန်း အင်္ဂါဇာတ်ကို ဖွင့်ပြသောရဟန်း၊ ဘိက္ခုနီတို့ကို ဆဲရေးသော ရဟန်း၊ ဘိက္ခုနီတို့နှင့် ယောကျာ်းတို့ကို ယှဉ်စေသောရဟန်း၊

### ရေလောင်းခြင်းအကြောင်း

မိမိတို့ကို တပ်မက်စေလိုသောကြောင့်၊ ၄၅၃

ပေးရမည့်ဒဏ် ဘိက္ခုနီသံဃာက ရှိမခိုးရခြင်း၊

### ရေလောင်းသော ဘိက္ခုနီကို ပေးရမည့်ဒဏ်

တားမြစ်ရမည်၊ တားမြစ်၍မရလျှင် ဩဝါဒ တန့်ထားရမည်၊

ဩဝါဒတန့်ထားခံရသူနှင့် အတူဥပုသ်ပြုသင့်မသင့်

အဓိကရုဏ်းမငြိမ်းသေးသမျှ ထိုဘိက္ခုနီနှင့်အတူ ဥပုသ်မပြုရ၊

### ဒဏ်ပေးခံရမည့်ဘိက္ခုနီ

မိမိကို တပ်မက်စေခြင်းငှာ ရဟန်းတို့အား ကိုယ်ကို ဖွင့်ပြသော ဘိက္ခုနီ၊ အင်္ဂါဇာတ်ကို ဖွင့်ပြသော ဘိက္ခုနီ၊ ပေါင်ကို ဖွင့်ပြသော ဘိက္ခုနီ၊ သားမြတ်ကို ဖွင့်ပြသော ဘိက္ခုနီ၊ ရဟန်းတို့နှင့် မိန်းမတို့ကို ယှဉ်စေသော ဘိက္ခုနီ

ဩဝါဒ တန့်ထားပြီး ခရီးသွားသူ အရှင်ဥဒါယီ၊

ဩဝါဒသွားရမည့်ဘိက္ခုနီအရေအတွက် နှစ်ပါး သုံးပါး၊

http://www.dhammadownload.com



## ဘိက္ခုနောဝါဒကနှင့်စပ်၍မှတ်ဘွယ်

၂ ပါး ၃ ပါးသော ဘိက္ခုနီတို့သည် ရဟန်းတစ်ပါးပါးထံ ချဉ်းကပ်၍ ဩဝါဒခံယူ ဘို့ရန် ချဉ်းကပ်လိုကြောင်း လျှောက်ထားရမည်၊ ထိုရဟန်းက ပါတိမောက်ပြသော ရဟန်းကို တဆင့်ပြောကြားရမည်၊ ပါတိမောက်ပြသောရဟန်းကလည်း ဘိက္ခုနောဝါဒက သမ္မုတိရသော ရဟန်းရှိလျှင် ထိုရဟန်းထံ ဘိက္ခုနီသံဃာကို ချဉ်းကပ်ရန် ညွှန်ကြားရမည်၊ သမ္မုတိရသူမရှိသော်လည်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းရှိလျှင် ထိုရဟန်းကို သမုတ်ပြီး ထိုရဟန်းထံ ဘိက္ခုနီသံဃာကို ချဉ်းကပ်ရန် ညွှန်ကြားရမည်၊ ဆုံးမနိုင်သူမရှိလျှင် ဘိက္ခုနီ တို့ကို ဆုံးမနိုင်သူမရှိ "ပါသာဒိကေန ဘိက္ခုနီသံဃော သမ္ပာဒေတု" ဟုပြောပါ၊ ၄၅၆

## ဩဝါဒလက်ခံရမည့်သူ

ဗာလ ဂိလာန ဂမိကရဟန်းမှတစ်ပါး ကြွင်းသောရဟန်းအားလုံး ဩဝါဒကို လက်ခံရမည်၊

## တောရဆောက်တည်သူ တာဝန်

တောရဆောက်တည်သူသည် ဩဝါဒကို လက်ခံရမည် "ဤမည်သောအရပ်သို့ တဖန်ဆောင်မည်" ဟု ချိန်ခါနေရပ် သတ်မှတ်မှု ပြုရမည်၊ ၄၅၇

## တဖန်ဆောင်

ပါတိမောက္ခုဒ္ဒေသက ရဟန်းက ပြောလိုက်သောစကားကို ဘိက္ခုနီတို့အား တဖန်ပြောပြခြင်းကို "ဩဝါဒတဖန်ဆောင်" ဟု

http://www.dhammadownload.com



ဆိုသည်၊ ထိုသို့ တဖန်ပြောပြဘို့ရန် သင်္ကေတပြု-ဟု မိန့်တော်မူ၏၊ ဘာသာဋီကာ

ရှည်သောခါးပန်းကြိုး ခွင့်မပြုခြင်း

ရှည်သောခါးပန်းကြိုးတို့ဖြင့် နံရိုးတို့ကို ညွတ်စေကြသောကြောင့်၊

အပ်သောခါးပန်းကြိုး

တပတ်ပတ်လောက်ရှိ ခါးပန်းကြိုး အပ်ပါသည်၊

ဝိလီဝေန-နှီးဖြင့်ပြုအပ်သော၊ ပဋ္ဋေန-အပြားဖြင့်၊ ဒုဿပဋ္ဋေန-ဖြူသော အဝတ်ပြားဖြင့်၊ ဒုဿဝေဏိယာ-အထပ်ထပ်ပြုအပ်သော ဖြူသောအဝတ်ပြားဖြင့်၊ ဒုဿဝဋ္ဋိယာ-ဖြူသောအဝတ်လုံးဖြင့်၊ စောဠပဋ္ဋေန-ဖန်ရည်ဆိုးအပ်သော အဝတ်ပြား၊ သုတ္တဝေဏိယာ-ချည်မျှင်အပေါင်းဖြင့်၊ သုတ္တဝဋ္ဋိယာ-ချည်ကျစ်ဖြင့်၊ အဋ္ဌိလ္လေန-နွား၏ခြေသလုံးရိုးဖြင့်၊ ဇဃန်-ခါးအရပ်ကို၊ ဟနုကေန-နွားမေးရိုး ဖြင့်၊ ကောဋ္ဋာပေန္တိ-ထုရိုက်စေကြကုန်၏၊ ဟတ္ထကောစ္ဆံ-လက်ဖမိုးကို၊ အဝင်္ဂ-မျက်ထောင့်အရပ်၌ အရေးအသားကို၊ ဝိသေသကံ-ထူးခြား သော အရေးအသားကို၊ ဩလောကနကေန-ကြည့်ရှုကြောင်း အပေါက်ဖြင့်၊ ဝေသိ-ပြည့်တန်ဆာမကို၊ ပါနာဂါရံ-သေတင်းကုဋ်ကို၊ သူနံ-အသားကို၊ အာပဏံ-ဈေးဆိုင်ကို၊ ဝဍ္ဎိ-အတိုးကို၊ ဟရိတက ပက္ကိကံ-ဟင်းရွက်စိမ်း ဟင်းရွက်ကျက်ကို၊ ပကိဏန္တိ-ရောင်းကြ ကုန်၏၊ နမတကံ-နံရိုးကို ညွတ်စေတတ်သော အဝတ်ပိုင်းကို၊

http://www.dhammadownload.com



## မတသန္တကပစ္စည်း

ဘိက္ခုနီ သိက္ခမာန် သာမဏေမသေလျှင် ဘိက္ခုနီသံဃာ ပိုင်သည်၊ ဘိက္ခုသံဃာ အစိုးမရ၊ ရဟန်း သာမဏေ ဥပါသကာ ဥပါသိကာ အခြားသော တစ်စုံတစ်ယောက်က "ငါကွယ်လွန်လျှင် ငါပိုင်ပစ္စည်းပရိက္ခရာသည် သံဃာပိုင်ဖြစ်ပါစေ"ဟု မှာထားခဲ့လျှင် ဘိက္ခုသံဃာပိုင်သည်၊ ဘိက္ခုနီသံဃာ အစိုးမရ၊ ၄၆၀

## ရဟန်းကို လမ်းပေးရခြင်းအကြောင်း

အညတရာ ဣတ္ထီ ပုရာဏမလ္လီ ဘိက္ခုနီသု ပဗ္ဗဇိတာ ဟောတိ၊ သာ ရထိကာယ ဒုဗ္ဗလကံ ဘိက္ခုံ ပဿိတွာ အံသကူဋေန ပဟာရံ အဒါသိ၊ တသ္မာ၊ ၄၆၀

ဘိက္ခုနီသည် ရဟန်းကိုမြင်လျှင် အဝေးကရှောင်၍ လမ်းပေးပါ၊ ဘိက္ခုနီ စူးစိုက်မကြည့်အပ်သောအရာ ယောက်ျားအင်္ဂါဇာတ်၊ ဘိက္ခုနီတို့အား ကျောင်းပေးနည်း အခိုက်အတန့် ပေးနိုင်သည်၊ ခါးစည်းကြိုးဆောင်နိုင်သောဘိက္ခုနီ ဥတုလာသော ဘိက္ခုနီ၊

## ဘိက္ခုနီဖြစ်ခြင်း၏ အန္တရာယ် (၂၄)ပါး

၁။ နိမိတ်မရှိခြင်း ၂။ နိမိတ်ရာမျှရှိခြင်း ၃။ ဥတုသွေးမရှိခြင်း
၄။ အမြဲဥတုသွေးရှိခြင်း၊ ၅။ အမြဲပိတ်ဆို့ကြောင်း အဝတ်ရှိခြင်း၊
၆။ အမြဲကျင်ငယ်ယိုစီးခြင်း ၇။ အသားစွန်းရှိခြင်း၊
၈။ မိန်းမပဏ္ဍုက်ဖြစ်ခြင် ၉။ ယောက်ျားပုံသဏ္ဍာန်ရှိခြင်း၊
၁၀။ ရောစပ်အပ်သောမဂ်ရှိခြင်း၊
၁၁။ ဥဘတောဗျည်းဖြစ်ခြင်း၊ (ကြွင်း ၁၃-ပါးကား ဘိက္ခုနှင့်တူ၊

http://www.dhammadownload.com



မိဘာ လင်တို့က ခွင့်ပြုရခြင်းသာ ထူးသည်)

## ရဟန်းမသစ်ကို ရဟန်းတို့ ပြောရမည့်စကား

တာဝဒေဝ ဆာယာ မေတဗ္ဗာ၊ ဉတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော၊ ဘိက္ခုနိယော ဝတ္တဗ္ဗာ "ဣမိဿာ တယော စ နိဿယေ အဋ္ဌ စ အကရဏီယာနိ အာစိက္ခေယျာထ၊

## ဆွမ်းစားကျောင်း၌

ရှစ်ပါးသော ဘိက္ခုနီတို့သည် ကြီးစဉ်ငယ်လိုက် ထိုင်ရမည်၊ ကြွင်းသော ဘိက္ခုနီတို့သည် အစဉ်အတိုင်း ထိုင်ရမည်၊ ၄၆၈

## ဘိက္ခုနီ ပဝါရဏာပြုရမည့်နေ့

သီတင်းကျွတ်လပြည့်နေ့၌ ဘိက္ခုနီသံဃာအထံ၌ ပဝါရဏာပြု၍ သီတင်းကျွတ် လဆုတ်တစ်ရက်နေ့၌ ဘိက္ခုသံဃာ၌ ပဝါရဏာ ပြုပါ။

## ပဝါရဏာပြုပုံ

ဘိက္ခုနီသံဃော အယျာ ဘိက္ခုသံဃံ ပဝါရေတိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒတု အယျာ ဘိက္ခုသံဃော ဘိက္ခုနိ သံဃံ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ၊

တမန်ဖြင့်ရဟန်းခံသူ အဍ္ဎကာသိ ပြည့်တန်ဆာမ၊ ၄၇၁

## မအပ်သော တမန် (၅)ယောက်

ရဟန်း သိက္ခမာန် သာမဏေ သာမဏေမ ဗာလ အဗျတ္တတမန်ဖြင့် ရဟန်းခံမပေးရ၊

http://www.dhammadownload.com



အပ်သောတမန် ဇျွတ္တ ပဋိဗလ ရဟန်းတမန်ဖြင့် ရဟန်းခံပါ၊

ဘိက္ခုနီ တောဍ် မနေရခြင်းအကြောင်း

တောဍ်နေသောဘိက္ခုနီကို သေသောက်ကြူးတို့ ဖျက်ဆီးသောကြောင့်၊ ၄၃၂

ဘိက္ခုနီ ကလေးမွေးလျှင်

ကလေး တတ်သိနားလည်သော အရွယ်ရောက်သည်အထိ မွေးမြူနိုင်သည်၊ ၄၃၃

အဖော်ဘိက္ခုနီ လုပ်ပိုင်ခွင့်

တစ်မိုးတစ်ရံတည်းသောကျောင်း၌ အတူအိပ်ခြင်းမှတစ်ပါး ဤကလေးမှ အခြားသော ယောကျ်ား၌ ကျင့်သလို ကျင့်နိုင်သည်၊ ဘိက္ခုနီ သိက္ခာချစရာ မလို၊ ၄၃၄

သာယာနိုင်သောအရာ

ဘိက္ခုနီတို့သည် ယောကျ်ားတို့၏ ရှိခိုးခြင်း ခေါင်းရိတ်ခြင်း လက်သည်း ခြေသည်း လှီးခြင်း အနာကိုဆေးထည့်ပေးခြင်းကို သာယာနိုင်သည်၊

ဘိက္ခုနီ ထိုင်နည်း

ဖနောင့်အတွေ့ကို သာယာသောကြောင့် ထက်ဝက်သော ပလ္လင်ဖြင့်သာ ထိုင်နိုင်သည်၊

ခွင့်ပြုအပ်သောကုဋိ

အောက်၌ ဟင်းလင်းပွင့်သော အထက်၌ဖုံးကာအပ်သော ကုဋိသာ အပ်သည်၊ ၄၃၅

http://www.dhammadownload.com



## ရေစီးရာဘက်သို့လှည့်၍ ရေမချိုးရ
## ရေအယဉ်၏အတွေ့ကို သာယာကြသောကြောင့်၊
## ရေဆိပ်မဟုတ်ရာအရပ်၌ ရေမချိုးရခြင်း ဝတ္ထု ဒုသေန္တိ၊

### ၁၁။ ပဉ္စသတိကက္ခန္ဓက

အရှင်မဟာကဿပသည် ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ခရီးရှည် ကြွတော်မူသည်၊

အာဇီဝကတစ်ယောက်သည် ကုသိနာရုံမြို့မှ မန္ဒာရဝ နတ်ပန်းကိုယူကာ ပါဝါမြို့သို့သွားသည်၊ ၄၈၀

ပရိနိဗ္ဗာန်စံကြောင်း ကြားသိလသော် ရာဂမကင်း သေးသော ရဟန်းတို့သည် လက်မောင်းကို မြှောက်၍ ငိုကြ၏၊ အလယ်က ပြတ်သောအရာဝတ္ထုများ လဲကျသကဲ့သို့ လဲကျသည် မည်လောက်အောင် လဲကျကြ၏၊ ရှေးရှု လူးလှိမ့်ကြ ထိုမှဤမှ လူးလှိမ့်ကြ၏၊ မြတ်စွာဘုရားသည် အလွန် လျင်မြန်စွာ ပရိနိဗ္ဗာန် စံပြီ၊ ကောင်းသောစကား မြွက်ကြားတော်မူသော မြတ်စွာဘုရား သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံပြီ၊ လောက၌ ဉာဏ်စက္ခုသည် အလွန်လျင်မြန်စွာ ကွယ်ပျောက်ပြီ၊ ဤသို့မည်တမ်း၍ ငိုကြ လူးလှိမ့်ကြသည်၊

ရာဂကင်းကွား ရဟန္တာတို့သည်ကား သတိရှိသည် ကောင်းစွာအပြားအားဖြင့် သိသည်ဖြစ်၍ သည်းခံကြ၏၊ မမြဲသော

http://www.dhammadownload.com



ရုပ်နာမ် ဓမ္မ သင်္ခါရတို့ကို မပျက်စီးအောင် တောင့်တလို့ အဘယ်မှာ ရနိုင်မည်နည်း-ဟု သည်းခံကြသည်၊

**အရှင်မဟာကဿပ သောတတင်းဝေး နေနိုင်ရေးတရား**

အလံ အာဝုသော မာ သောစိတ္ထ၊ မာ ပရိဒေဝိတ္ထ၊ န န္တေတံ အာဝုသော ဘဂဝတာ ပဋိကစ္စေဝ အက္ခာတံ သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ။ ဖြစ်သောထင်ရှားသော ကံစသောအကြောင်းတရားတို့ ကောင်းစွာ ရောက်၍ ပြုပြင်အပ်သော ပျက်စီးခြင်းသဘောရှိသော တရားသည် မပျက်စီးပါစေနှင့် တောင့်တလို့ အဘယ်မှာ ရနိုင်မည်နည်း၊

**သုဘဒ္ဒ၏အားပေးစကား**

အလံ အာဝုသော မာ သောစိတ္ထ၊ မာ ပရိဒေဝိတ္ထ၊ သုမုတ္တာ မယံ တေန မဟာသမဏေန၊ ဥပဒ္ဒုတာစ ဟောမ "ကပ္ပတိ ဝေါ ကပ္ပတိ၊ ကပ္ပတိ ဝေါ နကပ္ပတိ' တိ၊ ဣဒါနိ ပန ယံ ဣစ္ဆိဿာမ တံ ကရိဿာမ၊ ယံ န ဣစ္ဆိဿာမ န တံ ကရိဿာမာ" တိ၊ ၄၈၀

**အရှင်အာနန္ဒာကို မရွေးသင့်သောအကြောင်း**

**သေက္ခဖြစ်သောကြောင့်၊**

**ရွေးချယ်သင့်သောအကြောင်း**

ချစ်ခြင်း မုန်းခြင်း မသိခြင်း ကြောက်ခြင်းကြောင့် အဂတိ လိုက်စားမည့်သူ မဟုတ် သောကြောင့်လည်းကောင်း၊ အရှင်အာ နန္ဒာသည် မြတ်စွာဘုရားအထံ၌ များစွာသော သုတ်အဘိဓမ္မာ

http://www.dhammadownload.com



ဝိနည်းကို သင်ယူပြီးဖြစ်သောကြောင့်လည်းကောင်း ရွေးချယ်သင့်ပါသည်၊

## ရာဇဂြိုဟ်မြို့၌ သင်္ဂါယနာတင်ခြင်းအကြောင်း

ကျယ်ဝန်းသော ဆွမ်းခံရာအရပ်ရှိခြင်း၊ များသောကျောင်းရှိခြင်းကြောင့်၊

ပဌမလပတ်လုံး ကျိုးပြတ်သောအရပ် ပေါက်ကွဲသောအရပ်ကို ပြင်ဆင်ကြသည်၊

မဒ္ဒျိမလပတ်လုံး စည်းဝေး၍ သုတ်အဘိဓမ္မာကို သင်္ဂါယနာ တင်ကြသည်၊

## အရှင်အာနန္ဒာ ရဟန္တာဖြစ်ရာနေ့

သင်္ဂါယနာတင်ရာနေ့ မိုးသောက်ယံအခါ၌ ရဟန္တာဖြစ်ပါသည်၊

## ရဟန္တာဖြစ်ပုံ

"သွေ သန္နိပါတော၊ န ခေါ မေတံ ပဋိရူပံ၊ ယောဟံ သေက္ခော သမာနော သန္နိပါတံ ဂစ္ဆေယျ"န္တိ ဗဟုဒေဝ ရတ္တိံ ကာယဂတာယ သတိယာ ဝီတိနာမေတွာ ရတ္တိယာ ပစ္စူသသမယံ "နိပဇ္ဇိဿာမိ"တိ ကာယံ အာဝဇ္ဇေသိ၊ အပတ္တဉ္စ သီသံ ဗိမ္ဗောဟနံ၊ ဘူမိတောစ ပါဒါ မုတ္တာ၊ တေသ္မိံ အန္တရေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ၊ ၄၈၂

ပဌမပါရာဇိကကို ဝေသာလီမြို့၌ ကလန္ဒသူဌေး၏သားဖြစ်သောသုဒိန်ကို အကြောင်းပြု၍ မေထုန်မှီဝဲခြင်းကြောင့် ပညတ်ပါသည်၊

http://www.dhammadownload.com



ဒုတိယပါရာဇိကကို ရာဇဂြိုဟ်မြို့၌ အိုးထိန်းသည်၏ သားဖြစ်သော ဓနိယကို အကြောင်းပြု၍ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းကြောင့် ပညတ်ပါသည်၊

တတိယပါရာဇိကကို ဝေသာလီမြို့၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ လူဇာတ်ဖြစ်သောကိုယ်ကို သတ်ခြင်း ကြောင့် ပညတ်ပါသည်၊ ၄၈၃

စတုတ္ထပါရာဇိကကို ဝေသာလီမြို့၌ ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့ကို အကြောင်းပြု၍ ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း ကြောင့် ပညတ်ပါသည်၊

## မေးသူ ဖြေသူ

ဝိနည်းကို အရှင်မဟာကဿပမေး၍ အရှင်ဥပါလိ ဖြေပါသည်၊ သုတ်အဘိဓမ္မာကို အရှင်မဟာကဿပမေး၍ အရှင်အာနန္ဒာ ဖြေဆိုပါသည်၊

ဗြဟ္မဇာလသုတ်ကို ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒာမြို့အကြား မင်းကွန်းစံနန်းတော် အမ္ဗလဋ္ဌိကာဥယျာဉ်၌ သုပ္ပိယပရိဗ္ဗိုဇ် ဗြဟ္မဒတ္တ လုလင်တို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်၊

သာမညဖလသုတ်ကို ရာဇဂြိုဟ်မြို့ ဇီဝက၏သရက် ဥယျာဉ်၌ ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းနှင့် အတူ ဟောတော်မူပါသည်၊

## အရှင်အာနန္ဒာကို မထေရ်တို့ ပြစ်တင်

ဆောင် ခုဒ်ကိုမရှင်း၊ နုပ်ကိုနင်း၊ ရှိခြင်း-ရိပ်မမြင်၊

http://www.dhammadownload.com



မာ-ရဟန်းပြု၊ တောင်းပန်မှု၊ ထေရ်စု ဖြစ်တော်တင်၊
ရှိသေသောအား၊ ဒုက္ကဋ်ကြား၊ ငါးပါး အာနန်ရှင်၊

၁။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီး၌ " အာနန္ဒာ အလိုရှိလျှင် သံဃာသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူလျှင် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ပယ်နုတ်နိုင်သည်"ဟု မိန့်တော်မူရာ "ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့သည် အဘယ်တို့ပါနည်း" ဟု မမေးခြင်း၊
၂။ မြတ်စွာဘုရား၏ ရေသနုပ်တော်ကို နင်း၍ချုပ်ခြင်း၊
၃။ မာတုဂါမတို့အား မြတ်စွာဘုရား အလောင်းတော်ကို ရှေးဦးစွာ ဖူးမြင်ခွင့်ပေးခြင်း၊
၄။ မြတ်စွာဘုရားသည် ထင်ရှားသောအရိပ်အရောင်ကို ပြအပ်သော် "မြတ်စွာဘုရားသည် နတ်လူတို့ စီးပွားချမ်းသာခြင်းငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ"ဟု မလျှောက်ခြင်း၊
၅။ မာတုဂါမအား မြတ်စွာဘုရားသာသနာ၌ ရဟန်းပြုခွင့်ရရန် ကြောင့်ကြစိုက်ခြင်း၊

## ခုဒ္ဒါနုခုဒ္ဒကအရ

ပါရာဇိက ၄-ပါးမှတစ်ပါး ကြွင်းသောသိက္ခာပုဒ်များ၊ ပါရာဇိက ၄-ပါး၊ သံဃာဒိသေသ် ၁၃-ပါးမှတစ်ပါး ကြွင်းသော သိက္ခာပုဒ်၊ ပါရာ-၄၊ သံ-၁၃၊ အနိယတ-၂ပါးမှတစ်ပါး ကြွင်းသော သိက္ခာပုဒ်၊ ပါရာဇိက၊ သံဃာဒိသေသ်-၁၃၊ အနိယတ၊ နိဿဂ္ဂိ ၃၀-မှတစ်ပါး ကြွင်းသောသိက္ခာပုဒ်၊ ပါရာဇိက ၄၊ သံဃာဒိသေသ် ၁၃၊

http://www.dhammadownload.com



အနိယတ ၂။ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ် ၉၂ ပါးမှတစ်ပါး ကြွင်းသော သိက္ခာပုဒ်၊ ပါရာဇိက ၄၊ သံဃာဒိသေသ် ၁၃၊ အနိယတ ၂၊ နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ် ၉၂၊ ပါဋိဒေသနီ ၄ ပါးမှတပါး ကြွင်းသောသိက္ခာပုဒ်။

## ခုဒ္ဒါနုခုဒ္ဒကကိုပယ်လျှင် ဖြစ်လာမည့်အပြစ်

ငါတို့၏ သိက္ခာပုဒ်တို့ကို လူတို့သော်မှလည်း "ဤအမှုသည် သာကီဝင် မင်းသား ဘုရားသားတော်တို့အား အပ်၏၊ "ဤအမှုသည် သာကီဝင်မင်းသား ဘုရားသားတော်တို့အား မအပ်" ဟုသိကြ၏၊ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို ပယ်လိုက်လျှင် "ရဟန်းဂေါတမသည် သာဝကတို့အား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မီးခိုးငြိမ်းပျောက်ရာ ကာလတိုင်ရှိသာ သိက္ခာပုဒ်ကို ပညတ်အပ်ပြီ၊ ဤရဟန်းတို့၏ဆရာ အသက်ထင်ရှား ရှိရာ ကာလတိုင်ရှိသာ သိက္ခာပုဒ်တို့၌ ကျင့်ကြသည်၊ ဤရဟန်း တို့၏ဆရာ ပရိနိဗ္ဗာန်စံပြီးရာ ယခုအခါ၌ သိက္ခာပုဒ်တို့၌ မကျင့်ကြတော့-ဟု ပြောကြလိမ့်မည်၊

## အရှင်မဟာကဿပ၏ မူ(၃)ချက်

၁။ သံဃာသည် မြတ်စွာဘုရား မပညတ်အပ်သော သိက္ခာပုဒ်ကို မပညတ်ရ၊
၂။ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို မဖြုတ်တောက်ရ၊
၃။ ပညတ်အပ်ပြီးသော သိက္ခာပုဒ်တို့၌ ဆောက်တည်၍

http://www.dhammadownload.com



ကျင့်ရမည်၊ ၄၈၅

အရှင်အာနန္ဒာအဖြေ

ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို သတိမေ့ခြင်းကြောင့် မမေးမိခြင်း ဖြစ်ပါသည်၊ ရေသနုပ်တော်ကို မရိုသေခြင်းကြောင့် နင်း၍ချုပ်သည် မဟုတ်ပါ၊ မာတုဂါမတို့အား အချိန်မဲ့ မဖြစ်စေလို၍ ရှေးဦးစွာ ရှိခိုးခွင့်ပေးခဲ့ပါသည်၊ မာရ်နတ်သည် ပူးဝင်အပ်သော စိတ်ရှိသောကြောင့် အာယုကပ်ပတ်လုံးတည်ရန် မြတ်စွာဘုရားကို မလျှောက်ခဲ့ပါ၊

အရှင်ပုရာဏခရီး ဒက္ခိဏာဂိရိသို့ ရဟန်းငါးရာနှင့် ကြွတော်မူသည်၊ ၄၈၆

ဗြဟ္မဒဏ်

ဆန္နရဟန်း ပြောချင်တာ ပြောပါစေ၊ ဆန္နကို အခြားရဟန်းတို့သည် မပြောဆို မဆုံးမရ မသွန်သင်ရ၊

ဗြဟ္မဒဏ်မပေးလိုခြင်းအကြောင်း

ဆန္နသည် ရုန့်ရင်းကြမ်းတမ်း သောကြောင့်၊

ဗြဟ္မဒဏ်ကို မြတ်စွာဘုရား၏အမိန့်အရ သံဃာက တာဝန်ပေးခံရသော ရှင်အာနန္ဒာသည် ကောသမ္ဗီမြို့ ဃောသိတာရုံ ကျောင်း၌ ဆန္နအား ပေးပါသည်၊ ၄၈၇

ဥဒေနမင်း၏ မောင်းမအပေါင်းသည်

ဥယျာဉ်၌ သီတင်းသုံးနေသော ရှင်အာနန္ဒာအား အပေါ်ခြုံငါးရာ လှူဒါန်းကြသည်၊

http://www.dhammadownload.com



ပါဠိစီ ကထံ ဟိ နာမ သမဏော အာနန္ဒော တာဝ ဗဟုံ စီဝရံ ပဋိဂ္ဂဟေဿတိ၊ ဒုဿဝါဏိဇ္ဇံ ဝါ သမဏော အာနန္ဒော ကရိဿတိ၊ ပဂ္ဂါဟိကသာလံ ဝါ ပသာရေဿတိ၊ ၄၈၈

ဥဒေနမင်းကို ရှင်အာနန္ဒာဟောသော သက်န်းသုံးနည်း ဆောင် သက်န်းဟောင်းနွမ်း၊ ပေါ်လွှမ်းအခင်း၊ ဘုံလျှိုသွင်း၍ အခင်းဘူမ၊ ပါဒပုဉ္ဆ၊ ရဇောဟာ၊ စည်းကာလိမ်းသုတ်သည်၊

ဒုဗ္ဗလစီဝရရဟန်းတို့နှင့် သက်န်းဝေဘန်မည်၊ ဒုဗ္ဗလစီဝရ သက်န်းဟောင်းတို့ကို အပေါ်လွှမ်းအခင်းလုပ်၊ အပေါ် လွှမ်း အခင်းဟောင်းတို့ကို ဘုံလျှိုအရေ၊ ဘုံလျှိုအရေဟောင်းတို့ကို မြေအခင်း၊ မြေအခင်းဟောင်းတို့ကို ခြေသုတ်ခုံ၊ ခြေသုတ်ခုံဟောင်း တို့ကို မြူကိုဆောင်ကြောင်း အဝတ်၊ မြူကိုဆောင်ကြောင်း အဝတ်ဟောင်းတို့ကို ဖြတ်၍ (နုပ်နုပ်စဉ်း၍ မြေ၌လိမ်းကြံမည်)၊ ဥဒေနမင်းသည် ရှင်အာနန္ဒာအား အဝတ်ငါးရာလှူဒါန်းပါသည်၊

## လှူခြင်းအကြောင်း

သာကီဝင်မင်းသား ဘုရားသားတော်တို့သည် အဝတ် အားလုံးကို သင့်သော အကြောင်းအားဖြင့် သုံးစွဲကြ၏၊ စက်ဆုပ် ဘွယ် ပျက်စီးခြင်းသို့ မရောက်စေကြ-ဟုကြံ၍ လှူဒါန်းပါသည်၊ ဆန္န၏ပြဟ္မဒဏ်ငြိမ်းရာနေ့၊ ရဟန္တာဖြစ်ရာနေ့၊ ၄၈၉

## ပဥ္စသတိကာ ခေါ်ခြင်းအကြောင်း

ဝိနယသင်္ဂါယနာ၌ ရဟန်းငါးရာ အပိုအလိုမရှိသောကြောင့်၊

http://www.dhammadownload.com



## ၁၂။ သတ္တသတိကကန္တက

### ဝေသာလီမြို့မှ ဒသဝတ္ထု

ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းတစ်ရာကြာမှ ထွန်းကားသည်၊ ၄၉၁

### ဒသဝတ္ထုသရုပ်

၁။ သိင်္ဂီလောဏကပ္ပေါ-သားချိုဖြင့် ဆားကိုဆောင်၍ ဆားမရှိလျှင် ယာဝကာလိကဘောဇဉ်နှင့်ရော၍ စားခြင်း၊ (သာဝတ္ထိမြို့)

၂။ ဒွင်္ဂုလကပ္ပေါ - နေမွန်းတိမ်းပြီး အရိပ်လက်နှစ်သစ်လွန်ရာ အခါ၌ ယာဝကာလိက ဘောဇဉ်ကိုစားခြင်း၊ (ရာဇဂြိုဟ်မြို့)

၃။ ဂါမန္တရကပ္ပေါ - ပဝါရိတ်သင့်ပြီးသောရဟန်း၏ ရွာတစ်ပါးသို့ သွားအံ့-ဟုကြံ၍ အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဘွယ် ဘောဇဉ်ကို စားခြင်း၊ (သာဝတ္ထိမြို့)

၄။ အာဝါသကပ္ပေါ-မဟာသိမ်ကြီး တစ်သိမ်တည်းဝယ် အသီးသီး သောကျောင်း၌ သံဃကံကိုပြုခြင်း၊ (ရာဇဂြိုဟ်မြို့)

၅။ အနုမတိကပ္ပေါ-မရောက်လာသေးသော ရဟန်းတို့၏ အလို ဆန္ဒကို လာမှယူမည် ဟုကြံ၍ ဝဂ်ဖြစ်သော သံဃာဖြင့် ကံပြု ပြီးမှ အလိုဆန္ဒကိုယူခြင်း၊

၆။ အာစိဏ္ဏကပ္ပေါ-တစ်မျိုးတစ်ဖုံ ကြံဆအပ်သော ဆရာဥပဇ္ဈာယ် တို့၏ အလေ့အကျက်၊

၇။ အမထိတကပ္ပေါ-နို့ရည်အဖြစ်ကိုစွန့် နို့ခမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်ပြီးသော ရဟန်း သောက်ခြင်း၊ (သာဝတ္ထိမြို့)

http://www.dhammadownload.com



၈။ ဇဋ္ဌောဂ်-သေရည်အဖြစ်သို့ မရောက်သေးသော သေနုကို၊ ပါတုံ-သောက်ခြင်းငှာ၊ (ကောသမ္ဗီမြို့)

၉။ အမြိုတ်အဆာမရှိသော နိသီဒိုင် (သာဝတ္ထိမြို့)

၁၀။ ရွှေ ငွေ ခံယူခြင်း၊ (ရာဇဂြိုဟ်မြို့)

ရွှေငွေသည် ရဟန်း အညစ်အကြေး ဟုတ်မဟုတ်

လနေတို့၌ "တိမ်တိုက် ဆီးနှင်း အခိုးမြူ အသူရိန်" ဟူသော အညစ်အကြေးလေးမျိုးရှိသကဲ့သို့ ရဟန်းတို့မှာလည်း သေရည် အရက်သောက်ခြင်း မေထုန် မှီဝဲခြင်း ရွှေငွေကိုခံယူခြင်း မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းဟူသော အညစ်အကြေးလေးမျိုးရှိ၏-ဟု သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား ဟောတော်မူသောကြောင့် လည်းကောင်း၊ မဏိစူဠကစစ်သူကြီးသည် "မင်းနန်းတော်တွင်း မင်းပရိသတ်၌ ရဟန်းများ ရွှေငွေအပ်ကြောင်း ပြောနေသူတို့အား ရွှေငွေမအပ်ကြောင်း ပြောကြားခဲ့သည်"ကို ဗုဒ္ဓအားလျှောက်ထားရာ ဗုဒ္ဓက "ရဟန်းတွေ ရွှေငွေမအပ်၊ ရွှေငွေအပ်လျှင် ကာမဂုဏ် ငါးပါးလုံးပင် အပ်၏" မိန့်တော်မူခဲ့သောကြောင့် လည်းကောင်း၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ရွှေငွေကိုပယ်၍ သိက္ခာပုဒ်ပညတ်ခဲ့သောကြောင့် လည်းကောင်း၊ ရွှေငွေသည် ရဟန်းတို့၏ အညစ်အကြေး ဖြစ်ပါသည်၊

ရှာကောင်းသောပစ္စည်း

မြက်ကို အလိုရှိသူသည် မြက်ရှာနိုင်သည်၊ သစ်သားကို အလိုရှိသူသည် သစ်သားရှာနိုင်သည်၊ လှည်းကို အလိုရှိသူသည်

http://www.dhammadownload.com



လှည်းရှာနိုင်သည်၊ ယောက်ျား အလိုရှိသူသည် ယောကျာ်းကို ရှာနိုင်သည်၊ တစ်စုံတစ်ခုသော အကြောင်းဖြင့် ရွှေငွေကို မသာယာ ထိုက် မရှာမှီးထိုက်၊ ၄၉၅

အရှင်ယသအပြုခံရသောကံ ဥက္ခေပနီယကံ၊ ၄၉၆

အရှင်သမ္ဘူတ၏နေရပ် သာဏအရပ် အဟောဂင်္ဂတောင်၊

## အဟောဂင်္ဂတောင် အစည်းအဝေး

၁။ ,အာရညကင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံသုကူဓုတင် တေစီဝရိက် ဓုတင်ဆောင်ဖြစ်သော ပါဝေယျတိုင်သား ရဟန်း (၆၀)၊

၂။ အာရညကင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံသုကူဓုတင် တေစီဝရိက် ဓုတင်အချို့ဆောင်ကြသော အဝန္တိဒက္ခိဏာပထတိုင်းသား ရဟန်း (၈၈) ပါး၊

## အရှင်ရေဝတ

အာယသ္မာ ရေဝတော သောရေယျေ ပဋိဝသတိ ဗဟုဿုတော အာဂတာဂမော ဓမ္မဓရော ဝိနယဓရော မာတိကာဓရော ပဏ္ဍိတော ဝိယတ္တော မေဓာဝီ လဇ္ဇီ ကုက္ကုစ္စကော သိက္ခာကာမော၊

## အရှင်ရေဝတ ခရီးစဉ်

သောရေယျမြို့ သင်္ကဿမြို့ ကဏ္ဏကုဇ္ဇမြို့

ဥဒုမ္ဗရမြို့ အဂ္ဂဠပုရမြို့ သဟဇာတိမြို့၊ ၄၉၇

ဆောင် သောရေ သင်္က၊ ကဏ္ဏကုဇ္ဇာ ဥဒုမ္ဗရ အဂ္ဂဠပါ၊
သဟဇာ ကြွပါ ရေဝတ၊

http://www.dhammadownload.com



## ဒုတိယသင်္ဂါယနာတင်ရခြင်းအကြောင်း

ဝေသာလီမြို့၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သိက္ခာလောဏ ကပ္ပစသော ဝတ္ထု (၁၀)ပါးကို ပြုကြသောကြောင့်၊

### အရှင်သာဠှ အတွေး

ပါစိနတိုင်းသား ရဟန်းများသည် အဓမ္မဝါဒီ၊

ပါဝေယျတိုင်းသား ရဟန်းများသည် ဓမ္မဝါဒီ၊

အရှင်သာဠှအကြံ ထောက်ခံ သုဒ္ဓါဝါသဘုံ၌ နေသောဗြဟ္မာ၊

### ဝဇ္ဇီတိုင်းသားများ ဦးရေဝတကို လာဘ်ထိုး

သပိတ် သင်္ကန်း နိသီဒိုင် အပ်ကျည် ခါးပန်းကြိုး ရေစစ် ဓမ္မကရိုဏ်းတို့ဖြင့် လာဘ်ထိုးကြသည်၊ ၅၀၀

အရှင်ရေဝတ၏အလုပ်အကျွေး ဝါ(၂၀)ရ အရှင်ဥတ္တရ၊

### အရှင်ဥတ္တရအား လျှောက်ခိုင်းသောစကား

အရှေ့အရပ်ဇနပုဒ်တို့၌ ဘုရားပွင့်တော်မူကြပါသည်၊ ပါစိနတိုင်းရင်းသား ရဟန်းများသည် ဓမ္မဝါဒီ၊ ပါဝေယျတိုင်းသား ရဟန်းများသည် အဓမ္မဝါဒီ-ဟူသော စကားကို အရှင်ဥတ္တရက အရှင်ရေဝတထေရ်ကို သံဃာ့အလယ်၌ ပြောကြားရန် တိုက်တွန်းပေးပါ၊

### အလျှောက်ကောင်း၍ လက်ခံလိုက်ရ

လူတို့သည် ရဟန်းတို့၏ဥစ္စာဖြစ်သော ပရိက္ခရာကို မြတ်စွာဘုရားအား ကပ်လှူ၍ လက်ခံလျှင် ထိုလက်ခံခြင်းကြောင့်ပင်

http://www.dhammadownload.com



ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်၊ လက်မခံလျှင် အရှင်အာနန္ဒာအား "အရှင်ဘုရား အရှင်အာနန္ဒာသည် ရဟန်းတို့ဥစ္စာဖြစ်သော ပရိက္ခရာကို လက်ခံတော်မူပါ၊ အရှင်ဘုရားလက်ခံခြင်းသည် မြတ်စွာဘုရားလက်ခံသလို ဖြစ်ပါလိမ့်မည်" လျှောက်ကြသည်၊ အရှင်ဥတ္တရသည် ရဟန်းတို့၏ဥစ္စာဖြစ်သော ပရိက္ခရာကို လက်ခံတော်မူပါ၊ အရှင်ဘုရားလက်ခံခြင်းသည် အရှင်ရေဝတလက်ခံသလို ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြသည်၊

## အရှင်ဥတ္တရ နှင်ထုတ်ခံရခြင်းအကြောင်း

ဝဇ္ဇီတိုင်းသား ရဟန်းများ လျှောက်ခိုင်းသောစကားကို လျှောက်ရာ "ဥတ္တရ သင်သည် ငါ့ကို အဓမ္မ၌ တိုက်တွန်း၏" ဟုပြော၍ နှင်ထုတ်လိုက်သည်၊ ၅၀၂

ဦးဥတ္တရ ယူသောနိဿရည်း အလေးပြုထိုက်သောနိဿရည်း၊

## သဟဇာတိမြို့၌ အဓိကရုဏ်းမဆုံးဖြတ်ခြင်းအကြောင်း

အဓိကရုဏ်း အကြောင်းရင်းကို ယူတတ်သော ရဟန်းတို့သည် ထပ်မံ၍ ကံပြုဘို့ရန် လှုံ့ဆော်မည်ဖြစ်သောကြောင့်၊

## အရှင်သဗ္ဗကာမီဂုဏ်

ဝါ (၁၂၀)ရခြင်း၊ အရှင်အာနန္ဒာ၏ တပည့်ဖြစ်ခြင်း၊ တစ်မြေပြင်လုံး၌ သံဃာ့ထေရ်ဖြစ်ခြင်း၊

## အရှင်ရေဝတ မလျှောင်းခြင်းအကြောင်း

အရှင်သဗ္ဗကာမီသည် အစ္စယ်တော်ကြီးလျက် မလျှောင်းသောကြောင့်၊

http://www.dhammadownload.com



## အရှင်သဗ္ဗကာမီ မလျှောင်းခြင်းအကြောင်း

အရှင်ရေဝတသည် အာဂန္တုကဖြစ်၍ ပင်ပန်းလျက် မလျှောင်းသောကြောင့်၊

အရှင်ရေဝတသည် မေတ္တာဖြင့်နေသည်၊ (ရဟန္တာ)၅၀၃

အရှင်သဗ္ဗကာမီသည် သုညတမည်သော ဖလသမာပတ်ဖြင့်

နေတော်မူသည်၊ (ရဟန္တာ).

### ဦးသမ္ဘူတရောက်ချိန်

အရှင်ရေဝတနှင့် အရှင်သဗ္ဗကာမီ စကားမဆုံးမီ၊

### သံဃသမ္ဘူတိရ သံဃကိုယ်စားလှယ်

ပါစိနကေ သဗ္ဗကာမိ၊ သာဠှံ ခုဇ္ဇသောဘိတံ ဝါသဘံ၊

ရေဝတော စေဝ သမ္ဘူတာ၊ ယသ သုမန ပါဝေယျံ၊

ပါစိနတိုင်းသား သဗ္ဗကာမီ၊ သာဠှ ခုဇ္ဇသောဘိတ ဝါသဘဂါမိက၊

ပါဝေယျတိုင်းသား အရှင်ရေဝတ၊ သာဏအရပ်နေ အရှင်သမ္ဘူတ၊

ကာကဏ္ဍကပုဏ္ဏား၏သား အရှင်ယသ၊ အရှင်သုမန၊ ၅၀၄

ငြိမ်းသောသမထ ဥဗ္ဗာဟိကာသမထ၊

ထေရာသန ပညာပက ပါတိမောက်ပြသော ၁၀-ဝါရ ဦးအဇိတ၊

### အဓိကရုဏ်းငြိမ်းရန် ကျောင်းရွေးချယ်ခြင်း

ဝါလိကာရုံကျောင်းသည် မွေ့လျော်ဘွယ်ကောင်းခြင်း အသံမရှိခြင်း၊ မြို့ရွာအသံမရှိခြင်းကြောင့် ဝါလိကာရုံကို ရွေးချယ်ကြသည်၊

http://www.dhammadownload.com



ပဉ္စမသင်္ဂါယနာ ဒုတိယသင်္ဂါယနာ

ဌာန ရာဇဂြိုဟ်မြို့ ဝေသာလီမြို့ ဝါလိကာရုံကျောင်း၊

နာယက အရှင်မဟာကဿပ အရှင်ယသ၊

အချိန် ဝါခေါင်လ၊

ဒသမံ ဝတ္ထု သံဃေန ဝိနိစ္ဆိတံ-၌ ဆုံးဖြတ်ပုံ

ရာဇဂြိုလ်မြို့၌ သုတ်တို့ကို အကျယ်ဝေဘန်ရာ ပဒဘာဇနီ၌ ပညတ်အပ်ပြီး၊ ရွှေငွေကို ခံယူခြင်းကြောင့် ပါစိတ်အာပတ်သင့်သည်၊ ဣမံ ဒသမံ သလာကံ နိက္ခိပါမိ၊

အရှင်သဗ္ဗကာမီသည် ဆုံးဖြတ်အပ်ပြီး ဝတ္ထုတို့ကို ရဟန်းများ နားလည်စေခြင်းငှာ သံဃအလယ်၌ ဦးရေဝတကို မေးမြန်းစေသည်၊ ၅၀၈

သတ္တသတိကာသင်္ဂါယနာ ခေါ်ခြင်းအကြောင်း

ရဟန်း (၇၀၀)အပိုအလို မရှိသောကြောင့်၊

အာပတ္တိဝိနိစ္ဆယ

၁။ ဆန္ဒဒါယကော ကာရကော ဥက္ကောဋေတိ-ပါစိတ်၊၂၂၁

၂။ သီချင်းသံဖြင့် တရားဟော- ဒုက္ကဋ် ၂၄၃

၃။ အင်္ဂါဇာတ်ဖြတ် - ထုလ္လစ္စဉ်း ၂၄၆

၄။ နား နှာခေါင်း လက်ချောင်း စသည်ဖြတ်-ဒုက္ကဋ်၌

၅။ အနာအတွက် သွေးထွက်စေလျှင်-မသင့် ၌

၆။ ခံတွင်းအပြင်ထုတ်၍စားမျို- ပါစိတ် ၂၇၂

၇။ ရဟန်းကို သံဃိကကျောင်းမှထုတ်- ပါစိတ် ၃၁၆

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၈။ | ဂရုဘက်ကိုစွန့်၊ ဝေဘန်- | ထုလ္လစ္စဉ်း | ၃၂၁ |
| ၉။ | ဂဏဘောဇဉ် စားသောရဟန်း-ပါစိတ် | | ၃၅၈ |
| ၁၀။ | ဘေဒါန္ဝတ္တကရဟန်း- | ထုလ္လစ္စဉ်း | ၃၆၄ |
| ၁၁။ | ဘိက္ခုနီ ဩဝါဒမသွား- | ပါစိတ် | ၄၅၀ |
| ၁၂။ | ဘိက္ခုနီ ပဝါရဏာမပြု- | ပါစိတ် | ၄၆၀ |
| ၁၃။ | ဘိက္ခုနီ ယာဉ်ဖြင့်သွား- | ပါစိတ် | ၄၇၀ |

"စူဠဝါပါဠိတော် ပြီးပါပြီ"

http://www.dhammadownload.com



## ဝိနယပိဋက
## ပရိဝါရပါဠိဝဏ္ဏနာ
## အဘိဓမ္မဝိဘင်္ဂ ပါရာဇိကကဏ္ဍ

ဇာနတာ-ထိုထိုသိက္ခာပုဒ်၏ ပညတ်ရာကာလကို သိတော်မူသော၊
ပဿတာ - ထိုထို သိက္ခာပုဒ်ကို ပညတ်ခြင်း၏ ဆယ်ပါး
သော စီးပွားအထူးတို့ကို မြင်တော်မူသော၊
တစ်နည်း ဇာနတာ-ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အာသဝက္ခယ
ဉာဏ်တို့ဖြင့် သိတော်မူသော၊ ပဿတာ-ဒိဗ္ဗစက္ခုဉာဏ်ဖြင့်
မြင်တော်မူသော၊

## ပညတ်(၉)မျိုး

၁။ ပညတ်၊ ၂။ အနုပညတ်၊ ၃။ အနုပ္ပန္နပညတ်၊
၄။ သဗ္ဗတ္ထပညတ်၊ ၅။ ပဒေသပညတ်၊ ၆။ သာဓာရဏပညတ်၊
၇။ အသာဓာရဏပညတ်၊ ၈။ ဧကတောပညတ်၊
၉။ ဥဘတောပညတ်၊

## နိဒါန်း၌ အကျုံးဝင်

ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ-ဟူသော
နိဒါန်းစကား၌ အကျုံးဝင်ပါသည်၊
သိက္ခာပုဒ်မာတိကာဟူသော ပညတ်သည် ဝိနယ ပါတိမောက္ခ၊
အကျယ်ဝေဘန်ကြောင်း ပဒဘာဇနီသည်-
အဘိဝိနယ အဓိပါတိမောက္ခ၊
မစောင့်စည်းခြင်းသည် ဝိပတ္တိ၊ စောင့်စည်း ခြင်းသည် သမ္ပတ္တိ၊

http://www.dhammadownload.com



ပဋိပတ္တိ ဤသို့သဘောရှိသော မေထုန်အကျင့်ကို မပြုအံ့-ဟု နှလုံးသွင်း၍ ပဌမပါရာဇိက သိက္ခာပုဒ်၌ အသက်ထက်ဆုံး ဆောက်တည်၍ ကျင့်ခြင်း။

ပဒေသပညတ်

ဝိနယရေပဌမေန၊ ဂဏေန ဥပသမ္ပဒါ
ဂုဏင်္ဂုဏူပါဟနာ၊ ဓုဝန္ဟာနံ စမ္မတ္ထရဏံ၊

ကိုယ်စိတ် သမုဋ္ဌာန်

ပဌမပါရာဇိက၊ ပဌမ ဒုတိယသံယာဒိသေသ်၊
ဘိက္ခုနီပဌမပါရာဇိက ဧကာဂါမန္တရသိက္ခာပုဒ်၊

ဒု တ စ ပါရာဇိက တ စ သံ ဒုဋ္ဌဒေါသ သမုဋ္ဌာန်
ကိုယ်စိတ် နှုတ်စိတ် ကိုယ်နှုတ်စိတ်၊

ကိုယ်နှုတ်စိတ် ယာဝတတိယက သိက္ခာပုဒ် ၄-ပုဒ်၊
ကျင့်ဆဲပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ် ကလျာဏပုထုဇဉ်၊
ကျင့်ပြီးပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်၊
တည်ရာပုဂ္ဂိုလ် သိက္ခာသုံးပါး လိုလားသူတို့၌ တည်ပါသည်၊
ဆောင်သူ နှုတ်တက်အာဂုံရသူများ၊
တဿ ဝစနံ ဘဂဝတော ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ဇမ္ဗူဒိပ်မှ ပရမ္ပရာဘတ ပဌထေရ

ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ၊
မောဂ္ဂလိပုတ္တေန ပဥ္စမာ၊ ဧတေ ဇမ္ဗုသိရိဝှယေ၊

http://www.dhammadownload.com



## ဇမ္ဗူဒိပ်မှ သီဟိုဠ်ကြွလာ ထေရ်မဟာ

တတော မဟိန္ဒော ကုဋ္ဋိယော၊ ဥတ္တိယော သမ္ဗလော တထာ၊

ဘဒ္ဒနာမောစ ပဏ္ဍိတော (ဘဒ္ဒသာလထေရ်)

မေဓာဝိ ပုပ္ဖနာမော-၌ ပုပ္ဖနာမ-အရ မဟာပဒုမ(သုမန)ထေရ်၊

မဟာပညော ပုပ္ဖနာမော ပုပ္ဖနာမ-အရ သုမနထေရ်၊

သက်န်းကိုပေးပြီးမှ လုယူသူ ဒုက္ကဋ်အာပတ်၊

မိမိဥစ္စာဟူသော အမှတ်ဖြင့် လုယူအပ်သောကြောင့်၊ (၅)

နိဿျ သပ္ပါဏကံ-သော၊ ဥဒကံ-ကို၊ တိဏံဝါ-သို့သော်ရင်း၊

မတ္တိကံဝါ-မြေညက်သို့သော်ရင်း (တစ်နည်း) သပ္ပါဏကံ-သော၊

ဥဒကံ-ရေထဲသို့၊ တိဏံဝါ ကိုသော်ရင်း၊ မတ္တိကံဝါ-ကိုသော်ရင်း၊

## သေခိယသိက္ခာပုဒ် ပညတ်ရာဌာန

န သုရုသုရု ကောသမ္ဗိ၊ သာမိသေန သသိတ္ထကီ

သမ္ဗဟုလာ မုနိ ဘဂ္ဂိ၊ သေသာ သာဝတ္ထိ ဆဗ္ဗဂ္ဂီ၊ ၄၃

အလွန်ငယ်သော ဆွမ်းလုပ်ကိုပြုလျှင် အာပတ်မသင့်၊

အလွန်ကြီးသော ဆွမ်းလုပ်ကိုသာ ပယ်အပ်သောကြောင့်၊

သဗ္ဗဟတ္ထံအရ လက်ငါးချောင်းကိုယူ၊ ၄၉

သေနတ်ကို ပခုံးလွယ်သူအား တရားဟောနိုင်သည်၊ ၅

ဆောင်းအခါ ဦးခေါင်းခြုံထားသူအား တရားမဟောသင့်၊

## မေထုန်မှီဝဲခြင်းကြောင့် သင့်သောအာပတ်

ခွေး မြေခွေးတို့မခဲစားအပ်သော နိမိတ်ရှိသော အလောင်းကောင်၌

http://www.dhammadownload.com



မှိုဝဲလျှင် ပါရာဇိက၊

များသောအားဖြင့် ခံစားအပ်ပြီးသော နိမိတ်ရှိသော အလောင်းကောင်၌ မှိုဝဲလျှင် ထုလ္လစ္စဉ်း၊

ပွင့်နေသောခံတွင်း၌ မထိအောင်သွင်းလျှင်-ဒုက္ကဋ်၊

## ခိုးခြင်းကြောင့် သင့်သောအာပတ်

| | | | |
|---|---|---|---|
| ၁။ | ငါးပဲ၊ ငါးပဲအထက်ခိုးလျှင် | ပါရာဇိက၊ | ၅၅ |
| ၂။ | ငါးပဲအောက် တစ်ပဲအထက်ခိုးလျှင် | ထုလ္လစ္စဉ်း၊ | |
| ၃။ | တစ်ပဲ၊ တစ်ပဲအောက်ခိုးလျှင် | ဒုက္ကဋ်၊ | |

## လူသတ်ခြင်းကြောင့် သင့်သောအာပတ်

| | | | |
|---|---|---|---|
| ၁။ | လူကျပြီး သေအောင်တွင်းတူးလျှင် | - ဒုက္ကဋ်၊ | |
| ၂။ | လူကျ၍ ဒုက္ခဝေဒနာဖြစ်လျှင် | - ထုလ္လစ္စဉ်း၊ | |
| ၃။ | လူသေလျှင် | - ပါရာဇိက၊ | ၅၆ |

## ဈာန်မဂ်ဖိုလ်မရဘဲ ကြွားဝါခြင်းကြောင့် သင့်သောအာပတ်

၁။ ပါဝိဠ္ဌော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ - ပါရာဇိက၊

၂။ သင့်ကျောင်းမှာနေသူဟာ ရဟန္တာ-ဟု ပြော၍ အပြောခံရသူ သိလျှင်-ထုလ္လစ္စဉ်း၊

၃။ မသိလျှင် - ဒုက္ကဋ်၊

http://www.dhammadownload.com



## ဒုဋ္ဌုလ္လဝါစာ

ဝစ္စမဂ် ပဿာဝမဂ်ကို ရည်စူး၍ ဂုဏ် အပြစ်ကိုပြောလျှင် သံဃာဒိသေသ်၊ ဝစ္စမဂ် ပဿာဝဂ်မှတစ်ပါး ညှပ်ရိုးနှစ်ဘက်၏ အောက် ပုဆစ်ဒူးဝမ်း-၂-ဘက်မှ အထက်အရပ်ကို ရည်စူး၍ ဂုဏ်အပြစ်ပြောလျှင် -ထုလ္လစ္စည်း၊ ကာယပဋိဗဒ္ဓကို ရည်စူး၍ ဂုဏ်အပြစ်ကိုပြောလျှင်-ဒုက္ကဋ်၊

### သံဃဘေဒက-စသော ၄-ပုဒ်

၁။ ဥတ်ကြောင့်-ဒုက္ကဋ် ၅၄

၂။ နှစ်ခုသောကမ္မဝါစာတို့ကြောင့် -ထုလ္လစ္စည်း၊

၃။ ကမ္မဝါအဆုံး၌ သံဃာဒိသေသ်၊

(ကမ္မဝါစာနှင့် ပတ်သက်သော သိက္ခာပုဒ်တို့၌ ဌင်းနည်း)

### အောင်သွယ်လျှင် အာပတ်(၃)မျိုး

၁။ ပဋိဂ္ဂဏှာတိ ဝီမံသတိ ပစ္စာဟရတိ - သံဃာဒိသေသ်၊

၂။ ပဋိဂ္ဂဏှာတိ ဝီမံသတိ နပစ္စာဟရတိ - ထုလ္လစ္စည်း၊

၃။ ပဋိဂ္ဂဏှာတိ နဝီမံသတိ နပစ္စာဟရတိ - ဒုက္ကဋ်၊ ၅၄

### မုသာဝါဒ အာပတ် (၅) မျိုး

ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ ပါရာဇိက၊ ဘိက္ခုံ အမူလကေန ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေတိ-သံဃာဒိသေသ်၊ သင့်ကျောင်း၌ နေသူဟာ ရဟန္တာ -ဟု ပြော၍ အပြောခံရသူ သိလျှင်-ထုလ္လစ္စည်း၊ မသိလျှင်-ဒုက္ကဋ်၊

http://www.dhammadownload.com



သမ္ပဇာနမုသာဝါဒကြောင့် - ပါစိတ် ၆၁

## အရက်သောက်သူ သင့်နိုင်သောအာပတ်

၁။ သောက်အံ့ - ဟုကြံ၍ လက်ခံလျှင် - ဒုက္ကဋ်၊

၂။ မျိုတိုင်း မျိုတိုင်း - ပါစိတ်၊ ၆၇၄

## သတ္တဝါကိုသတ်ရာ၌ အာပတ်(၄)မျိုး

တစ်စုံတစ်ယောက်ကျပြီး သေပါစေ-ဟုကြံ၍ ပုဂ္ဂိုလ်ကို မရည်စူးဘဲတွင်းတူး - ဒုက္ကဋ်၊ ထိုတွင်း၌ လူကျပြီးသေလျှင် ပါရာဇိက၊ ဘီလူး ပြိတ္တာ လူယောင်ဆောင်သော တိရစ္ဆာန် ကျသေလျှင်-ထုလ္လစ္စည်း၊တိရစ္ဆာန်ကျပြီးသေလျှင်-ပါစိတ်၊ ၆၈

ငြိမ်းပြီးအဓိကရုဏ်းကို လှုပ်ခြောက်ခြားစေအံ့ - ဒုက္ကဋ်

ငြိမ်းပြီးအဓိကရုဏ်းကို လှုပ်ခြောက်ခြားစေပြီးသော် - ပါစိတ်

သံဃိကလာဘ်ကို ပုဂ္ဂိုလ်အားညွတ်စေအံ့ - ဒုက္ကဋ်၊

ညွတ်စေပြီးသော် - ပါစိတ်၊ ၇၀

## မေထုန်မှီဝဲခြင်းကြောင့် သင့်သောအာပတ်(၄)

အက္ခာယိတေ သရီရေ မေထုနံ ဓမ္မံ ပဋိသေဝတိ - ပါရာဇိက၊

ယေဘုယျေန ခါယိတေ သရီရေ ပဋိသေဝတိ - ထုလ္လစ္စည်း၊

ဝဋ္ဋကတေ မုခေ အစ္ဆုပန္တံ အင်္ဂဇာတံ ပဝေသေတိ - ဒုက္ကဋ်၊

ဇတုမဋ္ဌကေ - ပါစိတ်၊ ၈၈

## ကာယသံသဂ္ဂံ သာဒိယနပစ္စယာ ပဉ္စ အာပတ္တိ

အဝဿုတာ ဘိက္ခုနီ အဝဿုတပုရိသဿ အဓက္ခကံ ဥဗ္ဘဇာ ဏုမဏ္ဍလံ ဂဟဏံ သာဒိယတိ-ပါရာဇိက၊

http://www.dhammadownload.com



ဘိက္ခု ကာယေန ကာယံ အာမသတိ - သံဃာဒိသေသ်၊
ကာယေန ကာယပဋိဗဒ္ဓံ အာမသတိ - ထုလ္လစ္စဥ်း၊
ကာယပဋိဗဒ္ဓေန ကာယပဋိဗဒ္ဓံ အာမသတိ - ဒုက္ကဋ်၊
အင်္ဂုလိပတောဒကေ - ပါစိတ်၊ ၉၀
သုရုသုရုဝင်္ဂ၌ အနုပညတ်သိက္ခာပုဒ် ၄-ပုဒ်၊ ၅၂

ပဥ္စမပါရာဇိက သုန္ဒရီနန္ဒာ ဘိက္ခုနီ အဝဿုတာ အဝဿုတဿ ပုရိသပုဂ္ဂလဿ ကာယသံသဂ္ဂံ သာဒိယိ၊ တသ္မိံ ဝတ္ထုသ္မိံ၊

## ဘိက္ခုနီပါရာဇိကသိက္ခာပုဒ် အမည်

ဥဗ္ဘဇာဏုမဏ္ဍလိကာ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ ဥက္ခိတ္တာနုဝတ္တိကာ အဋ္ဌဝတ္ထုကာ၊

## ဘိက္ခုနီသိက္ခာပုဒ် ပညတ်ရာဌာန

သုဒ္ဓိ သတ္တ၊ အင်္ဂေဝါသ ဝေ၊ သြဝါဒေ သတ္တ ဂိရဂ္ဂါ၊
အန္တောဝဿံ န ပက္ကမိ၊ ပါရိဝါသိက မြို့ရာဇာ၊
သတ္တသိက္ခာပဒါ သေသာ၊ သာဝတ္ထိယံယေဝ ပညတ္တာ၊

## အာဝသထနှစ်ခုအထူး

အာဝသထစီဝရံ ကျောင်း၌ထားအပ်သော ဥတုနီးသင်္ကန်း၊
အာဝသထံ အနိသဇ္ဇိတွာ တံခါးရှက် တပ်အပ်သောကျောင်း၊

## ဂိဟိဂတသိက္ခာမာန်ကို ၁၂-နှစ်ဖြင့် ရဟန်းခံခွင့်ပေးခြင်းအကြောင်း

အအေးအပူ ထမင်းဆာခြင်း ရေဆာခြင်း မှက်ခြင် လေ နေပူ မြွေကင်းတို့၏အတွေ့၊ မကောင်းသဖြင့် ပြောဆိုအပ်သော

http://www.dhammadownload.com



မကောင်းသဖြင့် ရောက်လာသောစကား၊ ကိုယ်၌ဖြစ်သော ဆင်းရဲထက်မြက် ကြမ်းတမ်း ခါးစပ် မသာယာ မမြတ်နိုးအပ် အသက်ကိုဆောင် နိုင်သောဝေဒနာတို့ကို သည်းခံနိုင်သောကြောင့်၊

## သိက္ခမာန် (၃) မျိုး

မဟာသိက္ခမာန် အသက် (၂၀) ကျော်ပြီးသော သိက္ခမာန်၊
ဂိဟိဂတ ယောက်ျားတစ်ပါး သွားလာအပ်ပြီးသော သိက္ခမာန်၊
ကုမာရိဘူတ ယောက်ျားတစ်ပါး မသွားလာအပ်သော သိက္ခမာန်၊

## ဘိက္ခုနီပါဠိဒေသနီသိက္ခာပုဒ် (၈)ပုဒ်

ကာယ ကာယဝါစာ ကာယစိတ္တ ကာယဝါစာစိတ္တသမုဋ္ဌာန် (၄)ပါး၊

## ယောက်ျားက ကိုယ်ကိုသုံးသပ်ရာ၌ အာပတ်

အကျွက် ဥဗ္ဗဇာဏုမဏ္ဍလံ ဂဟဏံ သာဒိယတိ-ပါရာဇိက၊
ဥဗ္ဗက္ခကံ အဓောဇာဏုမဏ္ဍလံ ဂဟဏံ သာဒိယတိ-ထုလ္လစ္စည်း၊
ကာယပဋိဗဒ္ဓံ ဂဟဏံ သာဒိယတိ -ဒုက္ကဋ်၊

## တရားစွဲသောဘိက္ခုနီ

တစ်ယောက်၏စကားကို တရားသူကြီးအား ပြောအံ့ ဒုက္ကဋ်၊
ဒုတိယပုဂ္ဂိုလ်၏စကားကို တရားသူကြီးအားပြောအံ့ ထုလ္လစ္စည်း၊
တရားဆုံးဖြတ်ပြီးလျှင် သံဃာဒိသေသ်၊

## တိရစ္ဆာနဝိဇ္ဇာပို့ချ

ပို့ချသောပယောဂကြောင့်ဒုက္ကဋ်၊
ပုဒ်တိုင်း ပုဒ်တိုင်း၌ ပါစိတ်၊ ၁၃၅

http://www.dhammadownload.com



## ဗုဒ္ဓစန္ဒေ ဗုဒ္ဓါဒိစွေ

ဗုဒ္ဓစန္ဒေ - ဘုရားတည်းဟူသောလမင်းသည် (ရူပက)

ဗုဒ္ဓစန္ဒေ - လမင်းနှင့်တူသောဘုရားရှင်သည် (သဒိသ)

ဗုဒ္ဓစန္ဒေ - လမင်းကဲ့သို့သောဘုရားရှင်သည် (ဥပမာ)

ဗုဒ္ဓစန္ဒေ- ဘုရားရှင်လမင်းသည် (သမ္ဘာဝနာ)

ဆောင် တည်းဟူသော ရူပကံ ဧယျံ၊ တူသောတိ သဒိသံ မတံ၊

ကဲ့သို့တိ ဥပမာ ဧယျာ၊ သမ္ဘာဝနာတိ ပြိုင်မတာ၊

## ပရိဝါပါဠိတော်ကိုသင်ယူသင့်သောအကြောင်း

ပရိဝါပါဠိတော်၌သာ နိယတသမုဋ္ဌာန် အနိယတသမုဋ္ဌာန် နိဒါန်းတို့၏ ထင်ရှားကုန်သည်၏ အဖြစ်ကြောင့် သူတော်ကောင်းတရား လိုလားသော သီလကိုချစ်မြတ်နိုးသူသည် ပရိဝါပါဠိတော်ကို သင်ယူသင့်ပါသည်၊ ၁၅၇

နိယတသမုဋ္ဌာန် ဘူတာရောစန စောရိဝုဋ္ဌာပန အနနုညာတ၊

အာပတ်(၇)ပုံ

ပါရာဇိက သံဃာဒိသေသ် ထုလ္လစ္စဉ်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသီ၊

သမုဋ္ဌာန် (၁၃) ပါး

၁။ ပဌမပါရာဇိက ကိုယ်စိတ်သမုဋ္ဌာန်၊ ၇၆

၂။ ဒုတိယပါရာဇိက ကိုယ်စိတ်၊ နှုတ်စိတ်၊ ကိုယ်နှုတ်စိတ်၊ ၇၀

၃။ သဉ္စရိတ္တ သမုဋ္ဌာန်(၆) ပါး ၅၀

၄။ သမနုဘာသန ကိုယ်နှုတ်စိတ်၊ ၃၇

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၅။ | ကထိန | ကိုယ်နှုတ်၊ ကိုယ်နှုတ်စိတ်၊ | ၂၉ |
| ၆။ | ဧဠကလောမ | ကိုယ် ကိုယ်စိတ်၊ | ၄၄ |
| ၇။ | ပဒသောဓမ္မ | နှုတ် နှုတ်စိတ် | ၇ |
| ၈။ | အဒ္ဓါန | ကိုယ် ကိုယ်နှုတ် ကိုယ်စိတ် ကိုယ်နှုတ်စိတ်၊ | ၁၅ |
| ၉။ | ထေယျသတ္ထ | ကိုယ်စိတ် ကိုယ်နှုတ်စိတ်၊ | ၇ |
| ၁၀။ | ဓမ္မဒေသနာ | နှုတ်စိတ် | ၁၁ |
| ၁၁။ | ဘူတာရောစန | ကိုယ် နှုတ် ကိုယ်နှုတ် | ၁ |
| ၁၂။ | စောရိဝုဋ္ဌာပန | နှုတ်စိတ် ကိုယ်နှုတ်စိတ် | ၁ |
| ၁၃။ | အနနုညာက | နှုတ် ကိုယ်နှုတ် နှုတ်စိတ် ကိုယ်နှုတ်စိတ် | |

## ဝိနီတဝတ္ထု (၇)ပါး

၅-ပါး ၇-ပါးသော အာပတ်အစုတို့မှ ဝေးစွာမွေ့လျော်ခြင်း ကင်း၍ မွေ့လျော်ခြင်း အသီးသီးကင်း၍ မွေ့လျော်ခြင်း ရာဂစသော အကုသိုလ် ရန်ကို ဖျက်ဆီးခြင်း အာပတ်အစုကိုမပြုခြင်း အာပတ်အစုသို့ မရောက်ခြင်း အာပတ်အစုကို လှုပ်ရှားစေတတ် ဖျက်ဆီးတတ်သောသဘော၊ အာပတ်အစုကို မလွန်ကျူးခြင်း နိဗ္ဗာန်သို့သွားကြောင်းလမ်းကို ဖွဲ့နှောင်တားမြစ်တတ်သော အာပတ်အစုကို ဖျက်ဆီးတတ်သောသဘော၊ ၁၆၅

## ဂါရဝ (၆) ပါး

ဗုဒ္ဓဂါရဝ ဓမ္မဂါရဝ သံဃဂါရဝ သိက္ခာဂါရဝ
အပ္ပမာဒဂါရဝ ပဋိသန္ထာရဂါရဝ၊

## ဗုဒ္ဓအဂါရဝ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် ဆည်းကပ်ရာ

http://www.dhammadownload.com



အရပ်သို့မသွားခြင်း၊ ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသော်စေတီတည်ရာအရပ် ဗောဓိပင်တည်ရာအရပ်သို့ မသွားခြင်း၊ စေတီ ဗောဓိပင်ကို ရှိမခိုးခြင်း၊ စေတီဗောဓိပင်၌ ထီး ဖိနပ်ဖြင့် လှည့်လည်ခြင်းသည် ဗုဒ္ဓအဂါရဝ၊ ၅

ပဋိသန္ဓာရ

အာမိသ,ဓမ္မကို မရခြင်းကြောင့် မိမိသူတစ်ပါး နှစ်ဦးသားတို့၏အကြား၌ ဖြစ်စရာရှိသော အပေါက်အကြားကို ပိတ်ဆို့ခြင်း၊ ပါဠိစီ ယာနိ တာနိ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ သဗြဟ္မစာရီသု အာဝိ စေဝ ရဟော စ၊ ၁၆၇

သာရဏီယတရား (၆) ပါး

၁။ ရဟန်း၏မေတ္တာရှိသော ကာယကံသည် သီတင်းသုံးဘော်တို့၏ မျက်မှောက်မျက်ကွယ်၌ ရှေးရှုတည်နေခြင်း၊

၂။ ရဟန်း၏မေတ္တာရှိသော ဝစီကံသည် သီတင်းသုံးဘော်တို့၏ မျက်မှောက်မျက်ကွယ်၌ ရှေးရှုတည်နေခြင်း၊

၃။ ရဟန်း၏မေတ္တာရှိသော မနောကံသည် သီတင်းသုံးဘော်တို့၏ မျက်မှောက်မျက်ကွယ်၌ ရှေးရှုတည်နေခြင်း၊

၄။ တရားသဖြင့်ဖြစ်သော တရားသဖြင့်ရအပ်သော အောက်ထက်ဆုံးသပိတ်၌ အကျုံးဝင်သော ဘောဇဉ်ဟူသော လာဘ်တို့ကို သီလရှိသော သီတင်းသုံးဘော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ခြင်း၊

၅။ မကျိုးမပေါက် မပြောက်မကြားဘဲ တဏှာကျွန်အဖြစ်မှလွတ်

http://www.dhammadownload.com



သော ပညာရှိတို့ ချီးမွမ်းအပ် တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ် သမာဓိကို ဖြစ်စေတတ်သောသီလတို့၌ သီတင်းသုံးဘော်တို့၏ မျက်မှောက်မျက်ကွယ်၌ သီလအားဖြင့် တူသည်၏ အဖြစ်သို့ရောက်၍နေခြင်း၊

၆။ ကိလေသာတို့မှ ဝေးကွာ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော ဘုရားအဆုံး အမတော်အတိုင်း ပြုကျင့်လိုက်နာသူအား ကောင်းစွာ ဝဋ်ဒုက္ခ၏ ကုန်ခြင်းငှာဖြစ်သော မဂ်နှင့်ယှဉ်သောသမ္မာဒိဋ္ဌိဖြင့် သီတင်းသုံးဖေါ်တို့၏ မျက်မှောက်မျက်ကွယ်၌ အယူအားဖြင့် တူမျှသည်၏အဖြစ်သို့ရောက်၍နေခြင်း၊ ၁၆၈

## မေတ္တာကာယကံ မေတ္တာဝစီကံ

သီတင်းငယ်တို့၏ သက်နှံးချုပ်ခြင်းစသည်တို့၌ အဖေါ်အဖြစ်သို့ ရောက်ခြင်းသည် မေတ္တာကာယကံ၊ "ဒေဝထေရ် တိဿထေရ်"ဟု မြှောက်၍ ပြောဆိုခြင်းသည် မေတ္တာဝစီကံ၊

## ကိုယ်စိတ် ၂ ပါးကြောင့်ဖြစ်သော အာပတ် (၆) မျိုး

၁။ ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ၊ အာပတ္တိ ပါရာဇိကဿ

၂။ ဘိက္ခု အကပ္ပိယသညီ သညာစိကာယ ကုဋိံ ကရောတိ အဒေသိတဝတ္ထုကံ ပမာဏာတိက္ကန္တံ သာရမ္ဘံ အပရိက္ကမနံ၊ ပယောဂေ ဒုက္ကဋံ၊

၃။ နောက်ဆုံးမြေညက်ဆိုင် မရောက်သေးမီ ထုလ္လစ္စဉ်း၊

http://www.dhammadownload.com



၄။ နောက်ဆုံးမြေညက်ဆိုင် ရောက်ပြီးသော်- သံဃာဒိသေသ်၊

၅။ ရဟန်းသည် မအပ်မှန်းသိလျက် နေလွဲအခါ ဘောဇဉ်ကိုစား ပါစိတ်၊

၆။ ရဟန်းသည် မအပ်မှန်းသိလျက် ရွာထဲဝင်သော ဆွေမျိုး မတော်သော ဘိက္ခုနီလက်မှ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ယူစားလျှင် ပါဋိဒေသနီ၊ ၁၇၃

သမုဋ္ဌာန် (၆)ပါးကြောင့် သင့်သောအာပတ်

ကိုယ်ကြောင့်ဖြစ်သော သမုဋ္ဌာန် ၅၊
နှုတ်ကြောင့်ဖြစ်သော သမုဋ္ဌာန် ၄၊
ကိုယ်နှုတ်ကြောင့်ဖြစ်သော သမုဋ္ဌာန် ၅။
ကိုယ်စိတ်ကြောင့်ဖြစ်သော သမုဋ္ဌာန် ၆၊
နှုတ်စိတ်ကြောင့်ဖြစ်သော သမုဋ္ဌာန် ၆၊
ကိုယ်နှုတ်စိတ်ကြောင့်ဖြစ်သော သမုဋ္ဌာန် ၆၊ ၁၇၅

အာဇီဝ ဝိပတ္တိကြောင့် သင့်သောအာပတ်(၆)မျိုး

အာဇီဝဟေတု အာဇီဝကာရဏာ

၁။ ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဉတ္တရိမနုဿဓမ္မံ ဉလ္လပတိ-ပါရာဇိက၊

၂။ သဉ္စရိတ္တံ သမာပဇ္ဇတိ -သံဃာဒိသေသ်၊

၃။ သင့်ကျောင်းမှာ နေသူဟာ ရဟန္တာ-ဟု ပြော၍သိလျှင် ထုလ္လစ္စည်း၊

http://www.dhammadownload.com



၄။ ဘိက္ခု ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ
ဘုဉ္စတိ-ပါစိတ်၊
၅။ ဘိက္ခုနီ ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ
ဘုဉ္စတိ-ပါဋိဒေသနီ၊ ၁၇၈
၆။ သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ
ဝိညာပေတွာ ဘုဉ္စတိ ဒုက္ကဋ်၊

ဂါထာ အသန္တံ သဥ္စရိတ္တဉ္စေဝ၊ အရဟာတိစ ဘဏာတိ၊
ပဏီတံ ဩဒနံစာပိ၊ ဝိညာပေတွာန ဘုဉ္စတိ၊
ဝိပတ္တိ (၄)ပါးကြောင့်သင့်သောအာပတ်
(ဆောင်) သီလ-အာစာ၊ ဒိဋ္ဌိ-အာ၊ လေးဖြာ ဝိပတ္တိ၊
၄-၁-၂-၆၊ စဉ်တိုင်းကောက်၊ မှတ်လောက် အာပတ္တိ၊
သမုဋ္ဌာန် (၆)ပါးကြောင့်သင့်သောအာပတ်
ကိုယ်ရယ် နှုတ်ရယ်၊ ကိုယ်နှုတ်ရယ်၊
ကိုယ်စိတ် နှုတ်စိတ်၊ ကိုယ်နှုတ်စိတ်၊
၅-၄-၅-၆၊ နောက်ခြောက်ခြောက်၊ မှတ်လောက် သမုဋ္ဌိ၊
အဓိကရုဏ်း ၄-ပါးကြောင့် သင့်နိုင်သောအာပတ်
ဆောင် ဝိဝါ ဒုက်ပါ၊ နုဝါဒါမှန်၊ သံ-ပါ-ဒုက္ကဋ်၊
အာပတ္တမှာ၊ ပါရာ ထုလ်-ပါ၊ ဒုက္ကဋာသိ၊ ၁၇၉
ကိစ္စာဓိကျ၊ ထုလ္လ-ဒုက်-သံ၊ တဖန်ပါရာ၊
ပါစိတ်သာ၊ ထွင်ကာ အကျယ်သိ၊

http://www.dhammadownload.com



## အဓိကရုဏ်း ၄-ပါးကြောင့်သင့်သောအာပတ်

(ဆောင်) ဝိဝါ-နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရုဏ်း၊
၂-၃-၄ ပါး၊ စဉ်တိုင်းထား၊ ၅-ပါး မှတ်လေအုံး၊

**ဝိဝါဒါဓိကရုဏ်း** ရဟန်းကိုဆဲလျှင် ပါစိတ်၊
လူသာမဏေကိုဆဲလျှင် ဒုက္ကဋ်၊

**အနုဝါဒါဓိကရုဏ်း**

ရဟန်းကို အမူလကပါရာဇိကဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ်၊
အမူလက သံဃာဒိသေသ်ဖြင့် စွပ်စွဲလျှင် ပါစိတ်၊
အမူလက အာစာရဝိပတ္တိဖြင့် စွပ်စွဲလျှင် ဒုက္ကဋ်၊

**အာပတ္တာဓိကရုဏ်း**

ဘိက္ခုနီသည် သိလျက် ပါရာဇိကကို ဖုံးလွှမ်းလျှင် ပါရာဇိက၊
ယုံမှားခြင်းရှိသည်ဖြစ်၍ ဖုံးလွှမ်းလျှင် ထုလ္လစ္စည်း၊
ရဟန်းသည် သံဃာဒိသေသ်ကို ဖုံးလွှမ်းလျှင် ပါစိတ်၊
အာစာရဝိပတ္တိကို ဖုံးလွှမ်းလျှင် ဒုက္ကဋ်၊ ၁၈၀

မေး အာပတ် ၇-ပုံမှ အခြားသော အာပတ်တို့သည် အဘယ် ဝိပတ္တိ အာပတ်အစု သမုဋ္ဌာန် အဓိကရုဏ်း သမထတို့နည်း၊

ဖြေ မည်သည့်ဝိပတ္တိ အာပတ်အစု သမုဋ္ဌာန် အဓိကရုဏ်း သမထတို့ဖြင့် မငြိမ်း၊ ၁၈၁

အကြောင်း အာပတ် ၇-ပုံ၊ ၇ ပါးသော အာပတ်အစုတို့မှ အခြားသော အာပတ်မရှိသောကြောင့်တည်း၊

ဘောပွဲကြည့်သောဘိက္ခုနီ ပါစိတ်၊ ဘိက္ခု-ဒုက္ကဋ်၊

http://www.dhammadownload.com



ကြည့်ရန်သွား ဒုက္ကင့်၊ ရပ်ပြီးကြည့်ရှု နားထောင်လျှင် ပါစိတ်၊

သမထဘေဒ

| အဓိကရဏ | ပုဗ္ဗဂ်မ | ဌာန | ဟေတု | မူလ | အာကာရ | သမထ |
|---|---|---|---|---|---|---|
| ဝိဝါဒ | ၆ | ၁၈ | ၉ | ၁၂ | ဓမ္မဒိဋ္ဌိ | |
| | | | | | အဓမ္မဒိဋ္ဌိ | ၂ |
| အနုဝါဒ | ၆ | ၄ | ၉ | ၁၄ | ဝတ္ထုအာပတ် | ၄ |
| အာပတ္တာ | ၆ | ၇ | ၉ | ၆ | ၆ | |
| ကိစ္စာဓိ | ၆ | ၄ | ၉ | ၁ | ၂ | ၃ |

ပုဗ္ဗဂ်မ (၆)ပါး

လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ၊ ၁၈၃

ဝိဝါဒါဓိကရုဏ်း ဌာန ဝတ္ထု ဘူမိ ဘေဒကရဝတ္ထု- ၁၈၊

အနုဝါဒါဓိကရုဏ်း ဌာန ဝတ္ထု ဘူမိ ဝိပတ္တိ-၄ ပါး

အာပတ္တာဓိကရုဏ်း ဌာန ဝတ္ထု ဘူမိ အာပတ်-၇ ပုံ

ကိစ္စာဓိကရုဏ်း ဌာန ဝတ္ထု ဘူမိ ကံ- ၄ပါး၊

အာပတ္တာဓိကရဏသ ဟေတု

အကုသိုလ်ဟိတ် ၃ပါး၊ အဗျာကတဟိတ် ၃ပါး၊

အဓိကရုဏ်း ၃ ပါး၏ဟိတ်

ကုသိုလ်ဟိတ် ၃၊ အကုသိုလ်ဟိတ် ၃၊ အဗျာကတဟိတ် ၃၊

http://www.dhammadownload.com



ဝိဝါဒါဓိကရဏာမူလ - ၁၂၊ အနုဝါဒါဓိကရဏာမူလ-၁၄၊ .
အာပတ္တာဓိကရဏာမူလ - ၆၊ ကိစ္စာဓိကရဏာမူလ - ၁၊

**ဝိဝါဒါဓိကရုဏ်း၏အာကာရ-၂ပါး**

ဓမ္မ-ဟု အယူရှိသည်ဖြစ်၍ ငြင်းခုံခြင်း၊
အဓမ္မ-ဟု အယူရှိသည်ဖြစ်၍ ငြင်းခုံခြင်း၊ ၁၈၃

**အနုဝါဒါဓိကရုဏ်း အာကာရ-၂ပါး**

ဝတ္ထုဖြင့် စွပ်စွဲခြင်း၊ အာပတ်ဖြင့် စွပ်စွဲခြင်း၊ ၁၈၄

**အာပတ်သင့်ကြောင်း အခြင်းအရာ (၆)ပါး**

ဆောင် အလဇ္ဇီ အညာ၊ ကုက္ကုစ္စာနှင့်၊ အကပ္ပိယထည့်၊
နောက်ကပ္ပိတည်း၊ သတိမေ့သတ်၊ ဤ ၆ ရပ်၊
အာပတ်သင့်ကြောင်းတည်း၊

၁။ မကောင်းမှုမှ မရှက်ခြင်း၊ ၂။ မသိခြင်း၊
၃။ သံသယကုက္ကုစ္စသည် ပင်ကိုယ်သဘောမှ ကင်းအောင်ပြုခြင်း၊
၄။ မအပ်သောအရာ၌ အပ်၏-ဟု မှတ်ထင်ခြင်း၊
၅။ အပ်သောအရာ၌ မအပ်-ဟု မှတ်ထင်ခြင်း၊
၆။ သတိမေ့ခြင်း၊ ၁၈၄

**ကိစ္စာဓိကရုဏ်း၏ အခြင်းအရာ ၂-ပါး**

ဉတ်ကြောင့် ကိစ္စဖြစ်ခြင်း၊ အပလောကနကံကြောင့် ကိစ္စဖြစ်ခြင်း၊

**သမထ ၇ ပါးသည် ၁၀ ပါးဖြစ်**

ဝိဝါဒါဓိကရုဏ်း၌ သမထ-၂ ပါး၊ အနုဝါဒါဓိကရုဏ်း၌

http://www.dhammadownload.com



သမထ ၄ ပါး၊ အာပတ္တာမိကရုဏ်း၌ သမထ-၃ပါး၊ ကိစ္စာမိကရုဏ်း၌ သမထ ၁-ပါး ဤသို့လျှင် စတုဗ္ဗိဓာမိကရဏ ဟူသော ဝတ္ထု၊ ဒေသနာက္ကမဟူသော ပရိယာယ်အားဖြင့် သမထ၇ ပါးသည် သမထ ၁၀ပါး၊ သမထ ၁၀ ပါးသည် ၇-ပါး ဖြစ်နိုင်ပါသည်၊

**အာပတ္တာမိကရုဏ်း၏ တဗ္ဗာဂိယသမထ (၃)ပါး**

သမ္မုခါဝိနယ၊ ပဋိညာတကရဏ၊ တိဏဝတ္ထာရကသမထ၊

**အညဘာဂိယသမထ (၄) ပါး**

ယေဘုယျသိကာ သတိဝိနယ အမူဠှဝိနယ တဿပါပိယသိကာ၊

**သမထနှင့် အမိကရုဏ်း ခွဲ၍ မရနိုင်ခြင်းအကြောင်း**

စတ္တာရိမာနိ ဘိက္ခဝေ အမိကရဏာနိ သတ္တ သမထာ-ဟု မြတ်စွာဘုရားသည် သမထက္ခန္ဓကာ၌ ဟောတော်မူအပ်သောကြောင့် သမထနှင့် အမိကရုဏ်း ခွဲခြား၍ မရနိုင်၊

**ကုသိုလ် အကုသိုလ် အဗျာကတအခွဲ**

သမ္မုခါဝိနည်းသည် ရံခါ ကုသိုလ်၊ ရံခါ အဗျာကတ၊ အကုသိုလ်မရှိ၊ ကြွင်းသော သမထ ၆ ပါးတို့သည် ရံခါ ကုသိုလ်၊ ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ၊ ၁၉၁

**သမထ ၆-ပါး အမိတရုဏ်း ၄-ပါးတို့သည်**

သမ္မုခါဝိနယသမထဖြင့် ငြိမ်းသည်၊ သမ္မုခါဝိနယသည် တစ်စုံတစ်ခုသော သမထအမိကရုဏ်းဖြင့် မငြိမ်း၊ ၂၀၂

http://www.dhammadownload.com



## ဝိဝါဒါဓိကရုဏ်းကြောင့် အဓိကရုဏ်း ၄ ပါးဖြစ်

ဝိဝါဒါဓိကရုဏ်းဖြစ်လသော် သံဃာသည် ငြင်းခုံ၍ ဝိဝါဒါဓိကရုဏ်းဖြစ်၏၊ငြင်းခုံလသော်စွပ်စွဲကြသဖြင့် အနုဝါဒါဓိကရုဏ်းဖြစ်၏၊ စွပ်စွဲလသော် အာပတ်သို့ရောက်သဖြင့်အာပတ္တာဓိကရုဏ်းဖြစ်၏၊ ထိုအာပတ်ကြောင့် သံဃာသည် ကံပြုသဖြင့် ကိစ္စာဓိကရုဏ်းဖြစ်၏၊ ဤသို့လျှင် ဝိဝါဒါဓိကရုဏ်းကြောင့် အဓိကရုဏ်း ၄-ပါး ဖြစ်နိုင်ပါသည်၊ ၂၀၃

### မဟာဝါမှ အာပတ္တိက္ခန္ဓ

ဆောင် ဥပေါ-ပဝါ၊ စမ္မာ-ဘေရ္လူ၊ ထုလ်-ပါ-ဒုတည်း၊
ပါ-ဒု-မဟာ၊ စီဝရာ၌၊ ထုလ်လာ နိသ်-ဒု၊ ၂၀၇
ဝဿု-စမ္မေယျာ၊ ကော-ဒုက်သာ၊ ဗလာ ကထိန်၊

### စူဠဝါမှ အာပတ္တိက္ခန္ဓ

ကမ်-ပရိဝါ၊ သမုစ္စယာနှင့်၊ ဝတ္တာ-ပါတိ၊ ဒုက်သာရှိ၏၊ ၂၀၈
ခုဒ္ဒ-သေနာ၊ ထုလ်-ပါ-ဒုက္ကဋ်၊ သံဃဘေဒါ၊ ထုလ္လ-ပါနှင့်
သမထ-ဘိက္ခုနီ၊ ပါ-ဒုက်ချီ၊ ကြွင်းပြီ အာမရှိ၊

### ကေုတ္တရိက

အာပတ္တိကရ ဆ သမုဋ္ဌာနာ၊ အနာပတ္တိကရ သတ္တ သမထာ၊
လဟုက အဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လဝဏ္ဏာ ဒေသနာဂါမိနီ
အောက် အာပတ်(၅)ပုံ
ဂရုက ဒုဋ္ဌုလ္လ ဒုဋ္ဌုလ္လဝဏ္ဏာ အဒေသနာဂါမိနီ
ပါရာဇိက သံဃာဒိသေသ်၊

http://www.dhammadownload.com



သာဝဇ္ဇေသ သပ္ပဋိကမ္မ ပါရာဇိကမှတစ်ပါး၊
အနဝဇ္ဇေသ အပ္ပဋိကမ္မ ပါရာဇိက၊
အန္တရာယိက သဥ္စိစ္စ ဝီတိက္ကန္တ၊
အနန္တရာယိက အသဥ္စိစ္စ ဝီတိက္ကန္တ ပဏ္ဏတ္တိဝဇ္ဇအာပတ်၊
သာဝဇ္ဇပညတ္တိ လောကဝဇ္ဇအာပတ်၊
အနဝဇ္ဇပညတ္တိ ပဏ္ဏတ္တိဝဇ္ဇအာပတ်၊
ကိရိယတော သမုဋ္ဌိတ ပါရာဇိကစသည်၊
အကိရိယတော သမုဋ္ဌိတ စီဝရအနဓိဋ္ဌာနစသည်၊
ကိရိယာကိရိယတော ကုဋိကာရစသောအာပတ်၊
ဂိဟိပဋိသံယုတ္တ ဂိဟိအကြောသန စသောအာပတ်၊
နိယတ ပဉ္စာနန္တရိယကမ္မအာပတ်၊
အာဒိကရ အရှင်သုဒိန်စသည်၊
အနာဒိကရ မျောက်မ၌ မေထုန်မှီဝဲသူစသည်၊
နိယတ မိစ္ဆတ္တနိယတအားဖြင့် မြဲသော၊
ဝါ-သမ္မတ္တနိယတအားဖြင့် မြဲသော၊
အဘဗ္ဗာပတ္တိက ဗုဒ္ဓ ပစ္စေကဗုဒ္ဓ၊
ဘဗ္ဗာပတ္တိက သာဝကဟူသောပုဂ္ဂိုလ်၊

ဒုတဝါရ

သညာဝိမောက္ခ သစိတ္တကအာပတ်၊
နောသညာဝိမောက္ခ အစိတ္တကအာပတ်၊
လဒ္ဓသမာပတ္တိက ဘူတာရောစနအာပတ်၊

http://www.dhammadownload.com



အလဒ္ဓသမာပတ္တိက အဘူတာရောစနအာပတ်၊
သဒ္ဓမ္မပဋိသံယုတ္တ ပဒသောဓမ္မစသည်၊
အသဒ္ဓမ္မပဋိသံယုတ္တ ဒုဋ္ဌုလ္လဝါစာစသည်၊
သပရိက္ခာရပဋိသံယုတ္တ အယုတ္တပရိဘောဂ၊

ပရပရိက္ခာရပဋိသံယုတ္တ

သံဃိက ညောင်စောင်းစသည်ကို လွင်တီးခေါင်၌ခင်း၍ မပန်ပြောဘဲ သွားခြင်းစသောအာပတ်၊
သပုဂ္ဂလပဋိသံယုတ္တ မုဒုပိဋ္ဌိကစသည်၊
ပရပုဂ္ဂလပဋိသံယုတ္တ မေထုနဓမ္မ ကာယသံသဂ္ဂစသည်၊
သိခရဏီ စသည်ဖြင့် အမှန်ကိုပြောလျှင် ဂရုကသံဃာဒိသေသ်၊
သမ္ပဇာနမုသာဝါဒ အမှားကိုပြောလျှင် လဟုကပါစိတ်၊
အဘူတာရောစန အမှားကိုပြောလျှင် ဂရုကပါရာဇိက၊
ဘူတာရောစန အမှန်ကိုပြောလျှင် လဟုကပါစိတ်၊
ဘူမိဂတ ဝဂ္ဂသံဃကမ္မကရဏအာပတ်၊ ၂၁၂

ဝေဟာသဂတ

ဝေဟာသကုဋိ အာဟစ္စပါဒက မဉ္စပီဌအဘိနိသီဒန၊
နိက္ခမန္တ ဂမိယဝတ္တအပူရဏ၊ ပဝိသန္တ အာဂန္တုကဝတ္တ အပူရဏ၊
အာဒိယန္တ အတိရိတ္တဗြီဇဒကသုဒ္ဓိက၊
အနာဒိယန္တ ဒုဗ္ဗဏ္ဏကရဏအနာဒိယန္တ၊
သမာဒိယန္တ မူဂဗ္ဗတာဒိ တိတ္ထိယဝတ္တ၊
န သမာဒိယန္တ တဋ္ဋနိယာဒိ ကမ္မကတဝတ္တ၊

http://www.dhammadownload.com



ကရောန္တ    ဘိက္ခုနိယာ စီဝရသိဗ္ဗန၊
န ကရောန္တ ဥပဇ္ဈာယာဒိ ဝတ္တအကရဏ၊
ဒေန္တ    အညာတိကစီဝရဒါန၊
န ဒေန္တ    သဒ္ဓိဝိဟာရိကာဒိ စီဝရအဒါန၊
ဒေသေန္တ    ဝတ္ထုသဘာဂဒေသနာပစ္စယဒုက္ကဋ်၊
န ဒေသေန္တ    အာပတ္တိအနာဝိကရဏအာပတ်၊
ပဋိဂ္ဂဏှန္တ    အညာတိကစီဝရ ပဋိဂ္ဂဟဏ၊
အပ္ပဋိဂ္ဂဏှန္တ    ဩဝါဒ အပ္ပဋိဂ္ဂဟဏ၊
ပရိဘောဂ    နိဿဂ္ဂိယဝတ္ထု အနိဿဇ္ဇန ပရိဘုဥ္ဇန၊
အပရိဘောဂ    ပဉ္စဟိက သင်္ဃာဋိစာရ၊
ရတ္တိံ    သဟသေယျအာပတ်၊ ဒိဝါ    တံခါးမပိတ်ဘဲအိပ်၊
အရုဏုဂ္ဂေ    ဧကရတ္တာတိက္ကန္တစီဝရ
န အရုဏုဂ္ဂေ    ဒုတိယပဝါရဏာ၊    ၂၁၃
ဆိန္ဒန္တ    သစ်ပင် အင်္ဂါဇာတ်ကိုဖြတ်၊
နဆိန္ဒန္တ    ဆံပင် လက်သည်း ခြေသည်းကို မဖြတ်၊
ဆာဒေန္တ    အာပတ္တိပဋိစ္ဆာဒန၊ န ဆာဒေန္တ    နဂ္ဂ ဂမန၊
ဓာရေန္တ    ကုသစီဝရာဒိ ဓာရဏ၊
န ဓာရေန္တ    ပတ္တ ယာဝဘေဒန အဓာရဏ၊

ဗွေ နာနာသံဝါသကဘူမိယော

အတ္တနာ ဝါ အတ္တာနံ နာနာသံဝါသကံ ကရောတိ၊ သမဂ္ဂေါ ဝါ နံ သံဃော ဥက္ခိပတိ အဒဿနေ ဝါ အပ္ပဋိကမ္မေ ဝါ အပ္ပဋိ

http://www.dhammadownload.com



နိဿဂ္ဂေ ဝါ။

ဒွေ သမာနသံဝါသကဘူမိယော

အတ္တနာ ဝါ အတ္တာနံ သမာနသံဝါသကံ ကရောတိ၊ သမဂ္ဂေါ ဝါ နံ သံဃော ဥက္ခိတ္တံ ဩသာရေတိ ဒဿနေ ဝါ ပဋိကမ္မေ ဝါ ပဋိနိဿဂ္ဂေ ဝါ။

သံဃာကွဲခြင်းအကြောင်း ၂-ပါး

အပလောကနစသောကံ စာရေးတံကို ယူစေခြင်း၊ ၂၁၃

ရဟန်းမခံကောင်းသူ (၆) ယောက်

၁။ အသက် ၂၀ မပြည့်သူ၊ (၂) ကိုယ်အင်္ဂါချွတ်ယွင်းသူ၊

၃။ ပျက်စီးသောဝတ္ထုရှိသောပဏ္ဍုက် တိရစ္ဆာန် ဥဘတောဗျည်း၊

၄။ ပြုအပ်သော မကောင်းမှုရှိသော ထေယျသံဝါသက စသည် ၈-ဦး၊ ၂၁၄

၅။ သပိတ်သင်္ကန်း မပြည့်စုံသူ၊

၆။ သပိတ်သင်္ကန်းပြည့်စုံသော်လည်း ရဟန်းအဖြစ်ကို မတောင်း၊

| | |
|---|---|
| **အလဇ္ဇီ ဗာလတို့ကို** | မှီ၍မနေရ နိဿရည်း မပေးရ၊ |
| **အာပတ်မသင့်** | ဘုရား ပစ္စေကဗုဒ္ဓါ။ |
| **အာပတ်သင့်** | ဘိက္ခု ဘိက္ခုနီ၊ |

တားမြစ်ခြင်း(၂)မျိုး

ကိုယ်ဖြင့်တားမြစ်ခြင်း၊ နှုတ်ဖြင့် တားမြစ်ခြင်း၊

ကပ်၍ဖျက်ဆီးခြင်း(၂)မျိုး

သိက္ခာ(၃)ပါးကိုကပ်၍ ဖျက်ဆီးခြင်း၊ ပစ္စည်းကိုကပ်၍ ဖျက်ဆီးခြင်း၊

http://www.dhammadownload.com



### ဝိနည်း၌ ထင်ရှားသောအနက်(၂)မျိုး

ပညတ်အပ်သောသိက္ခာပုဒ်၊ ပညတ်အပ်သောသိက္ခာပုဒ်အား လျော်သော မဟာပဒေသ(၄)ပါး၊

### ကိလေသာနည်းပါအောင် ခြစ်ပစ်ခြင်း(၂)မျိုး

မအပ်သောအရာ၌ အကြောင်းဖြစ်သော စိတ်ကိုပယ်ဖြတ်ခြင်း၊ အပ်သောအရာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိသည်၏ အဖြစ်၊

ပရိဝါသ်(၄)မျိုးပဋိစ္ဆန္နပရိဝါသ် အပ္ပဋိစ္ဆန္နပရိဝါသ်
သုဒ္ဓန္တပရိဝါသ် သမောဓာနပရိဝါသ်၊ ၂၁၅

### မာနတ်(၄)မျိုး

ပဋိစ္ဆန္နမာနတ် အပ္ပဋိစ္ဆန္နမာနတ် ပက္ခမာနတ် သမောဓာနမာနတ်၊

မရှိသေခြင်း (၂) မျိုး ပုဂ္ဂိုလ်ကို မရှိသေခြင်း၊ ဓမ္မကို မရှိသေခြင်း၊

### ဆား (၈) မျိုး

ဂါထာ ဇာတိမဇ္ဈ ကာရိမဇ္ဈ၊ သာမုဒ္ဒံ ကာဠလောဏကံ၊
သိန္ဓဝံ ဥဗ္ဘိဒံ အဋ္ဌ၊ ရောမကဇ္ဈ ပက္ကာလကံ၊

၁။ ဇာတ်အားဖြင့် ဖြစ်သောဆား၊

၂။ ပြုပြင်ခြင်းဖြင့် ဖြစ်သောဆား၊ ၂၁၅

၃။ သမုဒ္ဒရာ၌ ဖြစ်သောဆား၊

၄။ မည်းနက်သော အဆင်းရှိသောဆား၊

၅။ သိန္ဓောဆား၊ (၆) မြေမှပေါ်ထွက်သောဆား၊

၇။ ရောမဇနပုဒ်၌ဖြစ်သောဆား၊ ၈။ မယောဖြင့်ပြုအပ်သောဆား၊

http://www.dhammadownload.com



ကုန်းတိုက်ခြင်း မိမိကို ချစ်စေလို၍ ကုန်းတိုက်ခြင်း၊
သူတစ်ပါးကို မုန်းစေလို၍ ကုန်းတိုက်ခြင်း ၊ ၂၁၅
ဂဏဘောဇဉ်တိုးပွားခြင်းအကြောင်း(၂)ပါး
ပင့်ဖိတ်ခြင်း တောင်းခြင်းကြောင့် ဂဏဘောဇဉ် ဖြစ်ပါသည်၊
ဗာလ ၁၀-ယောက် အာသဝေါ တိုးပွားသူ ၁၀-ယောက်
အင်္ဂုတ္တိုရ်နှင့်တူ၊
အာဂတာ-ကပ္ပိ၊ ပတ္တိ-ဓမ္မာ၊ ဝိနယာ ဝိနယ၊ ပဏ္ဍိတ ဗာလာ၊

၃။ တိကဝါရ

ဗုဒ္ဓပရိနိဗ္ဗာန်စံမှသင့်သောအာပတ် ထေရာဝုသောဝါဒဒုက္ကဋ်၊
သက်တော်ထင်ရှားရှိစဉ် သင့်သောအာပတ်
လောဟိတုပ္ပါဒကအာပတ်၊
ဆောင်းအခါ ဝဿိကသာဋိကာနိဝါသနအာပတ်၊
နွေအခါ ဝဿိကသာဋိကာပရိယေသနအာပတ်၊
မိုးအခါ နဂ္ဂဩဝဿာပနအာပတ်၊ ၂၁၈
ဗာလော အာပဇ္ဇတိ ဗာလဒသဝဿ ပဉ္စဝဿရဟန်း
ပရိသုပဌာပက နိဿယအဂ္ဂဟဏ အာပတ်၊
ပဏ္ဍိတော အာပဇ္ဇတိ
ပဏ္ဍိတ ဦနဒသဝဿရဟန်း-ဦနဒသဝဿ ဗျတ္တ ပရိသုပဌာပက၊
ပဏ္ဍိတဦနပဉ္စဝဿရဟန်း - ဦနပဉ္စဝဿ ဗျတ္တ နိဿယအဂ္ဂဟဏ၊

http://www.dhammadownload.com



## ဖွင့်ထား ဖုံးထားမှ တင့်တယ်

ဆောင် မာတုဂါမ၊ ပြဟ္မမန္တန်၊ မိစ္ဆာဒိဋ္ဌိ၊ ဖွင့်သိ မဟန်၊
စန္ဒ-သူရ၊ ဗုဒ္ဓရောင်လျှံ၊ ဖွင့်ဖေါ်မှ၊ တင့်လှ အာဝဟံ၊

### အလင်္ကာ ဗာလ အပကတတ္တ ဆုံးရှုံးမှု

ဥပုသ်-ပဝါ၊ သမုတ်-ဝေါဟာ၊ အကြီးအကဲ-မှီမပေး-ခွင့်ပါ၊
ဝစနီ-မေး-ဖြေ -နုယောဂါ၊ မဆွေးနွေး၊ ဆယ့်လေး မှတ်ကြရာ၊

### ဥပုသ် (၉) မျိုး

စာတုဒ္ဒသီ ပန္နရသီ သာမဂ္ဂီ၊ သံဃ ဂဏ ပုဂ္ဂလ၊
သုတ္တုဒ္ဒေသ ပါရိသုဒ္ဓိ အဓိဋ္ဌာန်ဥပုသ်၊ ၂၂၂

### ပဝါရဏာ (၉) မျိုး

စာတုဒ္ဒသီ ပန္နရသီ သာမဂ္ဂီ ၊သံဃ ဂဏ ပုဂ္ဂလ၊
တေဝါစိကာ ဒွေဝါစိကာ သမာနဝဿိကာ ပဝါရဏာ၊

### ငရဲကျကြောင်းတရား ၃-ပါး

၁။ အပြဟ္မစာရီ ပြဟ္မစာရိပဋိညော၊

၂။ ယော စ သုဒ္ဓံ ပြဟ္မစာရိံ ပရိသုဒ္ဓံ ပြဟ္မစရိယံ စရန္တံ အမူလကေန အပြဟ္မစရိယေန အနုဒ္ဓံသေတိ၊

၃။ ယောစာယံ ဧဝံ ဝါဒီ ဧဝံဒိဋ္ဌိ "နတ္ထိကာမေသု ဒေါသော"တိ၊ သော ကာမေသု ပါတဗျတံ အာပဇ္ဇတိ၊

သမ္မုတိ ၃-မျိုး ဒဏ္ဍသမ္မုတိ သိက္ကာသမ္မုတိ ဒဏ္ဍသိက္ကာသမ္မုတိ
ခြေနင်း ၃ မျိုး ဝစ္စပါဒုကာ ပဿာဝပါဒုကာ အာစမနပါဒုကာ၊

http://www.dhammadownload.com



## အရိယာမဟုတ်သော ပုထုဇဉ်ပြောဆိုခြင်း (၈)မျိုး

၁။ စက္ခုဝိညာဉ်ဖြင့် မမြင်အပ်သောအာရုံ၌ မြင်အပ်ပြီ-ဟု ပြောဆိုခြင်း၊ ၂၂၂

၂။ သောတဝိညာဉ်ဖြင့် မကြားအပ်သောအာရုံ၌ ကြားအပ်ပြီ-ဟု ပြောဆိုခြင်း၊

၃။ ဃာန ဇိဝှါ ကာယဝိညာဉ်ဖြင့် ရောက်၍ မသိအပ်သော အာရုံ၌ ရောက်၍ သိအပ်ပြီ-ဟု ပြောဆိုခြင်း၊

၄။ မနောဝိညာဉ်ဖြင့် မသိအပ်ဘူးသောအာရုံ၌ သိအပ်ပြီ-ဟု-ပြောဆိုခြင်း၊

၅။ စက္ခုဝိညာဉ်ဖြင့် မြင်အပ်ဘူးသောအာရုံ၌ မမြင်အပ်-ဟု ပြောဆိုခြင်း၊ သောတစသည် နည်းမှီဆိုပါ။ ၂၂၄

## ပရိက္ခရာ ၄-မျိုး

၁။ စောင့်ရှောက်အပ် လုံခြုံစေအပ် မြတ်နိုးအပ် သုံးဆောင်ထိုက်သော မိမိဥစ္စာ၊

၂။ စောင့်ရှောက်အပ် လုံခြုံစေအပ် မြတ်နိုးအပ် မသုံးဆောင်ထိုက်သော သံဃိကဥစ္စာ၊

၃။ စောင့်ရှောက်အပ် လုံခြုံစေအပ် မမြတ်နိုးအပ် မသုံးဆောင်ထိုက်သော စေတီဥစ္စာ၊

၄။ မစောင့်ရှောက်အပ် မလုံခြုံစေအပ် မမြတ်နိုးအပ် မသုံးဆောင်ထိုက်သော လူ့ဥစ္စာ၊

http://www.dhammadownload.com



## စတုဟာကာရေဟိ အာပတ္တိံ အာပဇ္ဇတိ

ကိုယ်ကြောင့် အာပတ်သင့်ခြင်း နှုတ်ကြောင့်အာပတ်သင့်ခြင်း၊ ကိုယ်နှုတ်ကြောင့် အာပတ်သင့်ခြင်း၊ ကမ္မဝါစာကြောင့် အာပတ်သင့်ခြင်း၊

တစ်နည်း သံဃာ့အလယ်၌ အာပတ်သင့်ခြင်း၊ ဂိုဏ်းအလယ်၌ အာပတ်သင့်ခြင်း၊ ပုဂ္ဂိုလ်အထံ၌ အာပတ်သင့်ခြင်း လိင်ပြန်ခြင်းကြောင့် အာပတ်သင့်ခြင်း၊

## အမ္ဗုမပါသောရေသည်

ကာလိက ၄-ပါးမှ လွတ်သောကြောင့် အကပ်ခံဖွယ်မလို၊ (၅)

## ပရိသတ်ကို ဖျက်ဆီး

ဒုဿီလ ပါပဓမ္မ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ၊ ၂၂၆

## ပရိသတ်ကိုတင့်တယ်စေ

သီလဝါ ကလျာဏဓမ္မ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ၊

## ဝါပြတ်သောရဟန်း၏ အာပတ်မသင့်ကြောင်း ၄-ပါး

၁။ သံဃာကွဲလတ့်ဖြစ်ခြင်း၊ ၂၂၇

၂။ သံဃကွဲအောင် အားထုတ်နေကြခြင်း၊

၃။ အသက်အန္တရာယ်ဖြစ်ခြင်း၊ ၄။ ဗြဟ္မစရိယ အန္တရာယ်ဖြစ်ခြင်း၊

## ဝစီသုစရိုက် ၄-ပါး

သစ္စဝါစာ အပိသုဏာဝါစာ သဏှာဝါစာ၊ ၂၂၇

မန္တာဘာသာ-ပညာဖြင့် ပြောဆိုအပ်သောစကား၊

http://www.dhammadownload.com



## စောဒနာခြင်း ၄-မျိုး

ဝတ္ထုကို ထင်ရှားပြခြင်း အာပတ်ကို ထင်ရှားပြခြင်း၊
ကေကမ္မစသော သံဝါသကိုပယ်ခြင်း၊
အရိုအသေပြုမှုကို ပယ်ခြင်း၊

## ပိဏ္ဍပါတ်မှုတင်ဆောင်သူအား အပ်သောအရာ ၅-မျိုး

အနာမန္တစာရော ဂဏဘောဇန် ပရမ္ပရဘောဇန်၊
ပဏီတဘောဇနသိက္ခာပုဒ်နှင့်စပ်သောသမယကိုဆောက်တည်
ဘွယ်မလိုခြင်း၊ ပရမ္ပရဘောဇန . ဝိကပ္ပနာပြုဘွယ် မလိုခြင်း၊ ၂၃၀

## မပျက်စီးသော အရဟတ္တဖိုလ်ရှိသူပင် ဖြစ်သော်လည်း ယုံမှားအပ်သောရဟန်း

၁။ ပြည့်တန်ဆာမဟူသော ကျက်စားရာရှိသူ၊
၂။ မုဆိုးမဟူသော ကျက်စားရာရှိသူ၊ ၂၃၀
၃။ အပျိုကြီးဟူသော ကျက်စားရာရှိသူ၊
၄။ ပဏ္ဍုက်ဟူသော ကျက်စားရာရှိသူ၊
၅။ ဘိက္ခုနီဟူသော ကျက်စားရာရှိသူ၊

ဆီ ၅-မျိုး နှမ်းဆီ မုံညင်းဆီ သစ်မည်ဆီ ကြက်ဆူဆီ သားဆီ၊
သားဆီ ၅-မျိုး ဝံ ငါး လပိုင်ဆီ၊ ဝက် မြည်းဆီ၊ ငါးလိ အဆီဆေး၊

## ဥပဇ္ဈာယ်မှ မှီရာငြိမ်းခြင်း (၅) မျိုး

ဆောင် အရပ်တစ်ပါး၊ ပြီးဖဲ့သွား၊ ထွက်ငြား၊ ပြန်တော်မူ၊
ပြောင်းရွှေ့တိတ္ထိ၊ နှင်ထုတ်ဘိ၊ ပျက်၏ ဥပဇ္ဈာယ်ယူ၊

http://www.dhammadownload.com



## ပံသုကူသက်န်း (၅)မျိုး

၁။ သုသာန်၌ ကျသောအဝတ်၊

၂။ ဈေးတံခါးပေါက်၌ ကျသောအဝတ်၊

၃။ ကြွက်ခဲစားအပ်သောအဝတ်၊

၄။ ချ ခဲစားအပ်သောအဝတ်၊

၅။ မီးလောင်အပ်သောအဝတ်၊

တစ်နည်း ၁။ နွားခဲစားအပ်သောအဝတ်၊

၂။ ဆိတ် ခဲစားအပ်သောအဝတ်၊

၃။ ထူပကဲ့သို့ မိုမောက်နေသော တောင်ပို့ကို ရစ်ပတ်၍ ပူဇော်အပ်သောအဝတ်၊

၄။ လူအများ ရေချိုးရာအရပ်၌ စွန့်ပစ်အပ်သောအဝတ်၊

၅။ သုသာန်၌ရောက်ပြီး တစ်ဖန် ဆောင်ယူအပ်သောအဝတ်၊

ဆောင် သုသာန်-ဈေး-ကြွက်၊ ချ-မီးစွက် ငါးချက် ပံသုကာ၊
ဆိတ်-နွား-ထူပ၊ ရေချိုးကျ၊ ဆောင်က တစ်နည်းလာ၊

သမ္ပဒါ ၅-မျိုး ဉာတိသမ္ပဒါ ဘောဂသမ္ပဒါ၊ ၂၃၀
အရောဂသမ္ပဒါ သီလသမ္ပဒါ ဒိဋ္ဌိသမ္ပဒါ၊

## ခိုးခြင်း (၅) မျိုး

ထေယျာဝဟာရ-ပုန်းလျှိုးကွယ်လျှိုး မသိအောင်ခိုးခြင်း၊

ပသယှာဝဟာရ-အနိုင်အထက် နှိပ်စက်၍ခိုးခြင်း၊

ပရိကပ္ပါဝဟာရ-ကြံဆမှန်းထားခြင်းရှိသော ခိုးခြင်း၊

ပဋိစ္ဆန္နာဝဟာရ-မြက်စသည်ဖြင့် ဖုံးထားအပ်သော ဘဏ္ဍာကိုခိုးခြင်း၊

http://www.dhammadownload.com



ကုသာဝဟာရ-မဲလိပ်ဖြင့်ခိုးခြင်း၊

မစားထိုက်သော ဝတ္ထု (၅) မျိုး

၁။ လှူသာမဏေ မပေးမကပ်အပ်သောဝတ္ထု၊

၂။ ကပ်နေမှန်း မသိအပ်သောဝတ္ထု၊

၃။ ကပ္ပိမှု မပြုအပ်သောဝတ္ထု၊ ဝါ-မအပ်သော အသား ဘောဇဉ်၊

၄။ အကျပ်မခံအပ်သောဝတ္ထု၊ ၂၃၁

၅။ အတိရိတ်ဝိနည်းကံ မပြုအပ်သောဝတ္ထု၊

ဆောင် ပေး-သိ-ကပ္ပိ၊ ခံ-တိရိ၊ ငါးလီ အပ်သုံးဆောင်၊

ပဥ္စ ဒါနာနိ အပုညာနိ ပုညသမ္မတာနိ

၁။ သေရည်စသောအလှူ၊ ၂။ ပွဲသဘင်အလှူ၊

၃။ မိန်းမအလှူ၊ ၄။ နွားလားဥသဘအလှူ၊

၅။ ဆန်းကြယ်စွာ ပြုအပ်သော မိန်းမရုပ် ယောက်ျားရုပ်အလှူ၊

ဆောင် သေ-ပွဲ-ဣတ္ထိ၊ နွားလားထည့်၊ ဆန်းဘိ အပုညာ၊

ပယ်ဖျောက်နိုင်ခဲသောအရာ (၅) မျိုး

ဖြစ်ပေါ်လာသောရာဂ၊ ဖြစ်ပေါ်လာသော ဒေါသ၊ ဖြစ်ပေါ်လာသော မောဟ၊ ရှေးရှုထင်လာသောဉာဏ် (ဉာဏ်အား ရှေးရှုထင်လာသော စကား) ခရီးသွားလိုသောစိတ်၊ ၂၃၁

တံမြက်လှည်းခြင်းအကျိုး

၁။ မိမိစိတ်ကြည်လင်ခြင်း၊ ၂။ သူတစ်ပါးစိတ် ကြည်လင်ခြင်း၊

၂။ စိတ်ကြည်လင်ခြင်းကို ဖြစ်စေတတ်သော (ရုပ်အဆင်းလှကြောင်း)ကံကို ဆည်းပူးရာ ရောက်ခြင်း၊

http://www.dhammadownload.com



၄။ နတ်တို့ဝမ်းမြောက်ခြင်း၊

၅။ သေလျှင်နတ်ပြည် ရောက်ရခြင်း၊ (တစ်နည်း အစ ၃-ပါးတူ)

၆။ ဘုရားအဆုံးအမတော်(သေနာသနဝတ်)ကို ပြုရာရောက်ခြင်း၊

၇။ နောင်လာနောက်သား ရဟန်းများ အတုလိုက်ခြင်း၊

ဆောင် မိမိသူတစ်ပါး၊ နှစ်ပါးစိတ်ကြည်၊
ဒေဝါနတ်များ သနားချစ်သည်၊
လှဂုဏ်ကြွလို့၊ လားရ နတ်ပြည်၊
တံမြက်ရှင်း၊ လက်ငင်း ကျိုးငါးလီ၊

ဗာလဝိနယဓရ အင်္ဂါ(၅)ပါး

၁။ မိမိပြောဆိုထိုက်သောစကား၏ အဆုံးအပိုင်းအခြားကို စိတ်ဖြင့်မယူ၊

၂။ တစ်ပါးသော စောဒက စုဒိတက ပြောဆိုထိုက်သော စကား၏ အဆုံးအပိုင်းအခြားကို စိတ်ဖြင့်မယူ၊

၃။ မိမိ သူတစ်ပါးပြောဆိုထိုက်သောစကား အဆုံးအပိုင်း အခြားကို စိတ်ဖြင့် မယူမူ၍၊

၄။ မဟုတ်မှန်သော ဝတ္ထုဖြင့် ဆုံးဖြတ်ခြင်း၊

၅။ ဝန်မခံဘဲ ဆုံးဖြတ်ခြင်း၊ ၂၃၁

တောရဆောက်တည်သူ ရည်ရွယ်ချက်

၁။ ညံ့သည်၏အဖြစ်ကြောင့် လွန်စွာတွေဝေသည်၏အဖြစ်ကြောင့်၊

၂။ ပါပိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ၊

၃။ ဥမ္မာဒါ စိတ္တက္ခေပါ အာရညိကောဟောတိ၊

http://www.dhammadownload.com



၄။ "ဝဏ္ဏိတံ ဗုဒ္ဓေဟိ ဗုဒ္ဓသာဝကေဟီ"တိ အာရည်ကော၊
၅။ ပစ္စည်း ၄-ပါးတို့၌ နည်းသောအလိုကိုသာ ရရသမျှ ပစ္စယဖြင့် အားရနှစ်သက်ခြင်းကိုသာ ကာယဝိဝေကစသော ဝိဝေက တရားကိုသာ ဤအရညာဝါသ ကလျာဏပဋိပတ်ဖြင့် အကျိုးရှိသူ၏အဖြစ်ကိုသာမှီ၍ တောရဆောက်တည်ခြင်း၊
(ကြွင်း ၁၂ ပါး နည်းမှီဆိုပါ)၊ ၂၃၃

ဆရာကိုမှီ၍နေရမည့် ရဟန်းအင်္ဂါ (၅)ပါး
ဥပုသ်ကိုမသိ၊ ဥပုသ်ကံကိုမသိ၊ ပါတိမောက်ကိုမသိ၊
ပါတိမောက္ခုဒ္ဒေသကို မသိ၊ ငါးဝါမပြည့်ခြင်း၊

ဆောင် ဥပုသ်ကံထုတ်၊ မောက္ခုဒ္ဒေသံ၊ ဉီနံပဉ္စ၊ မှတ်ကုန်ကြလော၊

ကြည်ညိုဖွယ် မဆောင်လျှင် အပြစ်(၅)မျိုး
၁။ မိမိကိုယ်ကို မိမိစွပ်စွဲခြင်း၊
၂။ ပညာရှိတို့ဉာဏ်ဖြင့်သက်ဝင်၍ ကဲ့ရဲ့ကြခြင်း၊
၃။ မကောင်းသော ကျော်ဇောသံ ပြန့်နှံ့၍ တက်ခြင်း၊
၄။ တွေတွေဝေဝေ သေရခြင်း၊
၅။ သေလျှင် ငရဲရောက်ရခြင်း၊ ၂၃၅

အိမ်သို့ကပ်ရောက်သောရဟန်း အပြစ်(၅)မျိုး
၁။ အနာမန္တစာရ သိက္ခာပုဒ်ကြောင့် အာပတ်သင့်ခြင်း၊
၂။ ရဟောနိသဇ္ဇ သိက္ခာပုဒ်ကြောင့် အာပတ်သင့်ခြင်း၊
၃။ မာတုဂါမ ပဋိစ္ဆန္န နိသဇ္ဇသိက္ခာပုဒ်ကြောင့် အာပတ်သင့်ခြင်း၊

http://www.dhammadownload.com



၄။ မာတုဂါမအား ၅-ခွန်း ၆-ခွန်းထက်အလွန် တရားဟော ခြင်းကြောင့် အာပတ်သင့်ခြင်း၊ ၂၃၅

၅။ များသော ကာမဂုဏ်နှင့်စပ်သော အကြံရှိခြင်း၊

လူတို့နှင့်ရောနှောသော ရဟန်းအပြစ်(၅)ပါး

မာတုဂါမသဿ အဘိဏှဒဿနံ၊ ဒဿနေ သတိ သံသဂ္ဂေါ သံသဂ္ဂေ သတိ ဝိဿာသော၊ ဝိဿာသေ သတိ ဩတာရော (ကိလေသာတို့၏ အတွင်း၌ သက်ရောက်ခြင်း)၊ ဩတိဏ္ဏစိတ္တ ဿေတံ ဘိက္ခဝေ ဘိက္ခုနော တံ ပါဋိကင်္ခံ အနဘိရတော ဝါ ဗြဟ္မစရိယံ စရိဿတိ၊ အညတရံ ဝါ သံကိလိဋ္ဌံ အာပတ္တိံ အာပဇ္ဇိဿတိ၊ သိက္ခံ ဝါ ပစ္စက္ခာယ ဟီနာယာဝတ္တိဿတီတိ၊

ပဉ္စ ဗီဇဇာတာနိ (မျိုးစေ့ကြောင့်ဖြစ်သော သစ်ပင်)

၁။ အမြစ်ဟူသော မျိုးရှိသောသစ်ပင်၊

၂။ ပင်စည်ဟူသော မျိုးရှိသောသစ်ပင်၊

၃။ အဆစ်ဟူသော မျိုးရှိသောသစ်ပင်၊

၄။ အညွန့်ဟူသော မျိုးရှိသောသစ်ပင်

၅။ အစေ့သာလျှင်ဖြစ်သော မျိုးရှိသောသစ်ပင်၊

ဆောင် မြစ် ဆစ် ပင်စည်၊ ညွန့်စေ့မှီ၊ ငါးလီ ဗီဇဂါမ်၊

ဝိသုဒ္ဓိ(၅)မျိုး ပါတိမောက္ခုဒ္ဒေသ (၅)မျိုးနှင့်တူ၊

ဝိနည်းဆောင်ခြင်း အကျိုး (၅)မျိုး

၁။ အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိတော၊

၂။ ကုက္ကုစ္စပကတာနံ ပဋိသရဏံ ဟောတိ၊

http://www.dhammadownload.com



၃။ ဝိသာရဒေါ သံဃမၛ္ဈေ ဝေါဟရတိ၊ ၂၃၆
၄။ ပစ္စတ္တိကေ သဟာဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ၊
၅။ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ၊

ဆောင် လုံခြုံ လည်းလျှောင်း၊ ပြောနိုင်ကြောင်း၊
နှိပ်တောင်း-ရှည်အောင်ကျင့်၊

ဆ ကမ္မာနိ ကံ (၇)မျိုးတွင် ၅-နှင့် ၆-ကိုပေါင်း၍ တစ်ခုတည်းယူ၊

သူတော်ကောင်းတရား ၇-ပါး

သဒ္ဓေါ ဟိရိမာ ဩတ္တပ္ပီ ဗဟုဿုတော
အာရဒ္ဓဝီရိယော ဥပဋ္ဌိတဿတိ ပညဝါ၊ ၂၄၃

တဏှာမူလကတရား ၉ ပါး

ဆောင် ရှာ-ရ-ဆုံးဖြတ်၊ သုံးသပ်မျိုသိပ်၊ သိမ်းပိုက်-ဝန်တို၊
ဘေးကိုစောင့်ရှောက်၊ ထို့နောက် ဒုတ် ဓား
အစပွားသည်၊ မှတ်သား တဏှာမူလကတည်း၊၂၄၅

မေတ္တာအကျိုး (၁၁)မျိုး

ဆောင် ချမ်းသာ အိပ် - နိုး၊ အဆိုးမမက်၊ လူနတ်ချစ်ခင်၊
စောင့်-ရန်ကင်းရှင်း၊ စိတ်လျင်းတည်ထ၊ လွန်လှပ၍
သေက မတွေ၊ ပြဟ္မာ့ပြေ၊ ရောက်လေ မြဲ့သေချာ၊

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ မကောင်းသော အိပ်မက် မမြင်မက်ခြင်း၊
၄။ လူချစ်ခြင်း၊ ၂၄၉

http://www.dhammadownload.com



၅။ နတ်ချစ်ခြင်း၊ ၆။ နတ်စောင့်ရှောက်ခြင်း၊

၇။ မေတ္တာပွါးသူ၏ကိုယ်သို့ မီး အဆိပ် လက်နက် မသက်ရောက်ခြင်း၊

၈။ သမာဓိရလွယ်ခြင်း၊ ၉။ မျက်နှာအဆင်း အထူးကြည်လင်ခြင်း၊

၁၀။ မတွေဝေဘဲ သေရခြင်း၊ ၂၄၉

၁၁။ မေတ္တာစျာန်ထက် အလွန်ဖြစ်သော အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိလသော် ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်း၊

နိဿျ မေတ္တာယ-မေတ္တာနှင့်ယှဉ်သော၊ စေတောဝိမုတ္တိယာ စိတ်၏ ဆန့်ကျင်ဘက် နီဝရဏတို့မှ လွတ်သော သမာဓိ၏၊ ဝါ-ကို၊ အာသေဝိတာယ-အစမှစ၍ မှီဝဲအပ်သော်၊ ဘာဝိတာယ-မိမိသန္တာန်၌ ဖြစ်စေအပ်ပြီးသော်၊ ဝါ-တိုးတက်ပွားများစေအပ်ပြီးသော်၊ ဗဟုလီကတာယ-မများသော်လည်း များသကဲ့သို့ပြုအပ်ပြီးသော်၊ ဝါ-ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ပြီးသော်၊

ယာနီကတာယ-ကပ်ယှဉ်အပ်သော ယာဉ်ကဲ့သို့ ပြုအပ်ပြီးသော်၊ ဝတ္ထုကတာယ-သမ္ပတ္တိတို့၏ တည်ရာဖြစ်လောက်အောင် ပြုအပ်ပြီးသော်၊ အနုဋ္ဌိတာယ-အဖန်ဖန်တည်စေအပ်ပြီးသော်၊ ဝါ-အမြဲဆောက်တည်ထားအပ်ပြီးသော်၊ ပရိစိတာယ-ထက်ဝန်းကျင် အရပ်မျက်နှာတို့၌ စီထားအပ်ပြီးသော်၊ သုသမာရဒ္ဓါယ-ကောင်းစွာအားထုတ်အပ်ပြီးသော်၊ ၂၄၉

http://www.dhammadownload.com



### အစ အလယ် အဆုံး

ဂါထာ သာမဂ္ဂီ ကိရိယာ နိဒ္ဒေ၊ ဥပေါသထ ပဝါရဏာ၊
ဝတ္တုစ ပုဂ္ဂလော ဉတ္တိ၊ ကမ္မဝါစာတိ တံသဗ္ဗာ၊
ဝတ္ထုနာ ပဋိပဿဒ္ဓိ၊ ပုဂ္ဂလော ရူပသမ္ပဒါ၊ ၂၅၀

ကာယသာမဂ္ဂီသည် ဥပုသ်ကံ၏ အစ၊
ပါတိမောက္ခ ပြသာရဏာကိရိယာသည် အလယ်၊
ပါတိမောက် ရွတ်ပြမှု ပြီးဆုံးခြင်းသည် အဆုံး၊

ပဝါရဏာ

ကာယသာမဂ္ဂီသည် ပဝါရဏာကံ၏ အစ၊
ပဝါရဏာဥတ် ပဝါရဏာဉတ်ကို ရွတ်ဆိုခြင်းသည် အလယ်၊
သံဃနဝကရဟန်း၏ ရွတ်ဆိုမှု ပြီးဆုံးခြင်းသည် အဆုံး၊

တဇ္ဇနီယစသော ကံ(၅)ပါး ပရိဝါသ် ပေးခြင်း အရင်းငင်ခြင်း
မာနတ်ပေးခြင်း အဗ္ဘာန်သွင်းခြင်း

ဝတ္ထု ပုဂ္ဂိုလ်သည် အစ၊ ဉတ်သည် အလယ်၊
ကမ္မဝါစာသည် အဆုံး၊

တဇ္ဇနီယစသော ကံ(၅)ပါး ငြိမ်းခြင်း

သမ္မာဝတ္တနာ အာဒိ၊ ဉတ္တိ မဇ္ဈေ၊ ကမ္မဝါစာ ပရိယောသာနံ၊
ဥပသမ္ပဒါကံ၏ စလယ်ဆုံး ပုဂ္ဂိုလ် ဉတ် ကမ္မဝါစာ၊

http://www.dhammadownload.com



### ‹ သိက္ခာပုဒ်ပညတ်ရခြင်းအကျိုး (၁၀)ပါး

ဂါထာ သုင်္ဃုစ ဖာသု ဟောတိ၊ နိဂ္ဂဟာ စေဝ ဒုမ္မင်္ကူ၊ ၂၅၃
ပေသလာနံ ဖာသုတာယ၊ အာသဝါနံ စ သံဝရာ၊
ဒိဋ္ဌဓမ္မိကာ စ ပဋိဃာ၊ အပ္ပသန္နာနံ စ ပသာဒါ၊
ပသန္နာနံ ဘိယျောဘာဝါ၊ ဝိနယာနုဂ္ဂဟာယ ဋ္ဌိတိယာ၊

အကြောင်း(၁၀၀) အကျိုး(၁၀၀) သဒ္ဒါ(၂၀၀) ဉာဏ်(၄၀၀)

### သံခလိကနည်းအားဖြင့်(၁၀)ပါး

ရှေးရှေးပုဒ်ကို နောက်နောက်ပုဒ်နှင့် တွဲ၍ပြခြင်းသည် သံကွင်းချင်း ဆက်ပုံနှင့်တူသောကြောင့် သံခလိကနည်း။ ဤသံခလိကနည်း၌ သံကွင်းချင်းဆက်ပုံနှင့်တူအောင် ယံ ဝိနယာနုဂ္ဂဟာယ၊ တံ သံဃသုဋ္ဌု တစ်ပုဒ်ကို ထည့်ပါ၊ ဝိမတိဋီကာ-ပ-၁၀၇

### ဧကမူလကနည်းအားဖြင့်(၉၀)

သံဃသုဋ္ဌုကို မူတည်၍ သံဃဖာသု-စသော ၉-ပါးကိုမူလီသွတ်လျှင် ၉-ဝါရ၊ ထိုအတူ သံဃဖာသုစသည်ကို မူတည်၍ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ စသည်ကို မူလီသွတ်သောအားဖြင့် (၉)ဝါရစီ ရသောကြောင့် အားလုံးဝါရပေါင်း (၉၀) ဖြစ်၏၊ တစ်ဝါရလျှင် ရှေးရှေးအကြောင်း ၉-ပါး၊ နောက်နောက်အကျိုး ၉-ပါးစီရှိရကား အကြောင်း-၉၀၊ အကျိုး-၉၀ ဖြစ်၏၊ သံခလိကနည်း၌ ပြခဲ့သော အကြောင်း ၁၀-ပါး၊ အကျိုး ၁၀-ပါးနှင့် ပေါင်းသော် အကြောင်း(၁၀၀)၊ အကျိုး(၁၀၀) သဒ္ဒါ(၂၀၀) ဉာဏ်(၄၀၀)ဖြစ်သည်၊

http://www.dhammadownload.com



## သိက္ခာပုဒ်ပညတ်ရာမြို့ (၇)မြို့

ဝေသာ-ရာဇ ‌သာဝ သုံးလီ၊ အာဠဝီအား၊ ထည့်ငြား သမ္ဘိ၊
သက္က-ဘဂ္ဂ၊ မှတ်ပအညီ၊ ဘုရားဟော၊ မှတ်လော ခုနစ်ပြည်၊

### မြို့(၇)မြို့၌ ပညတ်အပ်သောသိက္ခာပုဒ်

ဆောင် ဝေသာလီ ဒသပ၊ ရာဇ၌ ဧကဝီ၊ ၂၅၄

သာဝတ္ထိ နှစ်ကိုးလေး၊ တွေးမှတ်တော့ ညီ
ခြောက်ခုမျှ အာဠဝိဝယ်၊ ကောသမ္ဘိ ရှစ်ပါး
သက္ကတဲ့နေပြည်၊ ရှစ်ခုမှန် အညီပ၊
ဘဂ္ဂပြည် သိက္ခာသုံးကို၊ ဘုန်း မှတ်တော့မင်း၊

### ဝေသာလီ၌ သိက္ခာပုဒ် ၁၀-ပါး၊

မေထုနဝိဂ္ဂဟုတ္တရိ၊ အတိရေကဥ္စ ကာဠကံ၊
ဘူတံ ပရမ္ပရာဘတ္တံ၊ ဒန္တပေါဏေန စေလကော၊
ဘိက္ခုနီသုစ အက္ကောသော၊
ဒသေတေ ဝေသာလိယံ ကတာ၊

### အာဠဝီ၌ သိက္ခာပုဒ်(၆)ပါး

ကုဋိ ကောသိယ သေယျာစ၊ ခဏနေ ဂစ္ဆ ဒေဝတော၊
သပ္ပါဏကဉ္စ သိဉ္စန္တိ၊ ဆ ဧတေ အာဠဝိယံ ကတာ၊

### ကောသမ္ဗီ၌ သိက္ခာပုဒ်(၈)ပါး

မဟာဝိဟာရော ဒေါဝစဿံ၊ အညံ ဒွါရံ သုရာယစ၊
အနာဒရိယံ သဟဓမ္မော၊ ပယောပါနေန အဠမံ၊

http://www.dhammadownload.com



သက္ကတိုင်း၌ သိက္ခာပုဒ်(၈)ပါး

ဋ္ဌေကလောမာနိ ပတ္တော စ၊ ဩဝါဒေါ စေဝ ဘေသဇ္ဇံ
သူစိ အာရညကော စေဝ၊ အဋ္ဌေတေ ကာပိလဝတ္ထဝေ၊

ဘဂ္ဂတိုင်း၌ သိက္ခာပုဒ် (၃)ပုဒ်

ဇောတိသိက္ခာပုဒ်၊ သာမိသသိက္ခာပုဒ်၊ သသိတ္ထကသိက္ခာပုဒ်၊

စတ္တာရိ အနညပါစိတ္တိယာနိ

အနုပခဇ္ဇ ဥယျောဇနာ၊ ကုက္ကုစ္စဥပဒဟနာ၊ ဥပဿုတိသိက္ခာပုဒ်၊

စတုန္နံ အဓိကရဏာနံ ဒသ ဥက္ကောဋနာ

ဝိဝါဒါဓိကရုဏ်း ၂-ပါး၊ အနုဝါဒါဓိကရုဏ်း ၄-ပါး၊
အာပတ္တာဓိကရုဏ်း ၃-ပါး၊ ကိစ္စာဓိကရုဏ်း ၁-ပါး၊

ဒွါဒသ ဥက္ကောဋနာ

အကတံ ကမ္မံ၊ ဒုက္ကဋံ ကမ္မံ၊ ပုန ကာတဗ္ဗံ ကမ္မံ၊
အနိဟတံ၊ ဒုန္နိဟတံ၊ ပုန နိဟာနိတဗ္ဗံ၊
အဝိနိစ္ဆိတံ၊ ဒုဝိနိစ္ဆိတံ၊ ပုန ဝိနိစ္ဆိတဗ္ဗံ၊ ၂၆၄
အဝူပသန္တံ၊ ဒုဝူပသန္တံ၊ ပုန ဝူပသမေတဗ္ဗံ၊
ဆောင် ကတ နိဟ၊ ဝိနိစ္ဆနှင့်၊ ဝူပသန္တံ၊ ဤလေးတန်ဝယ်၊
အ-ဒု-ပုန၊ ကာတဗ္ဗ၊ သုံး၀ လဲလှယ်သွင်း၊

ဒသဟာကာရေဟိ ဥက္ကောဋနံ ပသဝတိ

